# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ရှုသော သူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 11 February 2018 ၉၁၉၇


# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်ဧည့်ခံပွဲ ကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်း တက်ရောက်ချီးမြှင့်



တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်ဧည့်ခံပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် ဇနီးတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၏ နေအိမ်၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး ဒေါ်မေယဉ်ထွန်းတို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့်သံတမန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ဤတစ်နှစ်တာကာလတွင် မြန်မာနိုင်ငံ အသွင်ကူးပြောင်းမှုသည် ခြေလှမ်းမှန်မှန်နှင့် တိုးတက်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းတွင် ခြေလှမ်းသစ်လှမ်းချီနိုင်ခဲ့ပါကြောင်း၊ မြန်မာ့နိုင်ငံရေးအခြေအနေသည် တည်ငြိမ်ပြီး စီးပွားရေးအဆက်မပြတ် တိုးတက်လာနေပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်သည် အခက်အခဲများကြားမှ တိုးတက်လျက်ရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကာ ရခိုင်ပြည်နယ် အရေးကိစ္စတွင်လည်း မှန်ကန်သည့် လားရာဆီသို့ ဦးတည်လျက် ကောင်းမွန်စွာဖြေရှင်းလျက်ရှိပါကြောင်း၊ ရှေ့ကိုချီတက်သည့်လမ်းကြောင်းတွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

## အကြမ်းဖက်သူများမဟုတ်ကြောင်း ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၁) ရက်**
**၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်**
**အကြမ်းဖက်သူများမဟုတ်ကြောင်း ထုတ်ပြန်ခြင်း**

နိုင်ငံတော်သမ္မတသည် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အောက်ပါအဖွဲ့အစည်းများအား အကြမ်းဖက်သူများမဟုတ်ကြောင်း ထုတ်ပြန်လိုက်သည်-

၁။ မွန်ပြည်သစ်ပါတီ
(New Mon State Party-NMSP)

၂။ လားဟူဒီမိုကရက်တစ်အစည်းအရုံး
(Lahu Democratic Union-LDU)

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ
ပြည်ထောင်စုဝန်ကြီး

## မတရားအသင်းအဖြစ်မှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၁) ရက်**
**၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်**
**မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတသည် မတရားအသင်းများ အက်ဥပဒေအရ အောက်ပါအဖွဲ့အစည်းများအား မတရားအသင်းအဖြစ်မှ ပယ်ဖျက်လိုက်သည်-

၁။ မွန်ပြည်သစ်ပါတီ
(New Mon State Party-NMSP)

၂။ လားဟူဒီမိုကရက်တစ်အစည်းအရုံး
(Lahu Democratic Union-LDU)

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ
ပြည်ထောင်စုဝန်ကြီး

## (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်း အခမ်းအနားအား ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း(NRC)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ မြဝတီ(MWD)၊ MWD(Variety)၊ MITV၊ mntv၊ Sky Net Up to Date၊ Sky Net တိုင်းရင်းသား၊ MIR(Radio) နှင့် MRTV Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017

# ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊

## ကြေးမုံ

# စည်းလုံးရေးအင်အား အခိုင်အမာတည်ဆောက်

ကမ္ဘာပေါ်ရှိ နိုင်ငံများအချင်းချင်း ပေါင်းသင်းဆက်ဆံကြရာတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ဘက်မလိုက်ရေး စသည့် ဆိုင်ရာဆိုင်ရာ မိတ်ဖက်နိုင်ငံများအလိုက် သတ်မှတ်ထားသည့် အခြေခံမူများနှင့်အညီ ကျင့်သုံးဆက်ဆံကြသည်။ သို့ရာတွင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေး မတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု ယိုင်နဲ့ပြီး ပြည်တွင်းရေးပြဿနာများ၊ လက်နက်ကိုင် ပဋိပက္ခများ၊ အချုပ်အခြာအာဏာ ထိပါးစော်ကားမှုများ၊ ပြည်ပကျူးကျော်မှုများ ဖြစ်လာပါက နိုင်ငံအချင်းချင်း ဆက်ဆံမှုတွင် အခက်အခဲရှိနိုင်သည်။

နိုင်ငံအချင်းချင်း ဆက်ဆံကြရာ၌ ရိုးရှင်းသောမိတ်ဆွေများအနေဖြင့် ထိုနိုင်ငံ၏အရေးအပေါ် စာနာထောက်ထားခြင်း၊ အခွင့်သာလျှင် ကူညီခြင်းတို့ ဆောင်ရွက်ပေးတတ်သည်။ သို့သော် ကိုယ့်ဝမ်းနာ ကိုယ်သာသိ၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး ဆိုသကဲ့သို့ မိမိတို့၏ပြည်တွင်းရေးကို မိမိတို့ကိုယ်တိုင်သာ ဖန်တီးဖြေရှင်းကြရသည်။ မိမိတို့၏ ပြည်တွင်းရေးကို ဖြေရှင်းကြရာ၌ ပြည်တွင်းစည်းလုံးမှုသည် အဓိကကျသလို အောင်ရာအောင်ကြောင်း ဆောင်ရွက်နိုင်သည့် သမိုင်းအစဉ်အလာလည်း ရှိခဲ့သည်။

ပြည်တွင်း မငြိမ်သက်မှု၊ စည်းလုံးညီညွတ်ရေး ပျက်ပြားမှုတို့ကြောင့် လက်နက်စွဲကိုင် တိုက်ခိုက်ကြပြီး ပြိုကွဲပျက်စီးကြေမွနေသော နိုင်ငံအချို့ကို မျက်မှောက်ကာလတွင် မြင်တွေ့နိုင်သည်။ ထိုအခါ သူ့လူ၊ ငါ့ဘက် ဝင်ရောက်ကျူးကျော် တိုက်ခိုက်မှုများ ပါလာသည်။ ကမ္ဘာ့နိုင်ငံများ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးတို့ ပျောက်ကွယ်သွားသည်။ မြေစာပင်များမှာ အပြစ်မဲ့ပြည်သူများဖြစ်သည်။ ပြည်သူများ သေဆုံးဒဏ်ရာရကြသည်။ စစ်ဘေးဒုက္ခသည်များ ဖြစ်ကြရသည်။ ထိုကဲ့သို့သော ဖြစ်ရပ်များကို ဆီးရီးယား၊ အီရတ်၊ အာဖဂန်နစ္စတန်နိုင်ငံများတွင် မြင်တွေ့နိုင်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုများ စုပေါင်းနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ လူမျိုးများအားလုံး၏ အခြေတည်စ မူရင်းဒေသမှာ အာရှတိုက်အလယ်ပိုင်းဖြစ်သည်။ ကမ္ဘာကြီးဖြစ်တည်စက ရေထုကြီး ဖုံးလွှမ်းလျက်ရှိရာ ကမ္ဘာ့အမြင့်ဆုံး အာရှကုန်းပြင်မြင့်တွင် လူသားများ စတင်ဖြစ်တည်လာပြီးနောက် အကြောင်းအမျိုးမျိုးဖြင့် သင့်ရာအရပ်များသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ထိုလူမျိုးများတွင် မူလဘူတ ပထဝီဝင်အနေအထားအရ အသွေးအရောင်ဓလေ့စရိုက်များ ကွဲပြားခြားနားကြသော်လည်း မြန်မာပြည်အတွင်း ရှေးနှစ်ပေါင်းထောင်ချီကတည်းက အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြသည်။

မြန်မာပြည်အတွင်းမှ တိုင်းရင်းသားလူမျိုးများ အတူတကွနေထိုင်လာခဲ့ကြရာတွင် မိသားစုအတွင်း ညီအစ်ကိုမောင်နှမအချင်းချင်း တစ်ခါတစ်ရံ အခန့်မသင့်၍ ခိုက်ရန်ဖြစ်ပွားလျှင်လည်း အချိန်ကာလတစ်ခုမျှသာ ကြာမြင့်တတ်ပြီး ပြန်လည်သင့်မြတ်ကြသကဲ့သို့ လုံးဝပြိုကွဲပျက်စီးသွားခြင်း မရှိချေ။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းတစ်ပါးမှ ဝင်ရောက်ကျူးကျော်သည့် စစ်ပွဲကာလများမှလွဲ၍ ပြိုကွဲပျက်စီးခြင်းမရှိဘဲ နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။

တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်သော မြန်မာနိုင်ငံတော်အဖြစ် ဖြစ်တည်နေပြီး တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ပင် တက်လှမ်းနေပြီဖြစ်သည်။ တိုင်းရင်းသားများ အတူတကွနေထိုင်ခြင်း၊ ရင်းရင်းနှီးနှီးဆက်ဆံခြင်း၊ တစ်ဦးအပေါ်တစ်ဦး နားလည်ခြင်းတို့သည် စည်းလုံးညီညွတ်ခြင်းပင်ဖြစ်သည်။ သွေးကွဲခြင်းဖြင့် ရပ်တည်နေထိုင်ရသော နယ်ချဲ့တို့၏ လုပ်နည်းကိုင်နည်းအတိုင်း လုပ်ကိုင်သွားမည်ဆိုလျှင် ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ဘဲ တိုင်းပြည်ယိုယွင်းယိုင်နဲ့ပြီး တိုင်းတစ်ပါးမှ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအရ စွက်ဖက်ချယ်လှယ်မှုများနှင့် ကြုံတွေ့နိုင်သည်။

ပြည်တွင်းငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ခြင်းသည် တိုင်းပြည်ယိုယွင်းပျက်စီးခြင်းကို ဖြစ်စေနိုင်ပြီး နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကိုပါ ထိခိုက်နိုင်သည်ကို ပြည်တွင်း စည်းလုံးညီညွတ်မှု ပျက်ပြားသွားသော အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အာဖရိကနိုင်ငံများ၏ အနိဋ္ဌာရုံဖြစ်ရပ်များက သင်ခန်းစာပေးနေပေသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လက်ရှိ ဖြစ်ပေါ်နေသော ကွဲပြားမှုများအား ဆင်ခြင်သတိထား၍ ပြည်တွင်း စည်းလုံးရေးအင်အားကို အခိုင်အမာ တည်ဆောက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဒိန်းမတ်နိုင်ငံတို့အကြား Myanmar-Denmark Twinning Program on Renewables နှင့် ပတ်သက်၍ လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာသည် မြန်မာနိုင်ငံအတွင်း လေအားလျှပ်စစ်ထုတ်လုပ်မှု စီမံကိန်းများအတွက် ဖြစ်နိုင်ခြေလေ့လာမှု ဆောင်ရွက်ခြင်း၊ လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် ဒေသများအတွက် Wind Mapping ပြုစုခြင်း၊ လေအားလျှပ်စစ်ဆိုင်ရာ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းနှင့် Grid Codes ပြုစုခြင်း၊ လေစွမ်းအင်နှင့် ပတ်သက်သည့် ပညာသင်ဆုများ ပံ့ပိုးပေးခြင်း၊ ရခိုင်ပြည်နယ် မာန်အောင်ကျွန်း၌ လေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုလေ့လာခြင်း၊ Remote Meter Readings, and Handling of Meter Data and Flexibility of Hydro and Thermal Plants စသည်တို့အား ဒိန်းမတ်နိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ရန်အတွက် ရည်ရွယ်လက်မှတ်ရေးထိုးခြင်း ဖြစ်ကြောင်း၊ ထို့အပြင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E.Mr. Peter Lysholt Hansen က မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E.Mr. Peter Lysholt Hansen တို့သည် မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ကုန်တင်ယာဉ်များ သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်ဖြတ်သန်းသွားလာရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် လမ်းများပေါ်ရှိ B.O.T လမ်း၊ တံတားတိုးလ်ဂိတ်များတွင် တပ်ဆင်အသုံးပြုသည့် ကတ္တားများသည် ဂိတ်တစ်ခုနှင့်တစ်ခု အလေးချိန်ကွာဟမှုကြောင့် တိုးလ်ဂိတ်များတွင် မကြာခဏ အငြင်းပွားမှုရှိလာသဖြင့် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိသည့် ကတ္တားကုမ္ပဏီတို့ဖြင့် ဇန်နဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ လမ်း၊ တံတားတိုးလ်ဂိတ်များတွင်ရှိသော ကတ္တားများအားလုံးကို အလေးချိန်စံကိုက်ညှိခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထိုသို့ကတ္တားများ အလေးချိန်စံကိုက်ညှိခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်ကာလအတွင်း တိုးလ်ဂိတ်များတွင် ကုန်တင်ယာဉ်များအား တင်ဆောင်လာသော (ယာဉ်+ကုန်)တန်ချိန်အတိုင်း ဖြေလျှော့ ဖြတ်သန်းခွင့်ပြုပေးလျက်ရှိရာမှ ယခုအခါ ကတ္တားများ အလေးချိန်စံကိုက်ညှိခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ လမ်း၊ တံတားတိုးလ်ဂိတ်များတွင် ကုန်တင်ယာဉ်များကို ကတ္တားချိန်တွယ်ရာ၌ ၎င်းတိုးလ်ဂိတ်ရှိ ကတ္တား၏ အလေးချိန်အတိုင်း သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်ညှော့ခံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အမှာစကားပြောကြားစဉ်။

○ ရှေ့ဖုံးမှ

အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရဆဲဖြစ်သော်လည်း မြန်မာပြည်သူများနှင့် နယ်ပယ်အသီးသီးမှ ပညာရှင်တို့ ယုံကြည်မှုရှိရှိနှင့် စိတ်ရှည်လက်ရှည် ဆောင်ရွက်မည်ဆိုလျှင် မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်သည် ဧကန်မုချ အောင်မြင်နိုင်မည်ဟု မိမိတို့ အခိုင်အမာ ယုံကြည်ပါကြောင်း။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ရခိုင်ပြည်နယ်အရေးကိစ္စတို့တွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနည်းပညာ၊ ဇီဝပတ်ဝန်းကျင်၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ဘေးအန္တရာယ်ကယ်ဆယ်ရေး စသည့်ကဏ္ဍများတွင် မြန်မာနိုင်ငံအတွက် ပြည်သူ့အကျိုးပြုစီမံကိန်းများစွာကို ဖော်ဆောင်ခဲ့ပါကြောင်း၊ မီဒီယာ၊ သာသနာရေး၊ အားကစား စသည့်လူမှုယဉ်ကျေးမှု ကဏ္ဍများတွင်လည်း နှစ်ဦးနှစ်ဖက် ကူးလူးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် တစ်နေ့ထက်တစ်နေ့နက်ရှိုင်းလာပြီး နှစ်နိုင်ငံပြည်သူများ၏ စိတ်ချင်းဆက်နွယ်ခြင်းကို အင်တိုက်အားတိုက် မြှင့်တင်ပေးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အမှာစကားပြောကြားရာတွင် နှစ်နိုင်ငံအကြား ထူထောင်ထားသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အခြေခံကာ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်ဖက်အတူတကွ တိုးချဲ့နက်ရှိုင်းစေနိုင်ခဲ့သဖြင့် ယခုအခါ မိမိတို့နှစ်နိုင်ငံအနေဖြင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံများအဆင့် ဆက်ဆံရေးကို တိုးမြှင့်နိုင်ခဲ့သည်ကိုလည်း မိမိတို့အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင်လည်း နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်ကာ တိုးတက်ခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ထပ်လောင်းအတည်ပြု ပြောကြားလိုပါကြောင်း။

မိမိတို့အစိုးရက အလေးထားဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း တရုတ်အစိုးရအနေဖြင့် အပြုသဘောကူညီပေးလျက်ရှိခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းနှင့် ခိုင်မာစွာရပ်တည်ပေးလျက်ရှိခြင်းတို့အတွက် အခွင့်အခါသင့်ခိုက် မြန်မာအစိုးရကိုယ်စား ကျေးဇူးဥပကာရတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

ဆက်လက်၍လည်း အပြုသဘော ကူညီပံ့ပိုးပေးသွားမည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၀၉ ဘီလီယံ ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ပမာဏ၏ ၂၆ ဒသမ ၄၂ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြစ်၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိနေပါကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုများတွင် ပိုမိုတိုးတက်လျက်ရှိလာသည်ကိုလည်း ဝမ်းမြောက်စွာ တွေ့ရှိရပါကြောင်း၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရန်လည်း နှစ်ဖက်ဆက်လက်ကြိုးပမ်းသွားရန် ဆန္ဒပြုလိုက်ပါကြောင်း။

၂၀၁၈ ခုနှစ်အတွင်း နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်၊ ချမ်းသာကြွယ်ဝစေရန်အတွက် နှစ်နိုင်ငံပြည်သူများအကြား အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများအဖြစ် စိတ်ကောင်းစေတနာအပြည့်နှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် မြန်မာ-တရုတ် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်ဇနီးတို့က စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ **သတင်းစဉ်**



တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် မြန်မာ-တရုတ် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

# အာရှတာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ လမ်းကြောင်း အသိပေးကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲများကို နေပြည်တော်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် ပွဲစဉ်(၁) အမျိုးသား ၁၅၆ ကီလိုမီတာ အာရှတာဝေး စက်ဘီးပြိုင်ပွဲကို နံနက် ၈ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ တာထွက်ပြီး ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း မြို့မဈေးမီးပွိုင့်၊ သပြေကုန်းအဝိုင်း၊ Junction, Capital ၊ ကုံ့ကော်ပန်းအဝိုင်း၊ လယ်ဝေးလမ်းဆုံမီးပွိုင့်၊ Tလမ်းဆုံ၊ နှင်းဆီသုံးခိုင် အဝိုင်းပတ်ပြီး ကုံ့ကော်ပန်းအဝိုင်း၊ သပြေကုန်းအဝိုင်း၊ ကုမုဒြာကြာပန်းအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ဘူတာမီးပွိုင့်၊ ခွာညိုအဝိုင်း၊ ဗုဒ္ဓဂါယာ၊ ၁၅ မိုင် ၆ ဖာလုံ ပြန်ကွေ့ကာ ခွာညိုအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ မန္တလေးလမ်းဆုံ၊ ဝင်းသူဇာလမ်းဆုံ၊ ပြည်ထောင်စုရာထူးဝန်လမ်းခွဲ၊ သ/မ လမ်းဆုံ၊ လွှတ်တော်ရှေ့ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်(၁)၌ ပန်းဝင်မည်ဖြစ်သည်။

ပွဲစဉ်(၂) အမျိုးသမီး ၁၀၆ ကီလိုမီတာ အာရှတာဝေးစက်ဘီးပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ တာထွက်ပြီး ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း မြို့မဈေးမီးပွိုင့်၊ သပြေကုန်းအဝိုင်း၊ ကုံ့ကော်ပန်းအဝိုင်း၊ လယ်ဝေးလမ်းဆုံ မီးပွိုင့်၊ T လမ်းဆုံ၊ နှင်းဆီသုံးခိုင် အဝိုင်းပတ်ကာ လယ်ဝေးလမ်းဆုံ၊ ကုံ့ကော်ပန်းအဝိုင်း၊ သပြေကုန်းအဝိုင်း၊ ရေပန်းဥယျာဉ်ဘေးမှ ကုမုဒြာကြာပန်းအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ခွာညိုအဝိုင်းပတ် ပြန်ကွေ့ပြီး အင်ကြင်းပန်းအဝိုင်း၊ မန္တလေးလမ်းဆုံ၊ ဝင်းသူဇာလမ်းဆုံ၊ သ/မ လမ်းဆုံ၊ လွှတ်တော်ရှေ့မှ ဝဏ္ဏသိဒ္ဓိအဝိုင်း၊ ယင်းမှ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဂိတ်(၁)၌ ပန်းဝင်မည်ဖြစ်သည်။

ပွဲစဉ်(၃)အမျိုးသမီး ကီလိုမီတာ ၇၀ အာရှတာဝေး စက်ဘီးပြိုင်ပွဲကို ညနေ ၄ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ တာထွက်ပြီး ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း မြို့မဈေးမီးပွိုင့်၊ သပြေကုန်းအဝိုင်းပတ်၍ ရေပန်းဥယျာဉ်ရှေ့မှ ကုမုဒြာကြာပန်းအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ခွာညိုအဝိုင်း၊ ဗုဒ္ဓဂါယာမှ ပြန်ကွေ့ကာ အင်ကြင်းပန်းအဝိုင်း၊ မန္တလေးအဝိုင်း၊ ဝင်းသူဇာလမ်းဆုံ၊ သ/မ လမ်းဆုံ၊ လွှတ်တော်ရှေ့မှ ဝဏ္ဏသိဒ္ဓိအဝိုင်း ယင်းမှ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်(၁)၌ ပန်းဝင်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၂ ရက်တွင် အမျိုးသား ၁၇၆ ကီလိုမီတာ အာရှတာဝေး စက်ဘီးပြိုင်ပွဲကို နံနက် ၈ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ တာထွက်ပြီး ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း မြို့မဈေး မီးပွိုင့်၊ သပြေကုန်းအဝိုင်း၊ ကုံ့ကော်ပန်းအဝိုင်း၊ လယ်ဝေးလမ်းဆုံမီးပွိုင့် ၊ T လမ်းဆုံ၊ နှင်းဆီသုံးခိုင် အဝိုင်းပတ်ကာ T လမ်းဆုံ၊ လယ်ဝေးလမ်းဆုံမီးပွိုင့်၊ ကုံ့ကော်ပန်းအဝိုင်း၊ သပြေကုန်းအဝိုင်း၊ ရေပန်းဥယျာဉ်ရှေ့ဖြတ်၍ ကုမုဒြာကြာပန်းအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ဘူတာမီးပွိုင့်၊ ခွာညိုအဝိုင်း၊ ဗုဒ္ဓဂါယာ၊ တပ်ကုန်းသံလမ်းမှ ပြန်ကွေ့ကာ ဗုဒ္ဓဂါယာ၊ ခွာညိုအဝိုင်း၊ ဘူတာမီးပွိုင့်၊ အင်ကြင်းအဝိုင်းမှ မန္တလေးလမ်းဆုံ၊ ဝင်းသူဇာလမ်းဆုံ၊ သ/မ လမ်းဆုံ၊ လွှတ်တော်ရှေ့၊ ဝဏ္ဏသိဒ္ဓိအဝိုင်းမှတစ်ဆင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ် (၁) ၌ ပန်းဝင်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း ပြိုင်ပွဲလမ်း လမ်းတစ်လျှောက်ရှိ သွားလာလှုပ်ရှားနေကြသည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများ၊ လမ်းဖြတ်ကူးသူများအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပြိုင်ပွဲဝင် အားကစားသမားများ အန္တရာယ်ကင်းရှင်းစေရန် စောင့်ဆိုင်းပေးကြရန် အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# အာမခံလုပ်ငန်း အသိပညာပြန့်ပွားရေး ဟောပြော

**တောင်ကြီး ဖေဖော်ဝါရီ ၁၀**

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းနှင့် ပတ်သက်၍ အသိပညာပြန့်ပွားရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ရွှေညောင်မြို့ အမှတ်(၄) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း(တောင်လေးလုံး)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ် တောင်ကြီးမြို့မှ ပြည်နယ်တာဝန်ခံ ဒေါ်ရီရီမြက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဝန်ထမ်းအသက်အာမခံ၊ တောင်သူလယ်သမားအသက်အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံအာမခံနှင့် ခရီးသွားအာမခံလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲသို့ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ အမှတ်(၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ သင်တန်းမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၀**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အကောင်အထည်ဖော်ရေးအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ရှမ်းပြည်နယ်(အရှေ့)ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့်ကျေးရွာများအား စီမံကိန်းလုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲခေါင်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေများအား တစ်ရွာလျှင်ငွေကျပ် သိန်း ၁၀၀ နှင့် ကျေးရွာခြောက်ရွာအတွက် ငွေကျပ်သိန်း ၆၀၀ အား စီမံကိန်းဆောင်ရွက်မည့် ကျေးရွာတာဝန်ခံများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# မြောက်ကိုရီးယား အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က တောင်ကိုရီးယားသမ္မတ မွန်းအား ပြုံယမ်းသို့ ဖိတ်ခေါ်

**ဆိုးလ် ဖေဖော်ဝါရီ ၁၀**
မြောက်ကိုရီးယား အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်းအား မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်လာရောက်ရန် ဖိတ်ကြားခဲ့ကြောင်း တောင်ကိုရီးယားသမ္မတနိုင်ငံ အိမ်ပြာတော်က သတင်းတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

တောင်ကိုရီးယားသမ္မတ မွန်းနှင့် မြောက်ကိုရီးယား အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ် အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး မြောက်ကိုရီးယား အဆင့်မြင့် ကိုယ်စားလှယ်ခေါင်းဆောင် ကင်ယောင်နမ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

သမ္မတမွန်းက မြောက်ကိုရီးယားအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား သမ္မတအိမ်တော်တွင် တွေ့ဆုံကာ နှစ်နိုင်ငံအရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး သုံးနာရီကြာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြောက်ကိုရီးယားအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို မြောက်ကိုရီးယား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကင်ယောင်နမ်က ဦးဆောင်ခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏နှမဖြစ်သူ အာဏာရ ကိုရီးယားအလုပ်သမားပါတီ အမြဲတမ်းကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ကင်ယိုဂျောင်းလည်း ပါဝင်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် မြောက်ကိုရီးယားထိပ်တန်းအရာရှိ ကင်ယောင်နမ်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ပေးစာတစ်စောင်ကို တောင်ကိုရီးယားသမ္မတမွန်းလက်သို့ ပေးအပ်ခဲ့ပြီး သမ္မတမွန်းအား မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်ပါရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

ပြုံယမ်းသို့ ၎င်း၏အလည်အပတ်ခရီးမတိုင်မီ ပြုံယမ်းနှင့် ဝါရှင်တန်တို့အကြား ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်ရန် ကြိုးပမ်းလုပ်ဆောင်သင့်သည်ဟု သမ္မတမွန်းက ပြန်လည်ပြောကြားခဲ့သည်။

သမ္မတမွန်းအနေဖြင့် ပြုံယမ်း၏ဖိတ်ကြားချက်ကို လက်ခံကာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံမည်ဆိုပါက အဆိုပါတွေ့ဆုံမှုသည် သုံးကြိမ်မြောက် ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး ထိပ်သီးအစည်းအဝေးဖြစ်လိမ့်မည်။ နောက်ဆုံးအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည်။

မြောက်ကိုရီးယားက အမေရိကန်နှင့် ချူကလီးယားအရေး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ**






# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် မြောက်ကိုရီးယား ထိပ်တန်းအရာရှိတစ်ဦးတို့ ပထမဆုံးအကြိမ် တွေ့ဆုံ

**ဆိုးလ် ဖေဖော်ဝါရီ ၁၀**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် မြောက်ကိုရီးယားထိပ်တန်းအရာရှိတစ်ဦးဖြစ်သည့် ကင်ယောင်နမ်နှင့် တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပသည့် ပြုံချမ်းဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားမတိုင်မီ ညှော်ကြိုအခမ်းအနားတစ်ခု၌ တွေ့ဆုံစကားပြောကြားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဖေဖော်ဝါရီ ၉ ရက်က ဝန်ကြီးချုပ်အာဘေးနှင့် မြောက်ကိုရီးယားထိပ်တန်းအရာရှိ ကင်ယောင်နမ်တို့သည် ပြုံချမ်းဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပသည့် အားကစားကွင်းအနီးရှိ ဟိုတယ်တစ်ခု၌ ကျင်းပသော ညှော်ကြိုအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ညှော်ကြိုအခမ်းအနားသို့ အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ကင်ယောင်နမ်တို့သည် စားပွဲတစ်ခုတည်းတွင် အတူတကွ ထိုင်ခဲ့ကြသည်။ ညှော်ကြိုအခမ်းအနားပြီးနောက် ၎င်းတို့နှစ်ဦးသည် လက်ဆွဲနှုတ်ဆက်ကာ နှစ်နိုင်ငံအရေးကိစ္စရပ်များကို ငါးမိနစ်ကြာ ပြောကြားခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ဂျပန်နိုင်ငံသားများအရေး အပါအဝင် ပြုံယမ်း ချူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့် ပတ်သက်ပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။ ထို့ပြင် ဝန်ကြီးချုပ်အာဘေးက အဆိုပါအရေးကိစ္စရပ်များတွင် ဂျပန်နိုင်ငံ၏ ရပ်တည်ချက်နှင့် သဘောထားများကို ချပြခဲ့ပြီး ကိစ္စရပ်များဖြေရှင်းနိုင်ရေးအတွက် ပြုံယမ်းအနေဖြင့် နည်းလမ်းကောင်းများ ရှာဖွေသင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ယခုတွေ့ဆုံမှုသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် လက်ထက်တွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် မြောက်ကိုရီးယား ထိပ်တန်းခေါင်းဆောင်တစ်ဦးတို့၏ ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်သည်ဟု မီဒီယာများက သတင်းထုတ်ပြန်သည်။

**အင်န်အိတ်ချ်ကေ**

# ဂျေ-၂၀ အမျိုးအစား ဂျက်တိုက်လေယာဉ်များ တရုတ်လေတပ်တွင် တိုက်ခိုက်ရေးတာဝန် ထမ်းဆောင်

**ပေကျင်း ဖေဖော်ဝါရီ ၁၀**
တရုတ်နိုင်ငံ၏ နောက်ဆုံးပေါ် ရေဒါရှောင်ကွင်းနိုင်သည့် ဂျေ-၂၀ အမျိုးအစား ဂျက်တိုက်လေယာဉ်များသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ပြီဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၉ ရက်တွင် အတည်ပြုပြောကြားသည်။

တိုက်ခိုက်ရေးစွမ်းရည် ပြည့်စုံသည့် ဂျေ-၂၀ အမျိုးအစား ဂျက်တိုက်လေယာဉ် တာဝန်ထမ်းဆောင်ခြင်းသည် အရေးပါသည့် အဆင့်တစ်ခုဖြစ်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)လေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ရှန်ကျန့်က ပြောကြားသည်။

ယင်းတိုက်လေယာဉ်များ လေတပ်ဖွဲ့တွင် တာဝန်ထမ်းစဉ်ကတည်းက တရုတ်လေတပ်မတော်က ၎င်း၏လေသူရဲများနှင့် လေ့ကျင့်သင်ကြားမှုနှင့်လေ့လာမှု တိုးတက်စေရေးအတွက် လုပ်ဆောင်လျက်ရှိသည်။

ဓားရှည်နီ ၂၀၁၇ ဟု အမည်ပေးထားသည့် လေတပ်စစ်ရေးလေ့ကျင့်မှုတွင် ဂျေ-၂၀အမျိုးအစား ဂျက်တိုက်လေယာဉ်များက ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး ယင်း လေ့ကျင့်မှုသည် တရုတ်လေတပ်ဖွဲ့၏ ခေတ်သစ်စစ်ပွဲဆိုင်ရာစွမ်းဆောင်ရည်မြင့်မားရေးအတွက် အခြေခံအဖြစ် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း လေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရေဒါရှောင်ကွင်းနိုင်သည့် ဂျေ-၂၀ အမျိုးအစား ဂျက်တိုက်လေယာဉ်များသည် တိုက်ခိုက်ရေးစွမ်းရည် ပြည့်ဝပြီး တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှု၊ လုံခြုံရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို ပိုမိုကောင်းမွန်စွာ လုံခြုံစေနိုင်စွမ်းရှိမည်ဟု ၎င်းကပြောကြားသည်။

ဂျေ-၂၀အမျိုးအစား တိုက်လေယာဉ်သည် တရုတ်လေတပ်၏ စတုတ္ထမျိုးဆက် တိုက်လေယာဉ်ဖြစ်ပြီး တာလတ်နှင့်တာဝေး ပျံသန်းနိုင်သည်။ ယင်းတိုက်လေယာဉ်အား ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုကို ၂၀၁၁ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလက တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ် ကျူဟိုင်းမြို့တွင် ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် လေကြောင်းပြပွဲ၌ အများပြည်သူသို့ ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့သည်။

၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းက အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျူဟဲစစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးအခြေစိုက်စခန်း၌ ကျင်းပခဲ့သည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် နှစ်(၉၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြပွဲတွင် ဂျေ-၂၀ အမျိုးအစား တိုက်လေယာဉ်များက ပထမဆုံးအကြိမ်အဖြစ် ပျံသန်းစစ်ရေးပြခဲ့သည်။ **ဆင်ဟွာ**



# အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူ ၃၁ ဦးအား တူရကီရဲတပ်ဖွဲ့ဖမ်းဆီး

**အစ္စတန်ဘူ ဖေဖော်ဝါရီ ၁၀**
တူရကီရဲတပ်ဖွဲ့က အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) အဖွဲ့ဝင်များဟု သံသယရှိသူ ၃၁ ဦးအား ဖေဖော်ဝါရီ ၁၀ ရက်က အစ္စတန်ဘူမြို့တွင် ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့သည် တိုက်ခိုက်မှုတစ်ခုပြုလုပ်ရန် ကြိုတင်ပြင်ဆင်နေသူများဖြစ်ကြောင်း တူရကီအစိုးရပိုင် အန်နာဒိုလူသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

မြို့တော်အစ္စတန်ဘူရှိ အရပ်ဒေသသုံးခုအတွင်းရှိ နေရာခြောက်နေရာအား တူရကီရဲတပ်ဖွဲ့က စီးနင်းမှုများပြုလုပ်ခဲ့ကြောင်း အန်နာဒိုလူ သတင်းတွင် ဖော်ပြသော်လည်း အသေးစိတ်ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ တူရကီရဲတပ်ဖွဲ့က လုံခြုံရေးအရ စီးနင်းရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေပြီး ဖမ်းဆီးရမိသူအားလုံးမှာ နိုင်ငံခြားသားများဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ စီးနင်းရှာဖွေမှု ပြုလုပ်စဉ်အတွင်း ရဲတပ်ဖွဲ့အရာရှိများက ဒစ်ဂျစ်တယ်ပစ္စည်းများနှင့် မှတ်စုမှတ်တမ်းများ သိမ်းဆည်းရမိသည်ဟု အန်နာဒိုလူသတင်း၌ ဖော်ပြသည်။

တူရကီနိုင်ငံသည် အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့အား တိုက်ခိုက်နေသည့် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့နှင့် မိတ်ဖက်အဖြစ် ပါဝင်တိုက်ခိုက်နေသည်။

တူရကီနိုင်ငံ အစ္စတန်ဘူမြို့ရှိ ညကပွဲရုံတစ်ရုံအား အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့သည့်တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ မတိုင်မီ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းကတည်းကပင် တူရကီရဲတပ်ဖွဲ့က အိုင်အက်စ်အဖွဲ့နှင့်ဆက်စပ်မှုရှိသည့် သံသယရှိသူများအား ရှာဖွေဖော်ထုတ်သည့် စစ်ဆင်ရေးများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အစ္စတန်ဘူမြို့ ညကပွဲရုံတိုက်ခိုက်ခံရမှုတွင် လူပေါင်း ၃၉ ဦးသေဆုံးခဲ့ရသည်။

အစ္စတန်ဘူမြို့ ညကပွဲရုံတိုက်ခိုက်မှုကို ၎င်းတို့လုပ်ဆောင်ခဲ့ကြောင်း အိုင်အက်စ်အဖွဲ့က ကြေညာခဲ့သည်။ တူရကီနိုင်ငံတွင် မကြာသေးမီနှစ်များအတွင်းက အစီအရီဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများအား ၎င်းဂျီဟတ်ဝါဒီလက်နက်ကိုင်အကြမ်းဖက်သမားများက ကျူးလွန်ခဲ့ကြောင်း ယုံကြည်ရသည်။

**ဆင်ဟွာ**

# အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံ ဆွေးနွေးညှိနှိုင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းများဆိုင်ရာ အာဏာပိုင်အဖွဲ့၏ အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံ ဆွေးနွေးညှိနှိုင်းပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်ကြ

အစည်းအဝေးသို့ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မကွေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ ဦးအောင်ကြည်ညွန့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နီးနွယ်ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်း၊ မြန်မာနိုင်ငံ စားသုံးသူများသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဥရောပသမဂ္ဂ ကုန်သွယ်မှုဖွံ့ဖြိုးရေးအစီအစဉ်မှ ကိုယ်စားလှယ်များ၊ အမေရိကန်ပြည်ထောင်စု ကူညီထောက်ပံ့ရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ စားသုံးကုန်၊ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### စိတ်ချလုံခြုံစွာ သုံးစွဲနိုင်ရေး

အစည်းအဝေးတွင် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အစားအသောက်၊ ဆေးဝါးနှင့် ဆေးပစ္စည်း၊ အလှကုန်/လူသုံးကုန်ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာကိစ္စများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဘေးကင်းစိတ်ချလုံခြုံစွာဖြင့် ပြည်သူအများ သုံးစွဲနိုင်ရေးကိစ္စသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တစ်ခုတည်းအနေဖြင့် မည်မျှပင်ကြိုးပမ်းဆောင်ရွက်သည်ဖြစ်စေ အောင်မြင်မှုများကို ကျယ်ပြန့်စွာရရှိနိုင်ရေးမှာ အလွန်ခက်ခဲပါကြောင်း။

### အထူးအရေးကြီး

အစားအသောက်၊ ဆေးဝါးနှင့်ဆေးပစ္စည်း၊ အလှကုန်/လူသုံးကုန်ပစ္စည်းစသည်တို့ကို ဘေးအန္တရာယ်ကင်းစွာ လုံခြုံစွာ ပြည်သူများစားသုံးနိုင်ရေးအတွက် ယခုအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့မှာ ပါဝင်သောအဖွဲ့များဖြစ်သည့် ပညာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးကော်မတီများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနစသည်ဖြင့် ဌာနဆိုင်ရာများ၏ အလေးထားပူးပေါင်းပါဝင်မှုသည် အထူးအရေးကြီးပါကြောင်း၊ အလားတူလွှတ်တော်အရပ်ရပ်ဖြစ်သော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် အသီးသီးမှလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒေသဆိုင်ရာအစိုးရများမှ လူမှုရေးဝန်ကြီးများ၏ဦးဆောင်ပံ့ပိုးလမ်းညွှန်မှုသည်လည်း အထူးပင်အရေးပါသည်ဖြစ်ပါကြောင်း။

### စည်းကမ်းနှင့်အညီ စိစစ်

ပြည်သူများ၏ အစားအသောက်၊ ဆေးဝါးနှင့် ဆေးပစ္စည်း၊ အလှကုန်/လူသုံးကုန်ပစ္စည်းစသည့် ပစ္စည်းများတွင် မပါသင့်သောအရာများ ဥပမာ(ဆိုးဆေး)စသည့် ပစ္စည်းများ မပါဝင်သင့်သည့်အရာများ ပါဝင်သည်ကို သိရှိရန်နှင့် ယင်းအစားအသောက်များ စားသုံးခြင်းမှ ရှောင်ရှားနိုင်မှု၊ ထုတ်လုပ်သူအမည်၊ သက်တမ်းလွန်ရက်စသည်တို့ ပါဝင်ခြင်းမရှိသော FDA ထောက်ခံချက်မပါရှိသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်စသည်တို့ကို သိရှိနားလည်စွာ ရှောင်ရှားနိုင်ရေးအတွက် တစ်ဖက်မှ အစွမ်းကုန်ကြိုးပမ်းအားထုတ်၍ အသိပညာပေးလုပ်ငန်းများ ပိုမိုအားဖြည့်ဆောင်ရွက်ရမည့်အပြင် တစ်ဖက်မှာလည်း စည်းကမ်းနှင့်အညီစိစစ်၍ ထောက်ခံချက်များပေးခြင်း၊ ဈေးကွက်အတွင်းမှ ဈေးကွက်နမူနာများကောက်ယူ၍ ဈေးကွက်စုံစမ်းထောက်လှမ်းစစ်ဆေးခြင်း တို့ကိုလည်း ယခုထက် ပိုမိုအားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### စမ်းသပ်မှုများ ပိုမိုပြုလုပ်

FDA အနေဖြင့် နိုင်ငံတကာအဆင့်မီ အစားအသောက်ဓာတုဗေဒဆိုင်ရာ ရည်ညွှန်းဓာတ်ခွဲခန်းကို ၁၈-၁-၂၀၁၈ ရက်တွင် ဖွင့်လှစ်ပြီးဖြစ်၍ ဓာတ်ခွဲစစ်ဆေးမှုများကို ပြည်တွင်း၌ပင် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝစွာ စစ်ဆေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်တွင်း၌ရှိသော ဝန်ကြီးဌာနအသီးသီးရှိ ဓာတ်ခွဲခန်းကွန်ရက်နှင့် ချိတ်ဆက်၍ စမ်းသပ်မှုများကို ယခုထက်ပိုမိုပြုလုပ်ကြရန် ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် အစားအသောက်နှင့် ဆေးဝါး ဘေးကင်းလုံခြုံရေးအတွက် မေးခွန်းများမေးမြန်းခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်၊ ဒေါက်တာသန်းအောင်စိုးနှင့် ဦးအောင်ကြည်ညွန့်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ယခုအစည်းအဝေးပွဲကို တက်ရောက်လာကြသော မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအဖွဲ့ အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ငန်းများပြုလုပ်ကြသည့် နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကလည်း ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း။

### အကောင်အထည်ဖော်နိုင်ရေး

တက်ရောက်လာသော ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းဆွေးနွေး၍ ရရှိလာသောရလဒ်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စုစည်း၍ မြန်မာနိုင်ငံတွင် အစားအသောက်နှင့် ဆေးဝါးဘေးကင်းလုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ငန်းများထိရောက်အောင်မြင်စွာနှင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မူဘောင်နှင့် လမ်းစဉ်တစ်ရပ်ကို မကြာမီအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

### ပွင့်ပွင့်လင်းလင်း ဆွေးနွေး

ထို့နောက် အစားအသောက်နှင့် ဆေးဝါးအလှကုန်ပစ္စည်းဆိုင်ရာ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီအမံများ အကောင်အထည်ဖော်နိုင်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများနှင့် ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သန်လျင်မြို့နယ်ရှိ ကင်းထောက်တာဝန်ခံနှင့် တက္ကသိုလ်ကင်းထောက်များအား တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr.Paul Parkinson နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကော်မတီဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ နည်းပညာတက္ကသိုလ်(သန်လျင်) အစည်းအဝေးခန်းမတွင် နည်းပညာတက္ကသိုလ်(သန်လျင်)၊ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်တို့မှ ကင်းထောက်တာဝန်ခံ ဆရာ ဆရာမများ၊ တက္ကသိုလ်ကင်းထောက်ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိဂီက တက္ကသိုလ်၏ ကင်းထောက်ဖွဲ့စည်းလှုပ်ရှားမှုများကို ရှင်းလင်းပြောကြားပြီး အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr.Paul Parkinson က မြန်မာနိုင်ငံ၏ ကင်းထောက်လုပ်ငန်းတိုးတက်မှုအတွက် များစွာကျေနပ်အားရပါကြောင်း၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်အဖြစ် ဂုဏ်ဝင့်စွာရပ်တည်လှုပ်ရှားနေသည်ဖြစ်ရာ လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန် လာရောက်လေ့လာခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာရှပစိဖိတ်ဒေသဆိုင်ရာကင်းထောက်အဖွဲ့ ညွှန်ကြားရေးမှူး Mr.J.Rizal C. Pangilinan နှင့် သက်လတ်ကင်းထောက်များပံ့ပိုးမှု ဆပ်ကော်မတီဥက္ကဋ္ဌ Mr.RajalingamRamasamy တို့က ကင်းထောက်လုပ်ငန်းတာဝန်များ၊ ကင်းထောက်ခံယူချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ယခုကဲ့သို့ တက္ကသိုလ်များ စုပေါင်းထားသည့် ကင်းထောက်အဖွဲ့များအနေဖြင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ခေါင်းဆောင်များနှင့် တွေ့ဆုံခွင့်၊ ဆွေးနွေးခွင့် ရရှိသည်မှာ လွန်စွာထူးခြားသည့် အခွင့်အရေးဖြစ်ကြောင်း ယခုကင်းထောက်မောင်မယ်များ၏ ခံယူချက်အပြည့်ဖြင့် လှုပ်ရှားကြိုးပမ်းမှုများသည် လူငယ်များကို လေ့ကျင့်ပျိုးထောင်မှုအတွက် ကြီးမားသည့် အင်အားတစ်ရပ်ပင်ဖြစ်ကြောင်း၊ တက္ကသိုလ်မှ ပညာပြီးဆုံးသွားပါကလည်း ကင်းထောက်ဘဝကို တစ်သက်လုံးခံယူပြီး မိမိပတ်ဝန်းကျင်အတွက် အကောင်းဆုံး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားပြီး ကင်းထောက်မောင်မယ်များ၏ မေးမြန်းချက်များကို အာရှပစိဖိတ်ဒေသဆိုင်ရာဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားအကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

## နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါနှင့် အထွေထွေရောဂါများကို အခမဲ့စစ်ဆေးကုသပေး

**မင်းတပ် ဖေဖော်ဝါရီ ၁၀**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မင်းတပ်ခရိုင်တောင်တန်းသာသနာပြုဆရာတော်၊ တောင်ပုလု ပရိယတ္တိနှင့်ပဋိပတ္တိကျောင်းတို့ပူးပေါင်း၍ ပြည်သူများအား နှလုံးသွေးကြောရောဂါ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းကို ချင်းပြည်နယ် မင်းတပ်မြို့ တောင်ပုလု ပရိယတ္တိနှင့် ပဋိပတ္တိကျောင်းတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ ဆောင်ရွက်ကြသည်။

အဆိုပါ ကွင်းဆင်းကုသခြင်းလုပ်ငန်းသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးသွေးကြောရောဂါ ဌာနမှ ပါမောက္ခ ဒေါက်တာနွယ်နွယ်၊ နှလုံးရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာယဉ်နွယ်ထွန်း၊ ဒေါက်တာသက်လယ်ဆွေအေးနှင့် တာဝန်ရှိသူများ၊ ဆရာဝန်၊ ဆရာမများက ပြည်သူ၏ နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါနှင့် အထွေထွေရောဂါ စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ကြရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာစိုးလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်၊ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်း၊ ချင်းပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာနှင်းပပခိုင်နှင့်အဖွဲ့က လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသည်။

ကွင်းဆင်းကုသခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် သွေးတိုး၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ နှလုံး Echo ရိုက်ပေးခြင်းနှင့်လိုအပ်သောဆေးဝါးများထောက်ပံ့ကုသပေးခြင်းကိုဆောင်ရွက်ခဲ့ရာ လူနာစုစုပေါင်း ၄၂၅ ဦးအား ကုသပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စကောကရင် စာပေနှင့်ယဉ်ကျေးမှု နွေရာသီသင်တန်းပို့ချ

**မင်းလှ ဖေဖော်ဝါရီ ၁၀**

ကရင်တိုင်းရင်းသားများ မိမိတို့၏ ကရင်စကားများ ကျွမ်းကျင်စွာ ပြောဆိုတတ်စေရန်ရည်ရွယ်ပြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စု တာကျိုးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖေဖော်ဝါရီ ၁ ရက်မှစတင်ပြီး စကောကရင်စာပေနှင့် ယဉ်ကျေးမှု နွေရာသီသင်တန်းဖွင့် လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်နှင့် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်ပြီး ကရင်ဆရာမ နော်ထူးရာညွန့်က ဦးဆောင်သင်ကြားလျက်ရှိသည်။ သင်တန်းသို့ ကရင်စာပေဘာသာစကား အားနည်းသူ ဒေသခံ ကရင်လူကြီးလူငယ်များ စိတ်ဝင်တစား တက်ရောက်သင်ကြားကြောင်း၊ သင်တန်းကိုတစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မှတ်တမ်း

## ● ကောင်းစျာန်သိမ်း

*ယမန်နေ့မှအဆက်* »»

ဆက်လက်၍ ဗမာပြည်နဲ့ ပေါင်းလိုက်ရင် ခင်ဗျားတို့အပေါ်မှာ အင်္ဂလိပ်တို့က မအုပ်ချုပ်ရဲတော့ဘူး၊ ခင်ဗျားတို့နယ်ကို ခင်ဗျားတို့အုပ်ချုပ်ရမယ်၊ ဥပမာ-စတီဗင်ဆင်လို အင်္ဂလိပ်အရာရှိက ခင်ဗျားတို့ကို အုပ်ချုပ်စေခိုင်းနေတယ်၊ ဟိုအခါကျရင် သူလိုလူကို ခင်ဗျားတို့က အုပ်ချုပ်စေခိုင်းနိုင်တယ်၊ ဗမာများက ကချင်များအပေါ် စိုးမိုးအုပ်ချုပ်မှာ မဟုတ်ဘူး၊ ကချင်တောင်တန်းနယ်ကို ကချင်များ သဘောကျ အုပ်ချုပ်ကြရမယ်၊ သို့ရာတွင် တစ်ပြည်လုံးနဲ့သက်ဆိုင်တဲ့ ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ စီးပွားရေး စသည်တို့ကိုတော့ ကချင်ဝန်ကြီးများ ပါဝင်တဲ့ အစိုးရအဖွဲ့က ဆောင်ရွက်မှာပဲ၊ ဘာသာရေးမှာလည်း လွတ်လပ်စွာ ကိုးကွယ်ချင်တာကို ကိုးကွယ်နိုင်တယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် မြစ်ကြီးနားနှင့် ငါးမိုင်ခန့်ဝေးသော မန်ခိန်ရွာ စာသင်ကျောင်းဝင်းအတွင်းရှိ မဏ္ဍပ်တွင် ဗိုလ်ချုပ်အောင်ဆန်းအား အထူးယုံကြည်အားထားရသော မိတ်ဆွေဖြစ်ကြောင်း အထိမ်းအမှတ်အဖြစ် ကချင်အမျိုးသားတို့၏ ဓလေ့ထုံးစံအတိုင်း ထမင်းကျွေးခြင်း၊ ဓားလွယ်လက်ဆောင်ပေးခြင်းများ ပြုလုပ်ကြသည်။ ထိုအခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်တော်တို့ လိုလားချက်က ရှမ်းပြည်၊ ဂျင်းဖော၊ ချင်းတောင်တန်းများကို ဘုရင်ခံက တာဝန်မယူဘဲ ထိုတောင်တန်းနယ်များဆိုင်ရာ ရှမ်း၊ ဂျင်းဖော၊ ချင်းအမျိုးသားများအား တာဝန်ပေးကာ ဆောင်ရွက်စေရန် ဖြစ်ပါတယ်၊ ယခုလိုဆောင်ရွက်တာပင် ကျွန်တော်တို့က ဂျင်းဖော စတဲ့ တိုင်းရင်းသားတွေအပေါ်မှာ စေတနာကောင်း ထားကြောင်း၊ ခင်မင်ရင်းနှီးတဲ့ စိတ်ထားရှိကြောင်း သက်သေများပင် ဖြစ်ပါတယ်"ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တောင်တန်းနှင့် ပြည်မ မခွဲခြားရေး၊ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ရေးတို့နှင့်ပတ်သက်၍ ပြောကြားခဲ့သည်။



၁၉၄၆ ခုနှစ် ဒီဇင်ဘာလက မွန်ပြည်နယ် သံဖြူဇရပ်သို့အသွား လမ်းခရီးတွင် ဗိုလ်ချုပ်အောင်ဆန်းအား ကျောင်းသူလေးတစ်ဦးက ပန်းကုံးစွပ်ကြိုဆိုစဉ်။

### မွန်၊ ကရင်တိုင်းရင်းသားများ

ကချင်တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၆ ရက်အထိ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်၊ ဘားအံ၊ လှိုင်းဘွဲ့၊ ကပ္ပလီရွာ၊ သထုံမြို့၊ ရှမ်းပြည်နယ်များသို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ခရီးထွက်ခဲ့သည်။ ဒီဇင်ဘာ ၂၁ ရက် လှိုင်းဘွဲ့မြို့နယ် ကပ္ပလီရွာသို့ရောက်ရှိစဉ် ကရင်တိုင်းရင်းသား တစ်ထောင်ကျော်တို့က ချီးကျူးယုံကြည်အားထားမှု အခမ်းအနားကျင်းပသည်။ လူမျိုးရေးခေါင်းဆောင်ကြီးအစစ်ဖြစ်သည့် ဗိုလ်ချုပ်အား အကြွင်းမဲ့ယုံကြည်အားထားကြောင်း၊ ဗိုလ်ချုပ်၏ ရှေ့ဆောင်ရာသို့ နောက်မှလိုက်ပါရန် အသင့်ရှိကြောင်း ပဋိညာဉ်ခံဝန်ချက်များ ပေးကြသည်။ နေ့လယ်ပိုင်းတွင် ကရင်လူထုနှစ်သောင်းကျော်ရှိသော လူထုတရားပွဲကြီးကျင်းပသည်။

### ရှမ်း၊ ကယား၊ ပဒေါင်တိုင်းရင်းသားများ

၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိသွားသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလ အဖွဲ့ခေါင်းဆောင်များနှင့် ရှမ်းပြည်မျိုးချစ်လူငယ် ခေါင်းဆောင်များသည် တူညီသော ယုံကြည်ချက်၊ တူညီသော အယူအဆများကို အရင်းခံ၍ ရင်းနှီးစွာ သွေးစည်းခဲ့ကြသည်။ သို့သော် သွေးစည်းမှုနှင့် မပြီးသေး၊ ရှမ်းပြည်နယ်ရှိ ပဒေသရာဇ် စော်ဘွားများအား စည်းရုံးသိမ်းသွင်းရေးမှာ လွန်စွာလိုအပ်လျက်ရှိကြောင်း ဖဆပလ ခေါင်းဆောင်များနှင့် ရှမ်းလူငယ်များက သိရှိကြသည်။ ထို့ကြောင့် ဖဆပလ ခေါင်းဆောင်များသည် စော်ဘွားများအား စည်းရုံးရပြန်သည်။ ထို့နောက် ဗိုလ်ချုပ်နှင့်အဖွဲ့ တောင်ကြီးတွင် ခေတ္တနားပြီးနောက် လွိုင်ကော်သို့ ဆက်လက်ခရီးထွက်ကြပြန်သည်။

လွိုင်ကော်တွင် ဗိုလ်ချုပ်အောင်ဆန်း တည်းခိုရန် ဆောက်လုပ်ထားသောအိမ်တွင် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ ကရင်နီနယ် သမဝါယမအသင်းမှ ဦးစိန်၊ ကြယ်ဘိုးကြီးမြို့စား စောရွှေတို့က ကြိုဆိုကြသည်။ ဒီဇင်ဘာ ၂၄ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကရင်နီနယ်နှင့် ပဒေါင်နယ်ကောင်စီဥက္ကဋ္ဌ ဦးဘီ၊ ဒုတိယဥက္ကဋ္ဌ ဦးစောသိန်းတို့နှင့်တွေ့ဆုံ၍ တရားပွဲကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကရင်ခေါင်းဆောင်စောဘဦးကြီးတို့က မိန့်ခွန်းပြောကြားကြသည်။ တရားပွဲတွင် နယ်ခြားဝန်ထောက် စတီဗင်ဆင်က မြန်မာနှင့် တောင်တန်းဒေသများကို သွေးခွဲလျက်ရှိကြောင်း၊ တောင်တန်းသားများကို ချစ်၍မဟုတ်ဘဲ ကြာရှည်အုပ်စိုးလို၍ ဖြစ်ကြောင်း၊ စတီဗင်ဆင်သည် မိမိအားရင်မဆိုင်ရဲသောကြောင့် မိမိရောက်သောအခါ သံတောင်မှ ဆင်းပြေးပြီဖြစ်ကြောင်း၊ ကရင်နီအမျိုးသားတို့အား မိမိတို့နှင့်ပူးပေါင်း၍ လွတ်လပ်ရေးရစေလိုကြောင်း၊ နယ်ခြားဝန်ထောက်လို အရာရှိ အသေးအမွှားကလေး လက်အောက်တွင် ကရင်နီတစ်မျိုးသားလုံး ကျွန်ဖြစ်နေရသည်မှာ အသည်းနာစရာကောင်းလှကြောင်း ပြောကြားသွားခဲ့သည်။

လွိုင်ကော်တရားပွဲ ပြီးသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိသည်။ တောင်ကြီးမြို့တွင် တောင်တန်းဒေသအရေးပိုင်၏ ညစာစားပွဲသို့ တက်ရောက်သည်။ ထိုနေ့တွင် ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ် အမှုဆောင်များနှင့် ည ၁၁ နာရီအထိ ဆွေးနွေးခဲ့ကြသည်။ ဒီဇင်ဘာ ၂၅ ရက်တွင် တောင်ကြီးမြို့ ညောင်ရွှေဟော်ကြီးတွင် နယ်ရှင်စဝ်ဖများဖြစ်ကြသော ညောင်ရွှေစော်ဘွား၊ မိုင်းပွန်စော်ဘွား၊ သာမိုင်းစော်ဘွား၊ လွယ်လုံ-ပင်မီစော်ဘွား၊ ကျိုင်းတုံကိုယ်စားလှယ်၊ ညောင်ရွှေကျမိုင်း၊ စကားကျမိုင်း၊ လဲချားကိုယ်စားလှယ်၊ ဟိုပုန်းမြို့စား၊ တောင်ကြီးမြို့ကိုယ်စားလှယ် ဦးဘဇံတို့နှင့် တွေ့ဆုံဆွေးနွေးကြသည်။

*ဆက်လက်ဖော်ပြပါမည်။*



ကယားပြည်နယ် ဧည့်ခံပွဲတစ်ခုတွင်တွေ့ရသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ကြီးမောင်မောင်(ဗိုလ်မှူးချုပ်မောင်မောင်)။



ဗိုလ်ချုပ်အောင်ဆန်း လှိုင်းဘွဲ့မြို့နယ် ကပ္ပလီရွာရောက်ရှိစဉ်။

# မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ နဂါးပွက်တောင်တော်တွင် ဘုရားဖူးလာရောက်သူများဖြင့် စည်ကား



**မင်းဘူး ဖေဖော်ဝါရီ ၁၀**
မကွေးတိုင်းဒေသကြီး မန်းရွှေစက်တော်ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်း ၁ ရက်အထိ ပွဲတော်ကာလတွင် မင်းဘူးနဂါးပွက်တောင်တော်၌ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ပွဲတော်ကာလအတွင်း ဘုရားဖူးပြည်သူတွေကို စိတ်ချမ်းသာစေဖို့ စီစဉ်ထားပါတယ်၊ ပုံမှန်ဆိုရင် မနက် ၆ နာရီကနေ ည ၇ နာရီအထိ ဖွင့်လှစ်ပြီး အခုလို ပွဲတော်ကာလမျိုးမှ ၂၄ နာရီ ဖွင့်လှစ်ထားပါတယ်၊ ဘုရားဖူးတွေ နားနေဖို့ နေရာတွေလည်း စီစဉ်ထားပါတယ်၊ ရေလောင်းအိမ်သာတွေလည်း တိုးချဲ့ဆောက်လုပ်ထားပါတယ်၊ အခုနှစ်မှာဆိုရင် ဘုရားဖူးပြည်သူတွေ အမှတ်တရပစ္စည်းတွေ ဝယ်ယူနိုင်ဖို့ အစ်မတော်တောင်နဲ့ မောင်တော်တောင်ကြားမှာ ဒေသထွက်ပစ္စည်းအရောင်းဆိုင်တွေလည်း ဖွင့်လှစ်ရောင်းချခွင့် ပြုထားပါတယ်၊ ပွဲတော်ရက်ဆိုတော့ ဈေးသည်တွေလည်း တအားရောင်းကောင်းပါတယ်"ဟု နဂါးပွက်တောင်တော် သာယာလှပရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောသည်။

"ကျွန်တော်တို့ ရုံးပိတ်ရက်မှာ မိသားစုနဲ့အတူ ဘုရားဖူးထွက်လာတာပါ၊ မင်းဘူးမြို့ရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ နဂါးပွက်တောင်တော်နဲ့ စက္ကိန်းတဲ စေတီတော်တွေကို ဖူးမြော်ပြီး ဒီကနေ မန်းရွှေစက်တော်ဘုရားကို သွားကြမှာပါ၊ အဲဒီမှာ နှစ်ညအိပ်ပြီးမှ ရန်ကုန်ကို ပြန်မှာပါ"ဟု ဘုရားဖူးလာရောက်သူ မီးရထားဝန်ထမ်း ဦးစံသိန်းက ပြောသည်။

အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ မန်းရွှေစက်တော်ဘုရားသို့ လာရောက်ဖူးမြော်ရင်း နဂါးပွက်တောင်သို့ ဝင်ရောက်လေ့လာကြသည့်အတွက် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

---

**အိမ်မဲ ဖေဖော်ဝါရီ ၁၀**

# အိမ်မဲမြို့ ရွှေဘုံသာဘုရားတွင် ဘုရားဖူးများဖြင့်စည်ကား



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့ ရွှေဘုံသာဘုရားတွင် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရွှေဘုံသာ ဘုရားအရှေ့တွင် အိမ်မဲမြို့နယ် မြို့မဈေးကြီးတည်ရှိရာ ယနေ့သည်ရုံးပိတ်ရက်ဖြစ်သောကြောင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် ဈေးသူဈေးသားများ ရောင်းဝယ်ဖောက်ကားနေကြသလို သင်္ဘောဆိပ်နှင့် ဒိန်းဒေါင်းဂိတ်များတွင်လည်း အိမ်မဲမြို့နယ် အပိုင်ရွာများမှ ပြည်သူများစိတ်ချမ်းမြေ့စွာ ခရီးသွားလာလျက်ရှိပြီး အပြန်တွင် ခရီးသွားပြည်သူများက ရွှေဘုံသာ ဘုရားသို့ဝင်ရောက်၍ အေးချမ်းစွာ ဘုရားဖူးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

# မိုးမောက်မြို့နယ် Stone Village အပန်းဖြေစခန်း၌ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ လာရောက်အပန်းဖြေ

**ဗန်းမော် ဖေဖော်ဝါရီ ၁၀**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာရှိ Stone Village အပန်းဖြေစခန်း၌ နိုင်ငံတော်ရုံးပိတ်ရက်တွင် ဝန်ထမ်းများနှင့်မိသားစုများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားလူငယ်များ၊ လာရောက် အပန်းဖြေခဲ့ကြသူများကို ဖေဖော်ဝါရီ ၁၀ ရက်က မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ရုံးအဖွဲ့များက သွားရောက်မှတ်တမ်းရယူခဲ့ကြသည်။

"ကျွန်တော့်ဇာတိက ရန်ကုန်ကပါ၊ ဒီ Stone Village အပန်းဖြေစခန်းက သာယာတယ်လေ၊ ပိတ်ရက်ဆိုတော့ လူတော်တော်များများလာကြတယ်" ဟု ဦးရဲခေါင်( မိုးမောက်မြို့နယ် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး)က ပြောသည်။

"ဗန်းမော်ကို အလုပ်ကိစ္စနှင့် လာရင်းနဲ့ ရုံးပိတ်ချိန်လေးမှာ ကလေးတွေ မရောက်ဖူးလို့ လိုက်ပို့ပေးတာပါ" ဟု ဒေါ်ချိုမာထွေး (အငယ်တန်းအင်ဂျင်နီယာ-၂) ရွှေကူမြို့နယ်လမ်းဦးစီးဌာနက ပြောသည်။

"ရုံးပိတ်ရက်အားလပ်ချိန်မှာ Stone Village အပန်းဖြေစခန်းကို သူငယ်ချင်းနဲ့ အပန်းဖြေခဏလာတာပါ"ဟု ဦးမြင့်ဝင်း(တာဝန်ခံ) မိုးမောက်မြို့နယ် မြန်မာ့ဆက်သွယ်ရေး (စာတိုက်)က ပြောသည်။

"Stone Village အပန်းဖြေစခန်းမှာ သူငယ်ချင်းတွေနဲ့အတူ သဘာဝအလှတရားကို လာရောက်ခံစားတာပါ"ဟု မိုးမောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ ဗိုလ်ဗိုလ်ထွေး(မြို့နယ်ဦးစီးမှူး)က ပြောသည်။

"မိသားစု၊ ဆွေမျိုးတွေနဲ့အတူ ကလေးတွေကို အချိန်ပေးပြီး လာရောက်အပန်းဖြေကြတာပါ"ဟု မိုးမောက်မြို့ ဝဝမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ် ဆရာမကြီး ဒေါ်နူးရာက ပြောသည်။

အဆိုပါ Stone Village အပန်းဖြေစခန်း၌ နိုင်ငံတော်ရုံးပိတ်ရက်သုံးရက် အားလပ်ချိန်တွင် ဒေသခံပြည်သူများ၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများ၊ ပြင်ပအဖွဲ့အစည်းများက စည်ကားသိုက်မြိုက်စွာလာရောက်အပန်းဖြေလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



---

# မြစ်ဆုံ အပန်းဖြေစခန်းသို့ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ လာရောက်အပန်းဖြေလျက်ရှိ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀**
မြန်မာနိုင်ငံနှင့် ကချင်ပြည်နယ်၏ ထင်ရှားကျော်ကြားသည့်နေရာတစ်ခု ဖြစ်သည့် မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာရှိ မြစ်ဆုံအပန်းဖြေစခန်း၌ ရုံးပိတ်ရက်များတွင် ဝန်ထမ်းမိသားစုများ၊ ရပ်နီးရပ်ဝေးမှ ဒေသခံပြည်သူများနှင့် ကျောင်းသားလူငယ်များ လာရောက် အပန်းဖြေလျက်ရှိကြရာ ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအဖွဲ့များက မြစ်ဆုံဒေသအပေါ် ၎င်းတို့၏ အမြင်များနှင့်ပတ်သက်၍ သွားရောက်မှတ်တမ်းရယူခဲ့ကြသည်။

"သူများတွေ အလည်အပတ် အပျော်အပါးလာကြတယ် ဆိုတော့ လာချင်တာပေါ့၊ ကြည်နူးပြီးတော့ ပျော်ရွှင်ပါတယ်"ဟု ဒေါ်ရွှေကျော် (မြစ်ကြီးနားမြို့နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒု-ကြီးကြပ်ရေးမှူး)က ပြောသည်။

"ရန်ကုန်ကလာတာပါ၊ လွန်ခဲ့တဲ့ (၁၅)နှစ်က ကိုယ်နေခဲ့တဲ့ မြို့လည်းဖြစ်တယ်၊ မြစ်ဆုံက လှလည်းလှလို့ လာလည်တာပါ"ဟု ဒေါ်သဇင်ဝင်း (ရန်ကုန်မြို့)က ပြောသည်။

"နယ်ခံကတော့မဟုတ်ဘူး၊ ကျောင်းလာတက်တာဆိုတော့ ဧည့်သည်ပေါ့၊ လုံးခင်းကနေ လာတက်တာ၊ မြစ်ဆုံက အခုချိန်မှ ကျောက်ဆောင်တွေ ပေါ်တယ်၊ ကျောင်းက second တစ်ဖြတ်ဆိုရင် ကျောက်ဆောင်တို့ ရေတို့ဆိုတာ အဲလောက်မလှတော့ဘူး၊ အဲဒါကြောင့် လာကြည့်တာ၊ ပြီးတော့ ဒီမှာ မယ်တော်ပွဲလည်း ရှိတယ်၊ အဲဒီတော့ ပျော်တာပေါ့"ဟု တက္ကသိုလ် ကျောင်းသူတစ်ဦးဖြစ်သူ မဘောက်နူး(ဖားကန့်မြို့နယ်)က ပြောသည်။

"ရုံးပိတ်ရက်အားလပ်ရက်လည်း ဖြစ်တယ်၊ ရုံးမှာ လုပ်ငန်းတွေ ပင်ပန်းတယ်၊ အဲဒါကြောင့် ဒီမှာလာပြီး အပန်းဖြေတာပါ၊ ကိုယ်မရောက်ဖူးတဲ့ ဒီဒေသမှာ ရှုခင်းအလှအပတွေ ကြည့်ရတာ စိတ်ထဲမှာ ကြည်နူးမိပါတယ်" ဟု ဦးမင်းသန်းဦး (ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)က ပြောသည်။

အဆိုပါ မြစ်ဆုံအပန်းဖြေစခန်းတွင် ခရစ်ယာန် ကက်သလစ်ဘာသာဝင်များ၏ အထွတ်အမြတ်ပွဲတော်တစ်ခုဖြစ်သည့် မြစ်ဆုံမယ်တော်ပွဲကို ယနေ့မှစ၍ သုံးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ရာ အပန်းဖြေလာရောက်သူများ၊ ပွဲတော်လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **ခရိုင်(ပြန်/ဆက်)**




---

## ဆောင်းရာသီနှင့် နွေရာသီကာလများတွင် ဖြစ်ပေါ်လာနိုင်သည့် လာနီညာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**
အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ လာနီညာအခြေအနေ၌ ဆက်လက်တည်ရှိနေသည်။ လာနီညာဖြစ်ပေါ်မှုခန့်မှန်းသည့် သင်္ချာပုံစံမော်ဒယ်များအရ ဇန်နဝါရီလမှ မတ်လအထိ လာနီညာဖြစ်ပေါ်မှုရာခိုင်နှုန်းမှာ ၈၇ ရာခိုင်နှုန်းအထိရှိနေပြီး ဖေဖော်ဝါရီ၊ မတ်၊ ဧပြီတွင် ၆၀ ရာခိုင်နှုန်း၊ မတ်၊ ဧပြီ၊ မေတွင် ၄၃ ရာခိုင်နှုန်းသို့ ပြန်လည်လျော့ကျလာနိုင်ပြီး ပုံမှန်ဖြစ်မြဲအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည့် ရာခိုင်နှုန်းမှာ ၅၄ ရာခိုင်နှုန်းဖြစ်နိုင်ကြောင်း နိုင်ငံတကာ ပစိဖိတ်သမုဒ္ဒရာပင်လယ်ရေမျက်နှာပြင်အပူချိန် လေ့လာစောင့်ကြည့်ရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် ဆောင်းရာသီကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဆောင်းရာသီကာလ အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့် ရာသီဥတုဖြစ်စဉ်များမှာလည်း လျော့ကျလာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt.Gen. Perry Lim ၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် စင်ကာပူလေကြောင်းပြပွဲ Singapore Airshow 2018 သို့ တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် စင်ကာပူနိုင်ငံမှ ပြန်လည်ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးငွေအောင်၊ မြန်မာ စစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီး ဆန်းညွန့်ဦးနှင့် စင်ကာပူတပ်မတော်မှအရာရှိကြီးများက ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Koh Chee Chian နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# MNL အမှတ်ပေးပြိုင်ပွဲတွင် မကွေး၊ ဇွဲကပင်နှင့် ဟံသာဝတီအသင်း အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက မန္တလေးနှင့် ရန်ကုန်မြို့တို့၌ ဆက်လက်ကျင်းပရာ မကွေး၊ ဇွဲကပင်နှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲရခဲ့ပြီး ရတနာပုံအသင်း ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့သည်။

**(မန္တလာသီရိကွင်း)**

**မကွေး - တစ်ဂိုး**

**ရတနာပုံ - ဂိုးမရှိ**

ခြေမှန်ရလာသည့် မကွေးအသင်းသည် နာမည်ကြီးရတနာပုံအသင်းကို အဝေးကွင်းတွင် အနိုင်ယူပြီး သုံးပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့သည်။ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ ဖိအားပေးခြင်းခံနေရသည့် ရတနာပုံအသင်းသည် ပွဲပြီးခါနီးဂိုးဖြင့် ရှုံးနိမ့်ပြီး ပထမဆုံးရှုံးပွဲနှင့်အတူ ထိပ်ဆုံးနေရာမှ တတိယနေရာအထိ ဆင်းပေးခဲ့ရသည်။

ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ပုံစံကောင်းရနေသည့်နှစ်သင်း ဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ရတနာပုံ တိုက်စစ်တွင် ဒဏ်ရာမှ ပြန်ကောင်းလာသည့် လူငယ်တိုက်စစ်မှူး ဝင်းနိုင်ထွန်း ပြန်ပါလာပြီး မြတ်ကောင်းခန့်၊ စည်သူအောင်၊ ရဲကိုဦး၊ သက်နိုင်တို့၏ တိုးအားဖြင့် ဂိုးရရန် ကြိုးပမ်းခဲ့သည်။ မကွေးအသင်းသည် ပထမပိုင်းတွင် ခံစစ်အမှားမရှိစေရန် ကစားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရာ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ဝင်းနိုင်ထွန်း၊ သက်နိုင်နှင့် စည်သူအောင်တို့ အခွင့်အရေးများရခဲ့သော်လည်း မကွေးဂိုးသမား ကျော်ဇင်ဖြိုး လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ မကွေးအသင်း၏ တိုက်စစ်အတွဲဖြစ်သည့် အောင်မြင့်ထွန်းနှင့် မောင်မောင်စိုးတို့မှာလည်း ရတနာပုံနောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် အနိုင်ဂိုးရခဲ့သည်။ တန်ပြန်တိုက်စစ်မှတစ်ဆင့် မောင်မောင်စိုးက ပင်နယ်တီဧရိယာစည်းထိပ်မှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။



**ရတနာပုံအသင်းတိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို မကွေးဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နေစဉ်။**

ဓာတ်ပုံ- စိုးညွန့်

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ရှုံးပွဲဆက်နေမှုကို ရပ်တန့်ကာ နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး ဂိုးများကို ဂျီးဇက်က ၁၄၊ ၂၂ မိနစ်တွင် သွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၆ မိနစ်တွင် ကောင်းစည်သူက ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ကျင်းပသောပွဲတွင် ဇွဲကပင်အသင်းက Southern အသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းသည် ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၄၅ မိနစ်တွင် ပေါ်လို၊ ၇၇ မိနစ်တွင် ရန်ကျော်ထွေးတို့က သွင်းယူပေးခဲ့သည်။

ပွဲစဉ် (၅) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ GFA အသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**


# ဇန်နဝါရီ တစ်လတာအတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်းပေါင်း ၂၆၀၀ ကျော် သိမ်းဆည်းရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများအား တားဆီးစစ်ဆေး အရေးယူလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ တစ်လတာအတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်းပေါင်း ၂၆၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် ၂၀၁၈ ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက် အတွင်း တင်သွင်း၊ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၈၇ ဒသမ ၇၅၁ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးဖမ်းဆီးရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်က တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇ ဒသမ ၇၁၈ သန်း၊ လေဆိပ်ကုန်လှောင်ရုံက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၈၃၀ သန်းခန့်၊ ရန်ကုန်ဆိပ်ကမ်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၉ ဒသမ ၀၅၁ သန်းခန့်၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၄၇ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၅ ဒသမ ၆၆၉ သန်းခန့်၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၂၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၃ ဒသမ ၇၈၁ သန်းခန့်၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၆၇ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၅၀ ဒသမ ၈၄၆ သန်း ခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ၁၆၇ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၅ ဒသမ ၇၇၉ သန်းခန့်၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉ ဒသမ ၃၀၅ သန်းခန့်၊ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၄၇၇ သန်းခန့်၊ မြဝတီမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇ ဒသမ ၂၀၀ သန်းခန့်၊ မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅ ဒသမ ၉၀၀ သန်းခန့်၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု ခန့်မှန်တန်ဖိုး ငွေကျပ် ၂၂ ဒသမ ၉၃၁ သန်းခန့်၊ မူဆယ်(OSS)စစ်ဆေးရေးစခန်းက တားဆီးမှု ၃၇ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၉ ဒသမ ၆၉၉ သန်းခန့်၊ စုစုပေါင်း ၄၆၄ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၈၇ ဒသမ ၇၅၁ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **ဝဝ၁**










မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ၂၀၁၈ ခုနှစ် အာရှတာဝေးစက်ဘီးပြိုင်ပွဲများ ကျင်းပစဉ်။

**✻ ကျောဖုံးမှ**

သပြေကုန်းအဝိုင်း၊ ကံ့ကော်အဝိုင်း၊ ထိုမှတစ်ဆင့် လေဆိပ်၊ ရာဇသင်္ဂဟလမ်းအတိုင်းမှ အင်ကြင်းပန်းအဝိုင်း၊ မင်္ဂလာအဝိုင်း၊ ခွာညိုပန်းအဝိုင်းမှ ကြာပန်းအဝိုင်း၊ ဝဏ္ဏသိဒ္ဓိ အဝိုင်းမှတစ်ဆင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ ပန်းဝင်စေခဲ့ပါသည်။ ပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ အားကစားသမားက စံချိန် ၂ နာရီ ၃၂. ၃၈ စက္ကန့်ဖြင့် ပထမ၊ ဖိလစ်ပိုင်နိုင်ငံမှ အားကစားသမားက စံချိန် ၂ နာရီ ၃၂. ၄၉ စက္ကန့်ဖြင့် ဒုတိယ၊ ထိုင်းနိုင်ငံမှ အားကစားသမားက စံချိန် ၂ နာရီ ၃၃. ၀၁ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

မွန်းလွဲပိုင်းပွဲစဉ်အဖြစ် Individual Women Junior(၇၀) ကီလိုမီတာ ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမား ၂၇ ဦးသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းမှ စတင်တာလွှတ်ပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ နေပြည်တော်၊ ပျဉ်းမနား-တောင်ညိုကားလမ်းအတိုင်း သပြေကုန်းအဝိုင်းထိလည်းကောင်း၊ ထိုမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း ပျဉ်းမနား၊ တပ်ကုန်းအမှတ်(၁)လမ်းအတိုင်း ဗုဒ္ဓဂယာအထိလည်းကောင်း၊ ထိုမှပြန်လှည့်၍ တပ်ကုန်း-ပျဉ်းမနားလမ်း အမှတ်(၁)မှ အင်ကြင်းပန်းအဝိုင်းမှတစ်ဆင့် ရာဇဌာနီလမ်းမှ ဇေယျာအောင်မြေလမ်းအတိုင်း ဝဏ္ဏသိဒ္ဓိအဝိုင်းတို့မှတစ်ဆင့် ပျဉ်းမနား-တောင်ညိုလမ်းသို့ ပန်းဝင်စေခဲ့သည်။ ပြိုင်ပွဲတွင် ဟောင်ကောင်မှ အားကစားသမားက စံချိန် ၁ နာရီ ၅၉ မိနစ် ၄၀ စက္ကန့်ဖြင့် ပထမဆုကိုလည်းကောင်း၊ ဂျပန်နိုင်ငံမှ အားကစားသမားက စံချိန် ၁ နာရီ ၅၉ မိနစ် ၄၀ စက္ကန့်ဖြင့် ဒုတိယဆုကို လည်းကောင်း၊ ကာဇက်စတန်နိုင်ငံမှ အားကစားသမားက စံချိန် ၁ နာရီ ၅၉ မိနစ် ၄၀ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆုရရှိသော နိုင်ငံများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အာရှ စက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr.Onkar Singh၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဂျော်ဒန်နိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Dr. Kalan၊ Technical Delegate မစ္စတာဟာရာရီ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများက ဆုများချီးမြှင့်သည်။

၂၀၁၈ ခုနှစ် အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲသို့ အိမ်ရှင်မြန်မာအပါအဝင် စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မလေးရှား၊ တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ အီရန်၊ U.A.E၊ ဘာရိန်း၊ မွန်ဂိုလီးယား၊ ဂျော်ဒန်၊ တာဂျစ်စတန်၊ ကာဇက်စတန်၊ မကာအိုနှင့် ဆီးရီးယားနိုင်ငံတို့မှ စုစုပေါင်း ပြိုင်ပွဲဝင်ကစားသမား ၄၁၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်အထိ ဝဏ္ဏသိဒ္ဓိ စက်ဘီးကွင်း၌ နေ့စဉ်နံနက် ၈ နာရီမှ စတင်တာလွှတ်ကစားမည်ဖြစ်ပါသဖြင့် စက်ဘီးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ရှုံးပိတ်ရက်များတွင်မှ**

ခံစားခဲ့ရသည့် ရင်တွင်းဖြစ်စကားများကို ယခုလို ကြားသိခဲ့ရသည်။

**မဟာအံ့ထူးကံသာဘုရားဖူးလာရောက်သူ ရန်ကုန်မြို့မှ ကိုကျော်ဇော**

ကျွန်တော်တို့က ရန်ကုန်ကပါ။ မိသားစု သုံးယောက်က ပြင်ဦးလွင် မဟာအံ့ထူးကံသာဘုရားလာဖူးရင်း တခြားနေရာတွေမှာ အပန်းဖြေကြမယ်။ ဒါပြီးရင် ပိတ်ချင်းမြောင်သွားမယ်။ ပြီးရင် ဒီဇင်ဘာစားသောက်ဆိုင်ကိုသွားပြီး နေ့လယ်စာစားမယ်။ ဒီလမှာ ပိတ်ရက် ၃ ရက်ရလို့ ရန်ကုန်ကနေ မန္တလေးကို အပန်းဖြေခရီးထွက်လာတာပါ။ မနေ့ကတော့ မန္တလေးမြို့ကဘုရားတွေ ဖူးခဲ့ပြီးပြီ။ ရန်ကုန်မှာက မွန်းကျပ်တော့ ရာသီဥတုလည်း အေးမြကောင်းမွန်ပြီး အပန်းဖြေစရာတွေများတဲ့ ဒီနေရာကို ရွေးချယ်ခဲ့တယ်။ ခုလို ခရီးထွက်ပြီး အပန်းဖြေတာက စိတ်လက်ပေါ့ပါးသွားပြီး မိသားစုအတွက်ရော ကျန်းမာရေးအတွက်ပါ ကောင်းတယ်။

**အမျိုးသားကန်တော်ကြီးဥယျာဉ် စီမံကိန်းဒါရိုက်တာ ဦးဝေဖြိုးအောင်**

ဥယျာဉ်မှာ လာရောက်လည်ပတ်သူတွေက ပုံမှန်ရှိပါတယ်။ ပြင်ဦးလွင်ကို လာရောက်ကြသူအများစုက မနက်ပိုင်းမှာ ဘုရားဖူးကြတာနဲ့ အခြားနေရာတွေ သွားပြီး အပြန်မှာ ဥယျာဉ်ရောက်လာပြီး အနားယူကြတယ်။ ပုံမှန်ရက်တွေမှာ တစ်ရက်ကို လူ ၃၅၀၀ လောက်လာကြပေမယ့် ရုံးပိတ်ရက်တွေမှာ တစ်ရက်ကို ၅၀၀၀ နီးပါးလောက် လာကြတယ်။ လာတဲ့သူအများစုကလည်း ပန်းပင်တွေရဲ့ အလှအပကို ကြည့်ရှုခံစားရင်း အနားယူဖို့ လာကြတာပါ။ ကျွန်တော်တို့ကလည်း သစ်တောသစ်ပင်တွေကို တန်ဖိုးထားလာအောင်နဲ့ စိတ်ဝင်စားလာအောင် အသိပညာပေးတဲ့ ဝန်ဆောင်မှုတွေ ဦးစားပေးလုပ်နေပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်မှ ကိုရဲကမ္ဘာအောင်**

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်က မိသားစုလိုက် ရုံးပိတ်ရက်မှာ မန္တလေးလာရင်းနဲ့ ပြင်ဦးလွင် ရောက်လာကြတယ်။ ပြင်ဦးလွင်ဆိုတဲ့ တောင်ပေါ်မြို့လေးက ဆောင်းရာသီကို ခံစားချင်လို့ပါ။ မန္တလေးမှာ ဘုရားတွေစုံအောင်ဖူးခဲ့ပြီးပြီ။ ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်မှာ ပန်းအလှတွေကြည့်ရင်းနဲ့ အပန်းဖြေနေကြတာ။ ကျွန်တော်တို့ မိသားစုက ပိတ်ရက်တွေမှာ ခရီးထွက်လေ့ရှိတယ်။ မိသားစု အပန်းဖြေ အပျော်ခရီးထွက်ရတာက စိတ်လည်းပျော်တယ်။ Relax လုပ်တာပေါ့။



ကိုကျော်ဇော



ဦးဝေဖြိုးအောင်



ကိုရဲကမ္ဘာအောင်

**စစ်ကိုင်းပညာရေး တက္ကသိုလ်ကျောင်းသူ မခင်ပြည့်သူ**

သူငယ်ချင်းတွေနဲ့အတူ ပြင်ဦးလွင်က အံ့ထူးကံသာဘုရားဖူးနဲ့ ပွဲကောက်ရေတံခွန်လာရင်း လိမ္မော်ခြံကို ရောက်လာတယ်။ လိမ္မော်ခြံက အပင်ကနေ ကိုယ်တိုင်ခူးပြီး ဝယ်လို့ရတယ်လို့ ကြားတဲ့အတွက် လာဖြစ်တာပါ။ လိမ္မော်ပင်တွေများပြီး အသီးတွေက လှိုင်နေတော့ ကိုယ်တိုင်စိတ်ကြိုက်ခူးပြီးဝယ်နေတာလေ။ လိမ္မော်သီးတွေသီးနေတဲ့ အပင်တွေကို ခုမှမြင်ဖူးတော့ စိတ်ထဲမှာ လန်းဆန်းသွားတယ်။ အသီးတွေခူးတဲ့ပုံတွေ ဓာတ်ပုံရိုက်ရတာလည်း ပျော်စရာပဲ။ ပြီးရင် ကန်တော်ကြီးဥယျာဉ်သွားမယ်။



မခင်ပြည့်သူ



ကိုလတ်



ကိုအောင်ရည်မွန်

**၅-မိုင် ပြည်သူ့နန်းတော်ရေကစားဥယျာဉ် အုပ်ချုပ်မှုတာဝန်ခံ ကိုလတ်**

ကျွန်တော်တို့ အပန်းဖြေစခန်းမှာ လာရောက်အပန်းဖြေရင် လူတစ်ယောက်ကို တစ်ထောင်ကောက်ခံပါတယ်။ ၁၀ နှစ်အောက်ကလေးတွေကို အခမဲ့ပေးထားပါတယ်။ အပန်းဖြေဖို့အတွက် ရေလွှာလျှောစီးစင်၊ ကလေးလျှောစီးစင်၊ ရေကူးကန်အတွင်း ရေကစားဖို့ အခမဲ့ဘောကွင်း၊ သံစဉ်များနဲ့အတူ ရေပန်းအောက်မှာ ကခုန်ပြီး အပန်းဖြေနိုင်ဖို့ စီစဉ်ပေးထားတယ်။ အများသုံးတာဖြစ်တဲ့အတွက် ရေကိုသန့်စင်အောင် နေ့စဉ်လုပ်ပါတယ်။

အပန်းဖြေစခန်းကိုဝင်မယ်ဆိုရင် ဝင်ကြေးကလွဲလို့ ကျန်တဲ့ ဝန်ဆောင်မှုတွေမှာ ပေးစရာမလိုတော့ပါဘူး။ ရုံးပိတ်ရက်တွေမှာ ပုံမှန်ရက်ထက် လာရောက်သူများပြားပြီး ဦးရေ တစ်သောင်းခွဲလောက်ဝင်တယ်။ ပုံမှန်ရက်တွေမှာ လူဦးရေ ၆၀၀၀ လောက်ဝင်လာတယ်ဆိုတော့ ရုံးပိတ်ရက်မှာ အများဆုံးလာကြတယ်။

**ပြည်သူ့နန်းတော်သို့ လာရောက်အပန်းဖြေသူ ကိုအောင်ရည်မွန်**

ဝန်ကြီးဌာနက ဝန်ထမ်းပါ။ ရုံးပိတ်ရက်မှာ စိတ်လက်ပေါ့ပါးအောင် ပြည်သူ့နန်းတော် ရေကစားဥယျာဉ်မှာ လာရောက်အပန်းဖြေကြတာပါ။ နယ်ကနေ မန္တလေးမှာ တာဝန်ကျတဲ့အတွက် ဒီနေရာကို တစ်ခါမှ မရောက်သေးလို့ သူငယ်ချင်းတွေနဲ့လာပြီး အပန်းဖြေတာပါ။ ကျွန်တော်တို့ ရေကူးပြီးသွားပြီ၊ ရေလွှာလျှောလည်း စီးပြီးသွားပြီ။ ရေပန်းအောက်မှာလည်း တီးလုံးနဲ့ ကပြီးသွားပြီ။ ခုလို စိတ်လွတ်ကိုယ်လွတ် အပန်းဖြေလိုက်ရတော့ ဖိစီးမှုတွေပျောက်သွားတယ်။ ဒီကိုလာရတာ အလွန်ပျော်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကွင်းဆင်းကြည့်ရှု

**ကျိုက်ထို ဖေဖော်ဝါရီ ၁၀**

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်က ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာလူထုက ဆောင်ရွက်မည့် ဘုန်းကြီးကျောင်းအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာကော်မတီဝင်များနှင့် ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးနိုင်ရေးဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

ပလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

# ရုံးပိတ်ရက်များအတွင်း နေပြည်တော်ရှိ အပန်းဖြေနားနေနိုင်သည့် နေရာများတွင် ဗဟုသုတရှာမှီးရင်း အပန်းဖြေအနားယူ

*ယနေ့အချိန်ကာလသည် စနေ၊ တနင်္ဂနွေ အပါအဝင် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားလပ်ရက်ကိုပါ ထည့်တွက်လျှင် ရုံးပိတ်ရက် သုံးရက်ဆက်တိုက် ရရှိသည့် ကာလဖြစ်သည်။ အဆိုပါ ရုံးပိတ်ရက်များအတွင်း နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် နေပြည်တော်ရှိ အပန်းဖြေနားနေနိုင်သည့် နေရာများတွင် ဗဟုသုတ ရှာမှီးရင်း အပန်းဖြေအနားယူလျက်ရှိနေကြသည်။ ထိုသို့ အနားယူ အပန်းဖြေကြသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသား တင်ပြလိုက်ရပါသည်-*


ဦးမြင့်ဝေ


ကိုအောင်ရဲထွန်း


ကိုဝင်းနိုင်


မစန္ဒာဝင်း


မသန်းသန်းဆင့်


မပန်းနွယ်စိုး

**ဦးမြင့်ဝေ(ရွှေတောင်ရိုးအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)**

မနေ့က သောကြာနေ့မှာ ကျွန်တော်တို့ ရွှေတောင်ရိုးကားဂိတ်က တစ်နေကုန် ကားလက်မှတ်တွေ ခုံအပြည့်ရောင်းရပါတယ်။ လက်မှတ်ရောင်းရတယ်ဆိုတဲ့ နေရာမှာ ကြိုတင်ဝယ်ယူမှုတွေရှိသလို ဂိတ်ရောက်မှ လာဝယ်တာတွေလည်း ရှိပါတယ်။ ရုံးပိတ်ရက် သုံးရက်ဖြစ်သွားတဲ့အခါ နေပြည်တော်က အများစုသော ဝန်ထမ်းတွေအနေနဲ့ ရန်ကုန်၊ မန္တလေးက ကိုယ့်အိမ်ကို ပြန်ပြီး အနားယူတဲ့ သူတွေ၊ အပန်းဖြေတဲ့သူတွေ ရှိကြတယ်။ ကျွန်တော်တို့ ကားလက်မှတ်တွေ အပြည့်ရောင်းရသလို ကျန်တဲ့ကားဂိတ်တွေမှာလည်း လက်မှတ်တွေ ခုံအပြည့် ရောင်းကြရတယ်လို့သိရပါတယ်။ သူ့ရာသီနဲ့သူ ခရီးသွားတွေရှိတော့ ကားလက်မှတ်တွေ အသင့်အတင့်ရောင်းချရတယ်။ အခုလို ရုံးပိတ်ရက် ဆက်တိုက်ရှိတဲ့လမျိုးမှာဆိုရင် ခုံတွေအပြည့်ရောင်းရပါတယ်။ ကျွန်တော့် မိသားစုတောင် အခုရုံးပိတ်ရက်မှာ တောင်ကြီးကိုသွားပြီး အပန်းဖြေနေကြပါတယ်။

**ကိုအောင်ရဲထွန်း (ထက်ဦးကားဂိတ်၊ နေပြည်တော်)**

ကျွန်တော်တို့ ထက်ဦးကားဂိတ်က ရန်ကုန်-ပုသိမ်-မြောင်းမြ-လပွတ္တာကို ပြေးဆွဲတာပါ။ ရုံးပိတ်ရက်သုံးရက်ဆိုတော့ ကားလက်မှတ်တွေ ပိုပြီးရောင်းအားကောင်းပါတယ်။ တော်တော်များများက အစိုးရဝန်ထမ်းတွေ လာဝယ်တာ ဖြစ်ပါတယ်။ သုံးရက်ဆက်တိုက်ပိတ်တာဆိုတော့ နယ်တွေကို အပန်းဖြေ၊ အလွမ်းပြေပြန်ကြတာ များပါတယ်။ ကျွန်တော့် မိသားစုတွေကလည်း ဝန်ထမ်းမိသားစုတွေဖြစ်ပါတယ်။ အခု ရုံးသုံးရက်ပိတ်တာဆိုတော့ ဘုရားဖူးရင်း အပန်းဖြေသွားနေကြပါတယ်။

**ကိုဝင်းနိုင် (သစ်တောဦးစီးဌာန)**

ကျွန်တော်က ဇာတိဖြစ်တဲ့ အောင်လံကိုသွားမှာ ဖြစ်ပါတယ်။ သောကြာနေ့က ကားဂိတ်ကို ကားလက်မှတ်စုံစမ်းတာ ဂိတ်တိုင်းမှာ လက်မှတ်တွေကုန်နေလို့ အခုစနေနေ့ရောက်မှပဲ လက်မှတ်ရလို့ ပြန်ရတော့မှာ ဖြစ်ပါတယ်။ မိသားစုနဲ့ ဘုရားဖူးမယ်၊ အပန်းဖြေသွားမယ်၊ ပြီးရင်လည်း ရုံးဖွင့်ရက်အမီပြန်လာရမှာဖြစ်ပါတယ်။ တခြားဝန်ထမ်းမိသားစုတွေလည်း ကျွန်တော်တို့လို ဘုရားဖူးရင်း အပန်းဖြေသွားကြမယ်လို့ ထင်ပါတယ်။ လက်မှတ်တွေက အခုလို ပိတ်ရက်ရှည်မျိုးဆိုရင် ကြိုတင်ဝယ်ထားမှ အလွယ်တကူရတာပါ။ နေပြည်တော်ပြန်လာမယ့်အတွက်ကိုလည်း အချိန်မီပြန်လို့ရအောင် ကားလက်မှတ်တွေကို အလွယ်တကူရစေချင်ပါတယ်။

**မစန္ဒာဝင်း**

ဖြူးမြို့ကနေ ဗုဒ္ဓဂါယာကို ဘုရားဖူးလာတာဖြစ်ပါတယ်။ လားရှိုးကိုလည်း ဆက်သွားမှာဖြစ်ပါတယ်။ တောင်သူလုပ်ငန်းတွေအားလို့ ဘုရားဖူးရင်းနဲ့ အပန်းဖြေလာကြတာ ဖြစ်ပါတယ်။

**မသန်းသန်းဆင့် (ပျဉ်းမနားမြို့)**

ကျွန်မတို့က နေပြည်တော်ပျဉ်းမနားက ဈေးသည်တွေ ဖြစ်ပါတယ်။ ကျွန်မရဲ့ မောင်နှမတွေက ဝန်ထမ်းတွေ ဖြစ်ကြပါတယ်။ အခုလို ရုံးပိတ်ရက် သုံးရက်ဆက်တိုက်ရတဲ့အတွက် ကျွန်မဈေးရောင်းတာတွေကို ခဏနားပြီး ကျွန်မမောင်နှမတွေနဲ့အတူ အခုလို နေပြည်တော် ရေပန်းဥယျာဉ်ကို အပန်းဖြေလာကြတာဖြစ်ပါတယ်။ ပျဉ်းမနားကနေ ရေပန်းဥယျာဉ်ကို ရွှေမြို့တော်လိုင်းကားစီးပြီးလာကြတာဖြစ်ပါတယ်။

**မပန်းနွယ်စိုး (တိုက်ကြီးမြို့)**

ကျွန်မတို့က ကျွန်မတို့မြို့မှာ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး လိုက်လံတိုက်ကျွေးတဲ့ အဖွဲ့ဝင်တွေဖြစ်ပါတယ်။ ကာကွယ်ဆေးတိုက်ပြီးလို့ လေ့လာရေးသဘောအနေနဲ့ နေပြည်တော်မှာ လာရောက်အပန်းဖြေကြတာပါ။ အပန်းဖြေခရီးအနေနဲ့ ရေပန်းဥယျာဉ်ကို သက်ဆိုင်ရာတာဝန်ရှိသူတွေက လိုက်ပို့ပေးတာဖြစ်ပါတယ်။ ဒါပြီးရင် နေပြည်တော်မှာရှိတဲ့ အပန်းဖြေနေရာတွေ၊ ဗဟုသုတရမယ့်နေရာတွေကို သွားကြဦးမှာ ဖြစ်ပါတယ်။

**သတင်း-မင်းမင်းဇော်၊ မီမီဖြိုး**
**ဓာတ်ပုံ-ကိုအေးသန်း**

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) တွင် အခမဲ့ ဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အပန်းလည်းပြေ၊ ပညာလည်းရ ခရီးသွားပြည်သူများအတွက် တစ်ထောက်ကွန်းခိုရာ နေရာလည်းဖြစ်သော အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို တည်ထောင်ခဲ့သည်မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် သက်တမ်းရှစ်နှစ်တိုင်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဆင့်ဆင့်ဖြစ်တည်လာခဲ့သည်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ ရိုးရာအစားအစာ၊ ဘဝနေထိုင်ပုံနှင့် ယဉ်ကျေးမှုဓလေ့နေထိုင်ပုံများကို လေ့လာကြည့်ရှုနိုင်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းရှိ ယဉ်ကျေးမှု အမွေအနှစ်များ၊ အဆောက်အအုံများ၊ သယံဇာတ အရင်းအမြစ်များ၊ သဘာဝရှုခင်းများကို တစ်နေရာတည်းတွင် တစုတဝေးတည်း လေ့လာကြည့်ရှုနိုင်ရန် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

လာရောက်လေ့လာလည်ပတ်သော ဧည့်သည်အမျိုးမျိုးတို့အတွက် ပညာလည်းရ၊ အပန်းလည်းပြေရုံမျှမက တိုင်းရင်းသားအချင်းချင်း ရင်းနှီးနားလည်မှု၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းလိုမှုအစရှိသော စိတ်နေစိတ်ထားများလည်း ခံစားဖြစ်ပေါ်လာစေနိုင်မည်ဖြစ်သည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၂၅၇/၂)၏ အရှေ့ဘက်တစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ စုစုပေါင်း ဧက ၄၀၀ အကျယ်အဝန်းရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမြေပုံ၏ ပကတိပုံစံကို အချိုးကျယူပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများကိုလည်း ပုံစံအချိုးကျအတိုင်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ အရှေ့နှင့်အနောက် ပေ ၅၀၀၀ နှင့် တောင်မှ မြောက် ပေ ၁၀၆၀၀ ရှိကြောင်း သိရသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အထိမ်းအမှတ်များကို ဥယျာဉ်အတွင်း တန်ဆာဆင်တည်ဆောက်ထားခဲ့သော မူလရည်ရွယ်ချက်အပြင် အများပြည်သူကို ဆွဲဆောင်နိုင်သည့် အပန်းဖြေနေရာတစ်ခုဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းပြည်ပခရီးသွားများအတွက် ဆွဲဆောင်မှုရှိသည့် နေရာတစ်ခုဖြစ်လာပါက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုမည်ဖြစ်ကြောင်း၊ သွားရောက်လည်ပတ်ရန်ခက်ခဲသော ဒေသနေတိုင်းရင်းသားများဖြစ်သော ဆလုံ၊ ထရုံလူမျိုးတို့၏ ပြခန်းများကိုလည်း စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသသင့်ကြောင်း၊ ၎င်းတို့၏ ရိုးရာဓလေ့နေထိုင်မှုပုံစံများကို မှတ်တမ်းရုပ်ရှင်များရိုက်ကူး၍ ပြသသင့်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ ရောက်ရှိစဉ်က ပြောကြားသည်။

ကျယ်ဝန်းလှသော နယ်မြေနှင့် များပြားလှသော အဆောက်အအုံများတွင် တိုင်းရင်းသားရိုးရာအိမ်များမှာ နှစ်စဉ်နှစ်တိုင်း အမိုးအကာများကို ရိုးရာမပျက်သစ်ဝါးများဖြင့် ရိုးရာသဘာဝအတိုင်း လဲလှယ်ပြုပြင်ထိန်းသိမ်းရခြင်း၊ သစ်ပင်သစ်တောများနှင့် မြေယာရှုခင်းများကို ထိန်းသိမ်းရခြင်းနှင့်၊ သဘာဝရာသီဥတုကြောင့် ပျက်စီးမှုများကို ပြုပြင် မွမ်းမံရာတွင် ရန်ပုံငွေအခက်အခဲများရှိခြင်းကြောင့် လိုအပ်ချက်များလည်းရှိနေပါကြောင်း၊ ဝင်ငွေနှင့် ဝန်ထမ်းအင်အားဖြင့်သာ ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင်ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)မှ မန်နေဂျာ ဦးစိုးနိုင်က ပြောကြားသည်။

ဥယျာဉ်၏ နှစ်ပတ်လည်နေ့တွင် မူလရှိပြီးသား ရိုးရာလက်ဆောင်အရောင်းဆိုင်များ၊ ရိုးရာစားသောက်ဆိုင်များအပြင် ပျော်ပွဲရွှင်ပွဲအဖြစ် ဥယျာဉ်ဝန်ထမ်းမိသားစုများ၏ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်တို့မှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည့်အပြင် တိုင်းရင်းသားရိုးရာစားသောက်ဆိုင်များလည်း တည်ခင်းရောင်းချသွားမည်ဖြစ်ရာ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်( နေပြည်တော်)၏ နှစ်ပတ်လည်အခမ်းအနားသို့ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း-နေသန့်၊ နိုင်လင်းကြည်၊**
**ဓာတ်ပုံ-ခွန်းဆက်နေ**

# စိုက်ပျိုးရေးဘွဲ့ရ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၁၉၆၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ နှစ်ပေါင်း ၅၀ ကျော်အတွင်း ကျောင်းဆင်းခဲ့ကြသော စိုက်ပျိုးရေးဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာ တွေ့ဆုံနိုင်ရန်အတွက် ရန်ကုန် AUAA မှ စီစဉ်ကျင်းပသည့် ပထမဆုံးအကြိမ် တွေ့ဆုံပွဲကို Beyond YAU အမည်ဖြင့် ရန်ကုန်မြို့ မြေပဒေသာဥယျာဉ် ပုလဲကျွန်း၌ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် စိုက်ပျိုးရေးပညာရှင်များ ရေးသားထားသည့် စာအုပ်များကို စာရေးသူများကိုယ်တိုင် လက်မှတ်ရေးထိုးရောင်းချပွဲ၊ ရေးသူဖတ်သူဆွေးနွေးပွဲ၊ ကဗျာရွတ်ဆိုပွဲ၊ Beyond YAU အမည်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ၊ ဝါသနာရှင် စိုက်ပျိုးရေးကျောင်းဆင်းများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပွဲ စသည့် အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေအရည်အသွေးစစ်သင်တန်း ဖွင့်လှစ်ပို့ချ

**ကော့မှူး ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြု စီမံကိန်းက အကောင်အထည်ဖော်ဆောင်ရွက်ထားသော ရေတွင်း ရေကန်လုပ်ငန်းများ၏ ရေအရည်အသွေး သိရှိစစ်ဆေးနိုင်ရန် ရေအရည်အသွေးစစ်သင်တန်း (Water Test)အား မကျီးကန်ကျေးရွာ အောင်သိဒ္ဓိရန်ကင်းတောင် တောင်ပေါ်ကျောင်း၌ ယခုလပထမပတ်တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးကျော်ညီညီထွန်းတို့က သင်တန်းဖွင့်အမှာစကားပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါ်သက်စုနှင်း (အငယ်တန်း အင်ဂျင်နီယာ-၂) က သင်တန်းသုံးရက်ပို့ချခဲ့ပြီး လက်ထောက်နည်းပညာမှူး ၁၉ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

**ကြေးမုံ**

# မြောက်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လေ့လာမှုများပြား

**မြောက်ဦး ဖေဖော်ဝါရီ ၁၀** ရခိုင်ရှေးဟောင်းယဉ်ကျေးမှု ဘုရားစေတီပုထိုးများ၊ ရခိုင်ယဉ်ကျေးမှု အမွေအနှစ်လက်ရာများ၊ သဘာဝ အလှရှုခင်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့များနှင့် ရခိုင်ယဉ်ကျေးမှု အမွေအနှစ်များတည်ရှိရာ အနုပညာ ဗိသုကာလက်ရာများကို လေ့လာနိုင်ရန် မြောက်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

မြောက်ဦးမြို့သို့ လာရောက်လည်ပတ်လျက်ရှိသော နိုင်ငံခြားသားများက မြောက်ဦးမြို့သို့ လာရောက်လည်ပတ်ရသည့်အတွက် အလွန်ပျော်ရွှင် ကျေနပ်မိကြောင်း၊ ရှေးဟောင်း ရခိုင်ယဉ်ကျေးမှု အမွေအနှစ်များ၊ ရခိုင် အနုပညာ ဗိသုကာလက်ရာများကို အနီးကပ်မြင်ရသည့်အတွက် များစွာအံ့သြမိကြောင်း၊ လာရောက်လေ့လာရသည့်အတွက် အလွန်ကျေနပ်မိကြောင်း ပြောသည်။

မြောက်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့လာမှုသည် တစ်နှစ်ထက် တစ်နှစ် များပြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မောင်တောမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်

**မောင်တော ဖေဖော်ဝါရီ ၁၀** ကိုယ်ဝန်ဆောင်မိခင်မှစ၍ မွေးဖွားလာသော ကလေး အသက် နှစ်နှစ်ပြည့်သည်အထိ ငွေကြေး အထောက်အပံ့ပေးရေး အစီအစဉ်(MCCT) အရ ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်မှုကို ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ထောက်ပံ့ပေးအပ်မှုကို မောင်တောမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ကိုယ်ဝန်ဆောင်မိခင် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၇ စုတို့မှ လူဦးရေ စုစုပေါင်း ၂၁၈၀ တို့အား ငွေကျပ် သိန်း ၇၈၀ ကျော် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း မောင်တောမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ် Case Manager ဦးကျော်အောင်စိန်ထံမှ သိရသည်။



"ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ၎င်းတို့က မွေးဖွားလာတဲ့ အသက် နှစ်နှစ်အောက် ကလေးတွေရဲ့ အာဟာရနဲ့ ကျန်းမာရေးရလဒ်တွေ ပိုမိုတိုးတက်ကောင်းမွန်စေဖို့အတွက် ရည်ရွယ်ပြီး ဒီ MCCT အစီအစဉ်ကို အကောင်အထည်ဖော် လုပ်ဆောင်ခြင်း ဖြစ်ပါတယ်၊ ဒီလိုမျိုးလုပ်ဆောင်တဲ့နေရာမှာ မြို့နယ်အတွင်းမှာရှိတဲ့ လူတန်းစားမရွေး၊ လူမျိုး၊ ဘာသာမရွေး ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ MCCT အစီအစဉ်ကို မောင်တောမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ပထမဦးဆုံးအကြိမ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ဒုတိယအကြိမ် ထောက်ပံ့မှုအဖြစ် ဖေဖော်ဝါရီ လကုန်ပိုင်းတွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ဟိန်းထက်ဖော်**
**ဓာတ်ပုံ- ရာမည**

# မောင်တောမြို့၌ ရခိုင်ရိုးရာ ကျင်ကိုင်ပွဲ ကျင်းပ

**မောင်တော ဖေဖော်ဝါရီ ၁၀** ရခိုင်ပြည်နယ် မောင်တောမြို့၌ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက ကြီးမှူးကျင်းပသော ရခိုင်လူမျိုးတို့၏ ရိုးရာအားကစားပညာဖြစ်သော ရခိုင်ရိုးရာ ကျင်ကိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ယှဉ်ပြိုင်ကစားကြပုံများကို မွန်းလွဲ ၁ နာရီတွင် အလိုတော်ပြည့်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကိုသောင်းရွှေ၊ စွမ်းကေကေ ရွှေမောင်းသံ မြန်မာ့ရိုးရာလက်ဝှေ့နည်းပြနှင့် ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

အဖွင့်ကျင်အဖြစ် ကျော်အောင်စိန်နှင့် မိုးချေတို့ ယှဉ်ပြိုင်ကစားကြသည်။ ရခိုင်ရိုးရာကျင်ကိုင်ပွဲတွင် ရွှေမောင်းတန်း ပထမဆုကို ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကို ငွေကျပ် ခြောက်သိန်း ချီးမြှင့်မည်ဖြစ်ပြီး ငွေမောင်းတန်း ပထမဆုကို ငွေကျပ် ခြောက်သိန်း၊ ဒုတိယဆုကို ငွေကျပ် လေးသိန်း ချီးမြှင့်မည်ဖြစ်ရာ ကျင်ကိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံးနေ့တွင် ဆုများကို အသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# စစ်တွေမြို့၌ အဆင့်မြင့်ရက်ကန်းပညာသင်တန်း ဖွင့်လှစ်

**စစ်တွေ ဖေဖော်ဝါရီ ၁၀** ရခိုင်ရိုးရာ ရက်ကန်းအထည်များကို မြန်မာနိုင်ငံတစ်ဝန်း၌ အမြတ်တနိုး ဝတ်ဆင်လျက်ရှိကြသည်။ အဆိုပါ မိရိုးဖလာ ရက်ကန်းပညာရပ်များ၌ အရည်အသွေး ပိုမိုကောင်းမွန်၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန်ရည်ရွယ်ပြီး အဆင့်မြင့် ရက်ကန်းပညာသင်တန်းကို စစ်တွေမြို့၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆင့်မြင့် ရက်ကန်းပညာသင်တန်းကို Suu Foundation ၏ ငွေကြေးထောက်ပံ့မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် စုမ်းတူအထည်ထုတ်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်း၍ စစ်တွေ၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်များမှ ရက်ကန်းပညာရှင်များနှင့် ရက်ကန်းလုပ်ငန်းရှင် ၄၀ ကျော်ကို ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ



စစ်တွေမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်ကျောင်း၌ ဖွင့်လှစ်သင်ကြားခဲ့သည်။

သင်တန်းဖွင့်လှစ်နိုင်မှုအပေါ် ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းအုပ်ကြီး ဒေါ်သက်နှင်းဖြိုးက "ဒေသခံရက်ကန်းလုပ်နေတဲ့သူတွေကို ချည်ထည်တွေရဲ့ အသုံးဝင်မှုကို ပိုပြီးသိစေချင်တယ်၊ နောက်ပြီး ဈေးကွက်ဝင်တဲ့ အထည်တွေကိုလည်း ထုတ်လုပ်တတ်ဖို့ရည်ရွယ်ပြီး ဒီသင်တန်းကိုဖွင့်တာပါ၊ သင်တန်းတက်ရောက်ကြသူတွေ အနေနဲ့ မူလရက်လုပ်နေတဲ့ ချည်ထည်လုပ်ငန်းတွေမှာ ဘယ်လိုလုပ်လိုက်ရင် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ တင်ပို့နိုင်တယ်ဆိုတဲ့ စိတ်ကူးစိတ်သန်းတွေ ရရှိနိုင်မယ်၊ ဓာတုဗေဒဆိုးဆေးတွေ အသုံးပြုရာမှာ ပတ်ဝန်းကျင် မထိခိုက်အောင် ဘယ်လိုအသုံးပြုရမယ်ဆိုတဲ့ အကျိုးကျေးဇူးတွေ ရရှိမှာပါ၊ ဒ့ါအပြင် ရိုးရာရက်ကန်းပညာနဲ့ နိုင်ငံတကာဒီဇိုင်းတွေကို နှီးနှောဖလှယ်ခွင့်ရတဲ့အတွက် ဈေးကွက်ဝင် ရိုးရာရက်ကန်းထည်တွေကို ပိုမိုရက်လုပ်နိုင်မယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

သင်တန်းတွင် လာအိုပိုးထည်လုပ်ငန်းရှင် ကာရိုးကက်စဒီနှင့် ဆွီဒင်လူမျိုး ရက်ကန်းသင်တန်းပညာရှင် အိုစာပါဆန်တို့က Reactive Dye နည်းလမ်းဖြင့် ဆေးဆိုးသူ၏ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ရက်ထည်များ၏ အရည်အသွေး ကောင်းမွန်ရန် ဘေးကင်းစွာ ဆေးဆိုးနည်း၊ အရောင်များဖန်တီးခြင်း၊ အရောင်များ ပေါင်းစပ်ပြီး အရောင်သစ်ဖန်တီးခြင်း၊ ရိုးရာဝတ်စုံများ ရက်လုပ်ရာတွင် အသုံးပြုသည့် သဘာဝချည်များဖြစ်သော လက်ငင်ချည်နှင့် ပိုးချည်များ၏ အရေးပါမှု စသည်တို့ကို သင်ကြားပေးခဲ့သည်။

Suu Foundation Myanmar မှ Director Ms. Mathea Falco က "ရိုးရာရက်ကန်းအပေါ်မှာ အခြေခံပြီး ဒီထက်ပိုကောင်းတဲ့ ဒီဇိုင်းတွေ၊ ခေတ်ပေါ်ဒီဇိုင်းတွေကို ဖန်တီးနိုင်မယ့်အပြင် ဈေးကွက်လည်း ပိုပြီးကြီးလာမယ်လို့ ထင်ပါတယ်၊ ဒ့ါအပြင် ဓာတုဗေဒဆိုးဆေးတွေကို အသုံးပြုတဲ့အခါမှာ လူကိုလည်း အန္တရာယ်မဖြစ်ဘူး၊ ပတ်ဝန်းကျင်ကိုလည်း ဆိုးကျိုးနည်းအောင် အသုံးပြုနည်းတွေကို သင်ကြားပေးပါတယ်၊ အခုလက်ရှိ ရိုးရာရက်ကန်းဈေးကွက်က သေးငယ်ပါတယ်၊ ရခိုင်မှာ ရိုးရာရက်ကန်းပညာက အလွန်ကို ကြီးမားပါတယ်၊ လူတိုင်းလိုလို ရက်ကန်းပညာကို တတ်ကြပြီး ဈေးကွက်မရှိသေးတာပါ၊ Safe Dye Method နဲ့ ချည်တွေသုံးမယ်ဆိုရင် ဈေးကွက်က ပိုရှိလာပြီး မိသားစုဝင်ငွေလည်း မြင့်မားလာမှာပါ"ဟု ပြောသည်။

သင်တန်းသူ မခင်ဝင်းက "အရင်ကတည်းက ဒီရက်ကန်းပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတာပါ၊ ဒီသင်တန်းတက်လိုက်တဲ့အတွက် ကိုယ့်ရခိုင်ထည်ကို ရိုးရာချည်ထည်နဲ့ အခုသင်ပေးတဲ့ ဆေးဆိုးနည်းပညာနဲ့ အသုံးပြုလိုက်ရင် ပိုပြီး ဈေးကွက်မှာ အောင်မြင်နိုင်မယ်၊ ဒီဇိုင်းရေးဆွဲနည်းတွေကိုလည်း ပိုပြီးသိလာရပါတယ်၊ အခုလိုသင်တန်းတက်လိုက်ရတဲ့အတွက် ဈေးကွက်ဝင်တဲ့ ချည်ထည်တွေကို ရက်လုပ်နိုင်လာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

**သတင်း- ဟန်လင်းနိုင်၊ ဓာတ်ပုံ- နိုင်လင်း**

# တရားမဝင် ကန့်သတ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ တရားမဝင် ကန့်သတ်ထားသောဆေးဝါးများ သယ်ဆောင်လာမှုကို မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့များက ဖေဖော်ဝါရီ ၉ ရက်တွင် သိမ်းဆည်းမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သည့် စွပ်ပွန်းနူး-မုပွလင်လမ်းတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ရှောင်တခင်စစ်ဆေးခဲ့ရာ ဆိုင်ကယ်ကယ်ရီများဖြင့် သယ်ဆောင်လာသည့် တရားမဝင် ကန့်သတ်ဆေးဝါးများဖြစ်သော Nanakid (1x12)(120ml)(30) Units၊ Depo Medeton (1x10)(3ml)(140) Units၊ Pencillin Tablets (6x10) (570) Units စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၆ ဒသမ ၀၄၆ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတွင် တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၈ ဒသမ ၂၅၈ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၁၄ စီး၊ သွင်းကုန် ၁၁၂၁ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**



**နေပြည်တော် ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် ဖမ်းဆီးနည်း (ဆင့်ပွား)သင်တန်း အမှတ်စဉ်(၄/၂၀၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပခဲ့ရာ နေပြည်တော် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိုးလင်းအောင် အဖွင့်အမှာစကားပြောကြားစဉ်။**

ခွန်းဆက်နေ

# ပိုလ်တထောင်မြို့နယ်အတွင်း ငွေနှင့် ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခိုးယူသူ ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်မြို့ ပိုလ်တထောင်မြို့နယ် အမှတ်(၄) ရပ်ကွက်တွင် အိမ်ရှင်များ မရှိခိုက် နေအိမ်အတွင်းသို့ ဖောက်ထွင်းဝင်ရောက်ပြီး ရွှေထည် လက်ဝတ်ရတနာပစ္စည်းမျိုးစုံ၊ Tablet နှင့် ငွေ (စုစုပေါင်းတန်ဖိုး ၁၈၂ သိန်းကျော်) ခိုးယူပျောက်ဆုံးသည့်အမှုမှ ပြစ်မှုကျူးလွန်သူအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ခုနစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီခန့်က ပိုလ်တထောင်မြို့နယ် အမှတ် (၄) ရပ်ကွက်နေ ဒေါ် ---- သည် ဆံပင်ညှပ်ပြီး နေအိမ်သို့ ပြန်လာစဉ် နေအိမ်တိုက်ခန်း သံဘာဂျာတံခါးမှာပွင့်နေပြီး အတွင်းသစ်သားတံခါးမှာ အတွင်းမှ ဂျက်ထိုးပိတ်ထားကြောင်းတွေ့ရသဖြင့် ပိတ်ထားသည့် သစ်သားတံခါးကို ချိုးဖျက်ပြီး နေအိမ်အတွင်းသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ iPad - SAMSUNG Galaxy Tab 5 တစ်လုံး၊ ရွှေထည်လက်ဝတ်ရတနာပစ္စည်းမျိုးစုံ ၁၇ မျိုး(တန်ဖိုး ၁၇၉ သိန်း) နှင့် ငွေသားကျပ် သုံးသိန်း စုစုပေါင်း ၁၈၂ သိန်း ပျောက်ဆုံးနေသည်ကို တွေ့ရသဖြင့် ပိုလ်တထောင်မြို့မရဲစခန်းသို့ တိုင်ကြားခဲ့သည်။

အမှုမှန်ဖော်ထုတ်ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပါဝင်သော အထူးအမှုစစ်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များက ခိုးမှုများကျူးလွန်ပြီး အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်လာသူများကို ရဲစခန်းမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးဖော်ထုတ်ခဲ့ရာ နေ့အချိန် ဖောက်ထွင်းခိုးယူခဲ့ဖူးသည့် ပြစ်ချက်ဟောင်းရှိသူ အေးမင်းစိုးကို မသင်္ကာဖွယ် စစ်ဆေးတွေ့ရှိရ၍ ၎င်းအား ဖေဖော်ဝါရီ ၇ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ရက် မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပရွတ်ကျေးရွာအုပ်စု ပရွတ်ကျေးရွာ အမကကျောင်း၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက အမျိုးသမီးများ ဘဝလုံခြုံစေရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေ ရေးရည်ရွယ်၍ အုပ်ထိန်းသူမိဘများနှင့် ကလေးသူငယ်များမှ သတိပြုလိုက်နာရန်အချက်များနှင့် မှုခင်းဖြစ်စဉ်များ၏ ပြစ်မှုများ၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။ တက်ရောက်လာကြသူများနှင့် ၎င်းတို့၏ ကလေးငယ်များ၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင် ၁၂၂ ဦးတို့အား သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မှုခင်းအသိပညာပေး ဟောပြော

**မော်လမြိုင် ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အောင်ပင်လယ်ရပ်ကွက် ဆင်ပုန်းဓမ္မာရုံရှေ့၌ ဖေဖော်ဝါရီ ၈ ရက်က မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှထွန်း၊ ကျိုက္ခမီနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းဌေးနှင့် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ သက်ငယ်မုဒိမ်းမှုနှင့် သက်ဆိုင်သည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို လည်းကောင်း၊ လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို လည်းကောင်း ဟောပြောခဲ့ကြသည်။

အလားတူ ဖေဖော်ဝါရီ ၇ ရက်က မုဒုံမြို့နယ် ကွမ်လှာကျေးရွာ ရွာလယ်လမ်းဆုံတွင် မှုခင်းအသိပညာပေးယာဉ်ဖြင့် ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်ရဲတပ်ဖွဲ့**

# မောင်တောမြို့နယ်တွင် ငွေကျပ် ၁၇၅၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက် ည ၉ နာရီခွဲက မောင်တောမြို့နယ် နတ်မြစ်အတွင်း တက်ချောင်းဝအနီး၌ လက်ခတ်လှေတစ်စင်းကိုတွေ့ရှိ ရှာဖွေရာ မောင်တောမြို့ အမှတ်(၂)ရပ်ကွက်နေ မာမစ်ဆာမောက်၊ အာဘူနှင့် အန်နာတူလာတို့အား အထုပ်တစ်ထုပ်နှင့်အတူ တွေ့ရှိရပြီး မူးယစ်တပ်ဖွဲ့စု(၄၆) မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၇၅၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် တပ်မတော်၊ မြဝတီခရိုင်ရဲတပ်ဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု(၃၂) မြဝတီတို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အေးသာယာ (၇)လမ်းနေ စောသန်းထွန်းဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၄၆ ပြားကိုလည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီခွဲတွင် ပုလဲမင်းစစ်ဆင်ရေးအရ မြိတ်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု ဘုတ်ချောင်းရပ်ကွက် ဘုတ်စုံလမ်းနေ ကျော်ခိုင်ဦး(ခ)ကျော်စိုး(ခ)တရုတ်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆ ပြား၊ ငွေကျပ် ၃ ဒသမ ၅ သိန်း၊ မော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့် မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



**မာမစ်ဆာမောက်၊ အာဘူနှင့် အန်နာတူလာတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

**သတင်းစဉ်**



**သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက် ည ၇ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၁) ရပ်ကွက်တွင် ပြုလုပ်ရာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းမှူး ဒု-ရဲမှူး မောင်မောင်ဦး အသိပညာပေးဟောပြောစဉ်။**

ကြေးမုံ

# အင်းစိန်မြို့နယ်တွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ် ကျော်နိုင်ဦးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် ဖော့ကန်ရပ်ကွက်အပိုင် ပုလဲလမ်း သံမဏိစက်ရုံအနီးတွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအဖြစ် ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်ခဲ့မှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်နေစဉ် ရွှေပြည်သာဘက်မှ အင်းစိန်ဘက်သို့ CANDA-110 ဆိုင်ကယ် အနက်ရောင် နံပါတ်မပါ မောင်းနှင်လာသော ကျော်နိုင်(၃၅)နှစ် ရွှေပြည်သာမြို့နယ် ပြည်တော်သာပတ်လမ်း (၁၀)ရပ်ကွက် နေသူအား စစ်ဆေးရှာဖွေရာ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၈ ပြား၊ အစိမ်းရောင် တစ်ပြား စုစုပေါင်း ၄၉ ပြား (တန်ဖိုးငွေကျပ် ၁၄၇၀၀၀ ခန့်)ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# မန်စီးတီးကစားသမားများကို ပြိုင်ဘက်ကစားသမားများ အဖျက်ကြမ်းမှုအပေါ် ဒိုင်များ ပြန်လည်စိစစ်ရန် မန်စီးတီးလိုလား

ပရီမီယာလိဂ်ဒိုင်များအနေဖြင့် မန်စီးတီးကစားသမားများကို ပြိုင်ဘက်များက ပြင်းပြင်းထန်ထန် ဖျက်ထုတ်မှုမျိုးပြုလုပ်ရာတွင် ကာကွယ်ပေးရန် ပျက်ကွက်နေမှုများအပေါ် အုပ်ချုပ်ရေးအဖွဲ့က စိစစ်သုံးသပ်ပေးရန် မန်စီးတီးအသင်းက လိုလားနေကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီမှာပင် မန်စီးတီးကစားသမားများအနေဖြင့် ပြိုင်ဘက်ကစားသမားများ၏ ကြမ်းတမ်းသည့်ဖျက်ထုတ်မှုကိုးကြိမ်အထိ ခံခဲ့ရသော်လည်း ထိုက်တန်သည့်ပြစ်ဒဏ်မျိုး ချမှတ်ခံရခြင်းမရှိခဲ့သည်ကို တွေ့ရသည်။ တိုက်စစ်မှူး စတာလင်းက မန်စီးတီးကစားသမားများကို ပြိုင်ဘက်များက အမဲဖျက်သလို ဖျက်နေကြသည်ဟု စွပ်စွဲခဲ့သလို ကွင်းလယ်လူ ဘာနာဒိုဆေးလ်ဗားကလည်း သူတို့မှာ ပြိုင်ဘက်များ၏ ပစ်မှတ်ဖြစ်နေသည်ဟု ဖွင့်ဟခဲ့ပြီးဖြစ်သည်။

ယင်းအတွက်ကြောင့် ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့သည့် ကစားသမားများကို ဒိုင်များက ပွဲချိန်အတွင်း ပြစ်ဒဏ်ချမှတ်စေကာမူ စည်းမျဉ်းများကို ပြန်လည်သုံးသပ်စေရန် မန်စီးတီးအသင်းဘက်မှ လိုလားနေခြင်းဖြစ်သည်။ နည်းပြ ဂွါဒီယိုလာကလည်း မန်စီးတီးအသင်းနှင့်ဆုံတိုင်း ပြိုင်ဘက်များက ကြမ်းတမ်းစွာဖျက်ထုတ်မှု ကျူးလွန်နေသည်ကို စိုးရိမ်မိကြောင်း ဆိုခဲ့ပြီး ဒိုင်များဘက်မှ မန်စီးတီးကစားသမားများကို ယခုထက် ပိုမိုအကာအကွယ်ပေးရန် တောင်းဆိုခဲ့သေးသည်။ အက်ဖ်အေဖလားပြိုင်ပွဲတွင် မန်စီးတီး တောင်ပံတိုက်စစ်မှူး ဆာနေးမှာ ကာဒစ်ကစားသမား ဂျိုးဘန်းနက်၏ ကြမ်းတမ်းသည့် ဖျက်ထုတ်မှုကြောင့် ရက်သတ္တခြောက်ပတ်မှ ခုနစ်ပတ်အထိ အနားယူခဲ့ရပြီး မန်စီးတီးအသင်း၏ စီနီယာကစားသမား ခုနစ်ဦးအထိ အနားယူခဲ့ရပြီးဖြစ်သည်။

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၂၆) အပြီးတွင် ဇယားထိပ်မှ မန်ယူထက် ၁၃ မှတ်အသာဖြင့် အမှတ်ပေးဇယားကို လွတ်လွတ်ကျွတ်ကျွတ်ဦးဆောင်နေသည်။ စတာလင်းက ပြိုင်ဘက်ကစားသမားများက ရှုံးနိမ့်နေချိန်တွင် ကစားသမားများကိုသာ လိုက်ကန်နေပြီး အချို့သော ဖျက်ထုတ်မှုများက ဆိုးရွားလွန်းကြောင်း ဆိုခဲ့သည်။

**မန်စီးတီးကစားသမားများရရှိသည့် ကြမ်းတမ်းသည့် ဖျက်ထုတ်မှု**

| ဖျက်ထုတ်ခံရသည့် ကစားသမား | ဖျက်ထုတ်သူ | ပြစ်ဒဏ် |
|---|---|---|
| ဂန်ဒိုဂန်(လူစားလဲခဲ့ရ) | ယာကော့ပ်(ဝက်စ်ဘရွန်း) | အဝါကတ် |
| စတာလင်း | ဟယ်ရီကိန်း(စပါး) | အဝါကတ် |
| ဒီဘရိုင်း(ပွဲပြီးဆုံးသည်အထိကစား) | ဒီလီအယ်လီ(စပါး) | အဝါကတ် |
| ဖီးလ်ဖိုဒန်(ဖိုဒန် ၁၂ ပွဲ လွဲချော်) | ဟယ်ရီမာဂရီ(လက်စတာ) | ပြစ်ဒဏ်ပေးခြင်းမရှိ |
| ဂန်ဒိုဂန်(ပွဲပြီးသည်အထိ ကစား) | ဂျက်ကော့မာဖီ(နယူးကာဆယ်) | ပြစ်ဒဏ်ချမှတ်ခံရခြင်းမရှိ |
| ဒီဘရိုင်း(ထမ်းစင်ဖြင့် သယ်ထုတ်) | ဂျာဆန်ပါချွန်(ခရစ္စတယ်ပဲလ့စ်) | အဝါကတ် |
| ဆာနေး(ခြောက်ပတ်နား) | ဂျိုးဘန်းနက်(ကာဒစ်) | အဝါကတ် |
| ကီဗင်ဒီဘရိုင်း(ပွဲပြီးအောင်ကစား) | ဂျိမ်းမက်ကလန်(ဝက်စ်ဘရွန်း) | အဝါကတ် |
| ဘရာဟီရမ် ဒိုင်ယာ့ဇ်(ပွဲပြီးအောင်ကစား) | မက်ဖိလစ်(ဝက်စ်ဘရွန်း) | အဝါကတ် |

မေလှသင်း - ရေးသားသည်

**ဖေဖော်ဝါရီ ၁၀ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

ပရီမီယာလိဂ် ပွဲစဉ် - ၂၇

| | | |
|---|---|---|
| စပါး | ၁ - ၀ | အာဆင်နယ် |
| အဲဗာတန် | ၃ - ၁ | ပဲလေ့စ် |
| စတုတ် | ၁ - ၁ | ဘရိုက်တန် |
| ဆွမ်ဆီး | ၁ - ၀ | ဘန်လေ |
| ဝက်စ်ဟမ်း | ၂ - ၀ | ဝက်ဖို့ဒ် |

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၂

| | | |
|---|---|---|
| ဒေါ့မွန် | ၂ - ၀ | ဟမ်းဘတ် |
| လေဗာကူဆင် | ၀ - ၂ | ဟာသာဘာလင် |
| ဟော်ဖန်ဟိမ်း | ၄ - ၂ | မိန့်ဇ် |
| ဖရန့်ဖတ် | ၄ - ၂ | ကိုလုံး |
| ဟန်နိုဗာ | ၂ - ၁ | ဖရိုင်းဘတ် |

စပိန်လာလီဂါ ပွဲစဉ် - ၂၃

| | | |
|---|---|---|
| ဗီလာရီးယဲလ် | ၁ - ၂ | အလာဗတ်စ် |
| ဘီဘာအို | ၀ - ၀ | လက်ပါးမက်စ် |

အီတလီစီးရီးအေ ပွဲစဉ် - ၂၄

| | | |
|---|---|---|
| SPAL | ၀ - ၄ | အေစီမီလန် |

ခိုင်ဝင်း



# မန်ယူကွင်းလယ်ကစားသမား ဟာရဲရားအား အေစီမီလန်ခေါ်ယူရန် ပစ်မှတ်ထားနေ

မန်ယူကွင်းလယ်ကစားသမား အန်ဒါဟာရဲရားအား အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

ဟာရဲရားသည် ၂၀၁၄ ခုနှစ်အတွင်းက ဘီဘာအိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၁၅၁ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၁၆ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့ကြောင်းသိရသည်။

ကွင်းလယ်ကစားသမား ဟာရဲရားသည် ယခင်က မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိနေခဲ့သော်လည်း ကွင်းလယ်ကစားသမား မာတစ်အား ခေါ်ယူခဲ့ပြီးနောက်ပိုင်း ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသည်။

နည်းပြမော်ရင်ဟိုကလည်း ဟာရဲရားနေရာတွင် အစားထိုးရန် မိုနာကိုကွင်းလယ်ကစားသမား ဖာဘင်ဟိုအား မျက်စိကျလျက်ရှိပြီး အဆိုပါဘရာဇီးကစားသမားမှာ ပေါင် ၄၅ သန်းဝန်းကျင်ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် နည်းပြမော်ရင်ဟိုအနေဖြင့် ချီလီတိုက်စစ်မှူး ဗီဒယ်ကိုပါ ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။



# တိုက်စစ်မှူးမိုရက်တာ ရီးယဲလ်သို့ပြန်မည်ဟု အရိပ်အမြွက်သတင်းများ ထွက်ပေါ်

ချယ်လ်ဆီးတိုက်စစ်မှူး မိုရက်တာသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး လက်ရှိတွင် အသင်းဟောင်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်သွားရောက်ကစားမည်ဆိုသည့် အရိပ်အမြွက်သတင်းများ ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

မိုရက်တာသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ဖြင့် ချယ်လ်ဆီးသို့ ရောက်ရှိခဲ့ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်သွင်းဂိုး ၁၀ ဂိုးအထိသွင်းယူထားနိုင်ခဲ့သည်။

တိုက်စစ်မှူး မိုရက်တာသည် movistar+ နှင့်အင်တာဗျူးတစ်ခုတွင်မူ လက်ရှိကလပ် ချယ်လ်ဆီးအသင်းတွင် ပျော်ရွှင်မှုရရှိနေသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းတွင် ပြန်လည်ကစားရန်ဆန္ဒရှိနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်

# ရှက်ခ်တာဒိုးနက်စ်ခ်ကွင်းလယ်လူ ဖရက်အား ခေါ်ယူရန် ပေါင် ၄၄ ဒသမ ၅ သန်းဖြင့် မန်စီးတီးသဘောတူညီမှုရရှိ

မန်စီးတီးအသင်းသည် ရှက်ခ်တာဒိုးနက်စ်ခ်ကွင်းလယ်ကစားသမား ဖရက်အား ခေါ်ယူရန်အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ဘဲ လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ လက်ရှိတွင် ပြောင်းရွှေ့ကြေးပေါင် ၄၄ ဒသမ ၅ သန်းဖြင့် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဖရက်အနေဖြင့်လည်း မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းကတည်းက ပြင်ဆင်ခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းကလည်း ဖရက်အားခေါ်ယူရန်အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလ တစ်လလုံးနီးပါးကြိုးပမ်းခဲ့ကြောင်းလည်း သိရသည်။

မန်စီးတီးအသင်းသည် လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားတွင်လည်း ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိပြီး ဖလားသုံးလုံးလမ်းကြောင်းပေါ်တွင် ရှိနေသည့်အသင်းဖြစ်သည်။ သို့ရာတွင် အသင်း၏ လက်ရှိအောင်မြင်မှုကို ဆက်ထိန်းထားနိုင်ရန်နှင့် လာမည့်ဘောလုံးရာသီတွင်လည်း ချန်ပီယံလိဂ်တွင် အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်နိုင်ရန် ကစားသမားဖြည့်တင်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

# လူ့အခွင့်အရေးများချိုးဖောက်မခံရစေဖို့

# အဂတိလိုက်စားခြင်းကိုတွန်းလှန်ကြပါစို့

ဒေါက်တာခိုင်ခိုင်ဝင်း

အဂတိလိုက်စားခြင်းသည် ယနေ့တိုင် ကမ္ဘာကြီးတွင် အမြစ်ဖြတ်သုတ်သင်၍မရသည့် ရောဂါဆိုးတစ်ခု ဖြစ်သလို ကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်တစ်ခုလည်း ဖြစ်ပါသည်။ အဂတိလိုက်စားမှုများလေလေ နိုင်ငံ၏ စီးပွားရေး၊ တည်ငြိမ်ရေး၊ အုပ်ချုပ်ရေးတို့တွင် ထိခိုက်မှုများရှိနိုင်သလို ပြည်သူများ၏ လူ့အခွင့်အရေးများ အပြည့်အဝခံစားရရှိရေးတို့တွင် အားနည်းမှုများ ရှိလာမည်ဖြစ်သည်။ သို့အတွက် နိုင်ငံအများအပြားတွင် အဂတိလိုက်စားခြင်း လျော့နည်းပပျောက်စေရန် နည်းမျိုးစုံဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြသည်ကိုတွေ့ရှိရပါသည်။

**ရယူရန်အားထုတ်**

အဂတိလိုက်စားမှုဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တစ်စုံတစ်ရာကိုပြုလုပ်ရန်၊ ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီရထိုက်သောအခွင့်အရေးပေးရန်၊ သို့မဟုတ် ဥပဒေနှင့်အညီရထိုက်သောအခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်သော်လည်းကောင်း၊ သက်ဆိုင်သူထံမှ တံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူ တစ်ဦးဦးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း၊ သို့မဟုတ် တစ်နည်းနည်းဖြင့် ဆွေးနွေးခြင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေပြုလုပ်ခြင်းဟု ဆိုပါသည်။

**အတားအဆီး အနှောင့်အယှက်**

အဂတိလိုက်စားခြင်းသည် လူအများအကြား ယဉ်ပါးနေသောကိစ္စဖြစ်သော်လည်း အဂတိလိုက်စားခြင်းနှင့် လူ့အခွင့်အရေးဆက်နွှယ်မှုကိုမူ သိရှိဂရုပြုမိသူ နည်းပါးနေပါသေးသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး Office of the High Commissioners for Human Rights, OHCHR အဖွဲ့ကြီးမှ အဂတိလိုက်စားခြင်းနှင့် လူ့အခွင့်အရေးဆက်နွှယ်မှုနှင့် စပ်လျဉ်းပြီး အဂတိ လိုက်စားခြင်းသည် လူ့အခွင့်အရေးများအား အသိအမှတ်ပြုခံစားရရှိရေးတွင် ကြီးမားသော အတားအဆီး အနှောင့်အယှက်ဖြစ်ပါကြောင်းနှင့် လူ့အခွင့်အရေး၏ အဓိက စံအချက်များဖြစ်သည့် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ခွဲခြားမှုမရှိခြင်း၊ အဓိပ္ပာယ်ပြည့်ဝစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာအကောင်အထည်ဖော်ခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ သို့အတွက် အဂတိလိုက်စားမှုကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်လျှင်ဖြင့် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ တရားမျှတမှုတို့ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်လည်းဖြစ်ပါသည်။

**အကာအကွယ်ပေးရန်**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥပဒေ၏ ရည်ရွယ်ချက်များထဲမှ တစ်ခုကို ကြည့်မည်ဆိုလျှင်လည်း "အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်" ဟုဆိုထားသောကြောင့် အဂတိလိုက်စားမှုများကြောင့် နိုင်ငံသားများ၏ အခွင့်အရေးများ ထိခိုက်ခြင်းများ ဖြစ်ပေါ်ရသည့်အတွက် အဂတိလိုက်စားမှုကိုတိုက်ဖျက်၍ နိုင်ငံသားများ၏ အခွင့်အရေးများ ထိခိုက်မှုမရှိစေရေး အကာအကွယ်ပေးရမည်ဟု ရည်ရွယ်ထည့်သွင်းထားသည်ကို ကြည့်ခြင်းအားဖြင့် အဂတိလိုက်စားခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ချိတ်ဆက်ဖြစ်တည်မှုကို သိရှိနိုင်သည်လည်း ဖြစ်သည်။

**သုံးသပ်ဆန်းစစ်ချက်အရ**

အဂတိလိုက်စားခြင်းသည် လူ့အခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းဖြစ်သည်ဆိုပြီး နိုင်ငံတကာဥပဒေများတွင် တရားဝင်အသိအမှတ်ပြု ထည့်သွင်းထားခြင်းမျိုး မရှိသေးသော်လည်း အဂတိလိုက်စားခြင်းကြောင့် လူ့အခွင့်အရေးများ ထိပါးချိုးဖောက်ခံရခြင်းများကိုမူ အသိအမှတ်ပြုထားကြပြီးဖြစ်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International) မှ ထုတ်ပြန်သည့် Corruption Perceptions Index 2014 အစီရင်ခံစာတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ အား သုံးသပ်ဆန်းစစ်ချက်အရ လက်တင်အမေရိကနိုင်ငံများထဲမှ နိုင်ငံတစ်ခုဖြစ်သည့် ဗင်နီဇွဲလားနိုင်ငံနှင့် စပ်လျဉ်းပြီး ဗင်နီဇွဲလားနိုင်ငံသည် Corruption Perceptions Index အညွှန်းကိန်း (၁၉) ဖြစ်ပြီး လူ့အခွင့်အရေးအခြေအနေများ ဆိုးရွားလွန်းနေကြောင်းနှင့် အဂတိလိုက်စားမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆိုးရွားစွာ ဖြစ်ပေါ်နေမှုများကြောင့် လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို ဗင်နီဇွဲလားနိုင်ငံသူ၊ နိုင်ငံသားများ ဆိုးရွားစွာ ခံစားနေရကြောင်းကို Corruption and Human Rights Violations in Venezuela ခေါင်းစဉ်ဖြင့် Transparency International တွင် ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက် ရက်စွဲဖြင့် သတင်းရေးသားထားသည်ကို လေ့လာသိရှိရပါသည်။

**ခန့်မှန်းနိုင်**

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံအတွင်းရှိ နိုင်ငံသားများ၏ လူ့အခွင့်အရေးများ အပြည့်အဝကာကွယ်ထားခြင်း၊ ခံစားရရှိခြင်း ရှိ- မရှိ ကို အဆိုပါနိုင်ငံ၏ အဂတိလိုက်စားမှု ညွှန်းကိန်းများ၊ နိုင်ငံ၏ အဂတိလိုက်စားမှုအခြေအနေများကို ကြည့်ရှုသုံးသပ်နိုင်သလို အဂတိလိုက်စားခြင်း အခြေအနေ အဆိုးအကောင်းအပေါ် မူတည်ပြီး အဆိုပါနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ၊ တရားဥပဒေ စိုးမိုးမှု အခြေအနေ၊ အုပ်ချုပ်ရေး အခြေအနေကို သိရှိခန့်မှန်းနိုင်သည်လည်းဖြစ်သည်။

**ထိပါးချိုးဖောက်**

လူသားများ၏ လူ့အခွင့်အရေးများ အပြည့်အဝခံစားရရှိပျော်ရွှင်ရေးတွင် အဂတိလိုက်စားခြင်းသည် အဟန့်အတား ဘေးအန္တရာယ်တစ်ခုဖြစ်လာနေပြီဖြစ်သည်။ မည်သည့်အခြေအနေမျိုးတွင် ရှိနေသူဖြစ်ပါစေ လူသားများသည် ၎င်းတို့၏ မွေးရာပါအခွင့်အရေးများကို ခံစားခွင့်ရှိပါသည်။ လူတိုင်း လူ့အခွင့်အရေးများ လိုချင်တောင့်တကြပါသည်။ မိမိကိုယ်တိုင် လူ့အခွင့်အရေး ခံစားရရှိနိုင်သလို အခြားသူတွင်လည်း တူညီသည့်အခွင့်အရေးရှိကြောင်း ဂရုပြုရပါမည်။ သို့သော်လည်း အဂတိလိုက်စားခြင်း၊ အဂတိလိုက်စားမှုတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခြင်း၊ အားပေးခြင်းတို့ ပြုလုပ်မည်ဆိုပါက မိမိကိုယ်တိုင် အခြားသူ၏ လူ့အခွင့်အရေးများ ချိုးဖောက်နေပြီဖြစ်ကြောင်းသိရပါမည်။ မိမိကိုယ်ကျိုးစီးပွားအတွက် လာဘ်ရယူ၍ တရားမျှတမှု မရှိသော၊ ဘက်လိုက်သော ဆုံးဖြတ်ချက်တစ်ခုခုကို ချမှတ်ခြင်းသည် အခြားသူတစ်ဦးဦး (သို့မဟုတ်) အများ၏ လူ့အခွင့်အရေးကို ထိပါးချိုးဖောက်လိုက်ခြင်းပင်ဖြစ်ပါသည်။

နိဂုံးချုပ်ဆိုရလျှင် အဂတိလိုက်စားခြင်းကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူ့အခွင့်အရေးများ ထိပါးချိုးဖောက်ခံရခြင်းများနှင့်အတူ နိုင်ငံ၏ ပုံရိပ်လည်း ကျဆင်းစေပါသည်။ အဂတိလိုက်စားခြင်း တွန်းလှန်တိုက်ဖျက်မှုများကို ပညာပေးခြင်းနည်းများဖြင့်လည်းကောင်း၊ ဥပဒေများ၊ စီမံကိန်းများ၊ စီမံချက်များ ချမှတ်၍လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် တိုက်ဖျက်ဆောင်ရွက်စေကာမူ ပင်ကိုကျင့်ဝတ်ဖြင့် ထိန်းသိမ်းခြင်း၊ ကိုယ်ချင်းစာတရားဖြင့် ထိန်းသိမ်းခြင်း၊ လူ့အခွင့်အရေး အခြေခံစံနှုန်းများကို လေးစားလိုက်နာ ထိန်းသိမ်းခြင်းစသည့် နည်းလမ်းများသည်သာ အဂတိလိုက်စားမှု တွန်းလှန်တိုက်ဖျက်ရေးတွင် အမြန်ဆုံး ထိရောက်မှုရှိသည့် နည်းလမ်းများဟုဆိုချင်ပါသည်။

ထို့အပြင် လူ့အခွင့်အရေး အနှစ်သာရ စံနှုန်းများဖြစ်သည့် ခွဲခြားမှု မရှိခြင်း၊ လေးစားမှု၊ ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု စသည်တို့ကို လေးစားလိုက်နာပြီး မိမိကိုယ်တိုင် မိမိဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားသလို အခြားသူ၏ ဂုဏ်သိက္ခာကိုလည်း လေးစားတန်ဖိုးထားလျက် လူသားများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကိုလည်း စောင့်ထိန်းကာ မိမိအသိဉာဏ် ပင်ကိုစိတ်ထားကျင့်ဝတ်ဖြင့် အဂတိလိုက်စားခြင်းကိုတွန်းလှန်တိုက်ဖျက်ကြပါစို့ဟုတိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကားစာရင်း**

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ မြန်မာ့အလင်းသတင်းစာ၊ ဦးဟန်ညွန့်(ဥပဒေ) ၁- ၁၂-၂၀၁၇
၂။ မြန်မာနိုင်ငံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥပဒေ
၃။ The Negative impact of corruption on the enjoyment of human rights, A/HRC/RES/23/9


လူ့အခွင့်အရေး၏ အဓိက စံအချက်များဖြစ်သည့် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ခွဲခြားမှု မရှိခြင်း၊ အဓိပ္ပာယ်ပြည့်ဝစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာအကောင်အထည်ဖော်ခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းကို . . .















# လေ့ခွက်ချည်းကျန် အလံမလဲ့ ပြည်သူ့အောင်ပွဲ

ကိုရင်ငြ

တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းစီရင်စု၌ ကျင်းပမည့် ၂၃ ကြိမ်မြောက် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်အား ဖေဖော်ဝါရီ ၉ ရက်တွင် ဖွင့်လှစ်လိုက်ပြီဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေသော အခါ ကိုရီးယားကျွန်းဆွယ်၌ မှီတင်းနေထိုင်ကြကုန်သော ကိုရီးယားလူမျိုးအပေါင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်မှု ဖြစ်ရလေ၏။

အိုလံပစ်ပွဲတော်ကျင်းပရာ ပြုံချမ်းစီရင်စုသည်ကား မြို့တော်ဆိုးလ် အရှေ့ဘက်မိုင် ၈၀ ခန့်အကွာ၊ ကိုရီးယားနှစ်နိုင်ငံကို ပိုင်းခြားထားသော စစ်မဲ့ဇုန်တောင်ဘက်မိုင် ၆၀ အကွာတွင် တည်ရှိလေသည်။

အိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကိုရီးယားနှစ်နိုင်ငံမှ အားကစားသမားများက ပြန်လည်ပေါင်းစည်းရေး အလံကိုကိုင်စွဲကာ ပူးတွဲချီတက်ကြရန် သဘောတူညီခဲ့ကြခြင်းမှာ သမိုင်းဝင်ထူးခြားဖြစ်စဉ်အဖြစ် ကျွန်ုပ်ရှုမြင်မိလေသည်။

ကျက်သရေမင်္ဂလာအပေါင်း ခညောင်းသော အိုလံပစ်အားကစားပွဲတော်ကို ကျင်းပနိုင်ခြင်းမှာ ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် ကြီးစွာ အထောက်အကူပြုသည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

ဇန်နဝါရီ ၉ ရက်က တောင်နှင့်မြောက်ကိုရီးယားတို့၏ သမိုင်းဝင်ဆွေးနွေးပွဲကို နှစ်နိုင်ငံနယ်စပ်ရှိ အပစ်အခတ်ရပ်စဲရေးကျေးရွာဖြစ်သော ပန်မွန်ဂျုံကျေးရွာ၌ ကျင်းပသည်ဆိုသော သတင်းတစ်ပုဒ်ကိုလည်း ကျွန်ုပ်ဖတ်ရှုခဲ့ရသေး၏။ ပန်မွန်ဂျုံကျေးရွာ၏ ထူးခြားသော ဝိသေသလက္ခဏာများနှင့် ပတ်သက်၍လည်း ကျွန်ုပ်စူးစမ်းလေ့လာမိ၏။

### ဝိရောဓိတရား

ကိုရီးယားစစ်ပွဲသည် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၂၅ ရက်နေ့တွင် တောင်နှင့်မြောက်ကိုရီးယားအကြား စတင်ခဲ့ပြီး ၁၉၅၃ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးကာ စစ်ရပ်စဲခဲ့သည့် စစ်ပွဲပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် စစ်အေးခေတ်အတွင်း တောင်နှင့်မြောက်ကိုရီးယားနှစ်ဖက်နိုင်ငံ၏ နောက်ကွယ်မှ နိုင်ငံပေါင်းများစွာ ပါဝင်စွက်ဖက်ခဲ့သည့် စစ်ပွဲကြီးသည် ယနေ့ကာလတိုင်အောင် ကိုရီးယားနှစ်နိုင်ငံကို ပြဒါးတစ်လမ်း သံတစ်လမ်းအဖြစ်သို့ ရောက်ရှိစေခဲ့လေသည်။

တောင်နှင့် မြောက်ကိုရီးယားတို့ အပစ်အခတ်ရပ်စဲရေးစာချုပ်ကိုသာ ရေးထိုးခဲ့သဖြင့် ယနေ့အထိ စစ်ပွဲမှာ လုံးဝအပြီးသတ်ခြင်းမရှိသေးပေ။ မြောက်လတ္တီတွဒ် ၃၈ ဒီဂရီမျဉ်းကြောင်းရှိ နယ်စပ်စစ်မဲ့ဇုန်တွင် ကြိုးကြားကြိုးကြားတိုက်ပွဲများဖြစ်ပွားခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ ကိုရီးယားကို ကိုလိုနီနယ်အဖြစ် အုပ်စိုးခဲ့သည့် ဂျပန်တို့ ၁၉၄၅ ခုနှစ်တွင် စစ်ရှုံးခဲ့ရသည့် ပယောဂကြောင့် ကိုရီးယားနှစ်နိုင်ငံ ကွဲခဲ့ရသည်ဟု သမိုင်းဆရာတို့က ရှုမြင်ကြသည်။ ကိုရီးယားနှစ်နိုင်ငံကို ဂိုဏ်းကွဲဝါဒများ အသီးသီးကျင့်သုံးကြခြင်းမှာ သမိုင်းဆိုးမွေတစ်ရပ်ဟု ဆိုနိုင်ပေသည်။

၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလက ခရိုင်းမီးယားကျွန်းဆွယ်ရှိ ယော်လတာမြို့၌ ကျင်းပခဲ့သော မဟာမိတ်နိုင်ငံကြီးများ၏ ညီလာခံတွင် ကိုရီးယားအရေး၌ စစ်ဆင်မှုလွယ်ကူစေရန် မြောက်လတ္တီတွဒ် မျဉ်းကြောင်း ၃၈ ဒီဂရီ၏ မြောက်ဘက်ပိုင်းကို ဆိုဗီယက်တပ်များက သိမ်းယူရန်နှင့် တောင်ဘက်ပိုင်းကို အမေရိကန်တပ်များက သိမ်းယူရန် သဘောတူညီခဲ့ကြသည်။


ဓာတ်ပုံ- တိုင်းမ်

သေနင်္ဗျူဟာနည်းအရ စစ်ဆင်မှုလွယ်ကူစေရန် စီစဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် ဒုတိယကမ္ဘာစစ်ပြီးဆုံးသောအခါ မဟာမိတ်နိုင်ငံကြီးများ၏ အမြင် ကျဉ်းမှုကြောင့် ထိုနယ်နိမိတ်အတိုင်းပင် ကိုရီးယားကျွန်းဆွယ်သည် မြောက်ပိုင်း၊ တောင်ပိုင်းကွဲပြားလျက် ယနေ့တိုင် တည်ရှိနေရသည်။

၁၉၄၅ ခုနှစ် ဒီဇင်ဘာလတွင် မော်စကို၌ ကျင်းပသော နိုင်ငံရေးခြားဝန်ကြီးများ အစည်းအဝေးက ကိုရီးယားတောင်ပိုင်းနှင့် မြောက်ပိုင်းကို ပူးပေါင်းစေ၍ နိုင်ငံကြီးလေးနိုင်ငံက ငါးနှစ်ခန့် ထိန်းသိမ်းထားရန် ဆုံးဖြတ်ခဲ့ကြလေသည်။

သို့ရာတွင် ဆိုဗီယက်နှင့် အမေရိကန်တို့ သဘောကွဲလွဲမှုကြောင့် အကောင်အထည်ပေါ်မလာခဲ့ချေ။ သို့ဖြင့် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလတွင် မာရှယ် ကင်အီဆွန်းကြီးမှူးသော မြောက်ကိုရီးယားအစိုးရက ‘ကိုရီးယားပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ’ကို တည်ထောင်လိုက်၍ ဩဂုတ်တွင် ဒေါက်တာဆင်မန်ရီးကြီးမှူးသော တောင်ကိုရီးယားအစိုးရက ‘ကိုရီးယား သမ္မတနိုင်ငံ’ ထူထောင်ကြောင်း ကြေညာလိုက်သည်။

သူတို့ရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှစ်ခုစလုံး၌ တောင်ပိုင်းရော မြောက်ပိုင်းပါ ပါဝင်သည့် ကိုရီးယားတစ်နိုင်ငံလုံးကို ဆိုလိုကြောင်း ဖော်ပြထားသည်။

မြောက်ကိုရီးယားအစိုးရအား ဆိုဗီယက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (တရုတ်နီ) တို့က အသိအမှတ်ပြုပြီး ပြည်ထောင်ချင်းစီးပွားရေးစာချုပ်များ အသီးသီးချုပ်ဆိုကြသည်။ မြောက်ပိုင်းတွင် ဆိုဗီယက်စီးပွားရေးစီမံကိန်းအရ မြေယာစနစ်ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ကာ စက်မှုလက်မှုလုပ်ငန်းများကို ထူထောင်ကြသည်။

တောင်ကိုရီးယားအစိုးရကိုမူ အမေရိကန်၊ အင်္ဂလန်နှင့် ချန်ကေရှိတ် ဦးဆောင်သော တရုတ်အမျိုးသားအစိုးရ (တရုတ်သမ္မတနိုင်ငံ) (တရုတ်ဖြူ)တို့က အသိအမှတ်ပြု၍ အမေရိကန်၏ အကူအညီဖြင့် စက်မှုလက်မှုလုပ်ငန်းများကို ပြန်လည်ထူထောင်ကြသည်။

ဤသို့ဖြင့် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့မှာ လတ္တီတွဒ် ၃၈ ဒီဂရီ မျဉ်းပြိုင်အနီးတွင် တပ်ဖွဲ့များကို အသီးသီးဖြန့်ကြက်ထားကြသည်။ မဟာမိတ်နိုင်ငံကြီးများ၏ အမြင်ကျဉ်းမှုကြောင့် ကိုရီးယားကျွန်းဆွယ် နှစ်ပိုင်းကွဲခဲ့ရသည်ဆိုသော သမိုင်းအမြင်မှာ စူးရှလေးနက်လှသည်။

### အိုလံပစ်ဟူသည်ကား

အိုလံပစ်ဟူသော အမည်သည်ကား ရှေးနှစ်ပေါင်း ၂၇၀၀ ကျော်က ဂရိနိုင်ငံ အိုလံပီယာမြို့တွင် ဂရိလူမျိုးတို့က ကျင်းပခဲ့သော ပွဲတော်အမည်ပါပေတည်း။

ဇုနတ်ဘုရားကြီးအား ပူဇော်ပသရန်၊ နတ်များအား ပူဇော်ပသရန် ကစားခုန်စားပွဲများ ကျင်းပခဲ့ကြပြီး ထိုပွဲများသည် အိုလံပစ်ပွဲတော်၏ သမိုင်းအစဖြစ်သည်။

ပထမဆုံး ခေတ်သစ်အိုလံပစ်ကို ၁၈၉၆ တွင် ဂရိနိုင်ငံ အေသင်မြို့တွင် စတင်ကျင်းပခဲ့သည်။ ခေတ်သစ် အိုလံပစ်အားကစားပွဲတွင် နွေရာသီအိုလံပစ်ပွဲတော်နှင့် ဆောင်းရာသီ အိုလံပစ်ပွဲတော်တို့ ပါဝင်လေသည်။ ပါရာလံပစ် (Paralympic) နှင့် လူငယ်အိုလံပစ်ပြိုင်ပွဲများသည်လည်း ခေတ်သစ်အိုလံပစ်ပြိုင်ပွဲများ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

ရှေးခေတ်ဂရိတို့သည် အိုလံပီယာချိုင့်ဝှမ်းရှိ ကွင်းပြင်တွင် ဇုနတ်မင်းကြီးအား ပူဇော်ပသပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပခဲ့ရာ ထိုနတ်ပွဲနှင့်အတူ အားကစားပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ရာမှ အိုလံပစ်ကစားပွဲတော်ဟု တွင်ခဲ့သည်။

သို့သော် ကြေးစား ဆန်လာသောကြောင့် ၃၉၄ ခုနှစ်တွင် ပိတ်ပင်ခြင်းခံခဲ့ရသည်။ ၁၈၉၆ ခုနှစ်သို့ရောက်သော် ပြင်သစ်အမျိုးသား ပဲရွန်ပီယဲကူဗာတင်၏ ကျေးဇူးကြောင့် အိုလံပစ်ကစားပွဲများကို ပြန်လည်ကျင်းပနိုင်ခဲ့လေသည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (I.O.C) ကို ၁၈၉၄ တွင် ပီယဲကူဗာတင်က စတင်တည်ထောင်ခဲ့သည်။

နှစ်ပေါင်း ၁၅၀၀ ကျော် တိမ်မြုပ်နေသော အိုလံပစ်ပွဲတော်ကို ပြင်သစ်လူမျိုး သမိုင်းပညာရှင် ပီယဲကူဗာတင်၏ စွမ်းဆောင်မှုဖြင့် ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည်။ ၁၈၉၄ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီကို စတင်တည်ထောင်ခဲ့ပြီး ခေတ်သစ်အိုလံပစ် စည်းမျဉ်းများကို ပြဋ္ဌာန်းခဲ့လေသည်။

အိုလံပစ်အလံမှာ အဖြူခံအပေါ်တွင် ကွင်းချင်းဆက်နေသော စက်ဝိုင်းငါးဝိုင်းဖြစ်သည်။ စက်ဝိုင်းကွင်းများ၏ အရောင်မှာ အပြာ၊ အဝါ၊ အနက်၊ အစိမ်းနှင့် အနီရောင်တို့ဖြစ်ပြီး ကမ္ဘာ့တိုက်ကြီးငါးတိုက် စည်းလုံးညီညွတ်ခြင်းကို ညွှန်းဆိုသည်။

အိုလံပစ်ပွဲတော် မကျင်းပမီ မူလပွဲတော်ကျင်းပရာ ဂရိနိုင်ငံ အေသင်မြို့ရှိ အိုလံပီယာတောင်ကုန်းတွင် အဆက်မပြတ်တောက်လောင်နေသော မီးရှူးတိုင်မှ ထွန်းညှိကူးယူရသည်။ အိုလံပစ် မီးရှူးတိုင်ကို ကျင်းပရာသို့ လက်ဆင့်ကမ်းသယ်ဆောင်၍ ပွဲတော်ကျင်းပရာ အဓိကအားကစားကွင်းအတွင်း ပွဲမပြီးမချင်း ထွန်းညှိထားရလေသည်။

### ကစားစဉ် ယဉ်ကျေးဖို့

အိုလံပစ်ပွဲတော်အပါအဝင် မည်သည့် အားကစားပြိုင်ပွဲတွင်မဟူ ကစားသမားများမှာ ကစားစဉ် ယဉ်ကျေးဖို့ထုံးကို နှလုံးမူကြရလေသည်။

ကစားစဉ် ယဉ်ကျေးကြဖို့ဟူသော အချက်မှာ ပြည်သူ့နီတိတစ်ရပ်ဖြစ်၏။ ယဉ်ကျေးမှု သရုပ်သကန်လည်းဖြစ်၏။ ကစားစဉ်၌ ယဉ်ကျေးခြင်းရှိရမည့် အချက်များမှာ -

၁။ ကစားသောအခါ စိတ်ပျော်ရွှင်ရန်ကိုသာ ဂရုပြုရာ၏။ သူတစ်ပါးအား ထိခိုက်နစ်နာစေခြင်းမရှိအပ်။(ကျန်းမာသန်စွမ်းစေသော ကစားနည်းများကိုသာလျှင် ကစားရာ၏)

၂။ ကစားသောအခါ အစုအသင်းဖွဲ့၍ ကစားခြင်းသည် တစ်ကိုယ်ကောင်းကြံတတ်သော စိတ်ကို ပယ်ဖျောက်စေသောကြောင့် ထိုကစားနည်းမျိုးကို အားပေးရာ၏။ (တစ်ကိုယ်ကောင်း အစွမ်းပြခြင်းထက် အဖွဲ့သားများနှင့် ညီညွတ်စွာကစားခြင်းကို ပြုရာသည်)

၃။ အရှုံး၊ အနိုင်ကို ပဓာနမထားဘဲ ကျန်းမာရေးနှင့် ပျော်ရွှင်စေရန်ကိုသာလျှင် ပဓာနထား၍ ကစားရာ၏။

၄။ ကစားရာ၌ ဝမ်းသာ၊ ဝမ်းနည်းခြင်းကို ထင်ရှား မပြရာ။ (နိုင်သောပွဲကို ကစားသကဲ့သို့ပင် ရှုံးသောပွဲကိုလည်း စိတ်မပျက်ဘဲ ကစားရာ၏)

၅။ အငြင်းအခုံဖြစ်လျှင် တစ်ဖက်ဆန္ဒပြောလိုချက်ကိုလည်း ကြည့်ရှုနားထောင်ရမည်။ အငြင်းမသန်ပါစေနှင့်။

၆။ ဒိုင်လူကြီး၏ အဆုံးအဖြတ်ကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဆင်ခြေမတက်ဘဲ ရိုသေစွာ နာခံရမည်။

၇။ ဒိုင်လူကြီးမရှိလျှင် အညီအညွတ်ဆုံးဖြတ်ပါ။

၈။ ကစားစဉ် မတော်တဆ ထိခိုက်မိလျှင် အပြစ်မယူပါနှင့်။ တမင်လုပ်သည် မဟုတ်ဟု ယူဆပါ။

၉။ မိမိကလည်း မရည်ရွယ်ဘဲ ထိုကဲ့သို့ ပြုလုပ်မိတတ်သည်ကို သတိပြုပါ။

၁၀။ ကြမ်းတမ်းသော စကား၊ ကြမ်းတမ်းသော အပြုအမူတို့ကို အလျင်းမသုံးပါနှင့်။ (ရှုံး၍ရမ်းခြင်းသည် အလွန်ရှက်ဖွယ်ကောင်း၏)

### အားကစားစိတ်ဓာတ်

အားကစားပြိုင်ပွဲများမှ ပေးစွမ်းသော စိတ်ဓာတ်သည်ကား ‘အားကစားစိတ်ဓာတ်’ ဖြစ်ပြီးလျှင် နိုင်ငံတော်အပေါ် ချစ်ခင်မြတ်နိုးစိတ်၊ လူမျိုးအပေါ် ချစ်ခင်မြတ်နိုးစိတ်၊ လေ့ခွက်ချည်းကျန် အလံမလဲ့သည့် စိတ်တို့ကို ရင်ဝယ်ပိုက်လျက် ကြိုးစားယှဉ်ပြိုင်ကြရပေသည်။

သန့်ရှင်းသော အားကစားစိတ်ဓာတ်၊ အရှုံးမပေးသော ရဲရင့်သည့် စိတ်ဓာတ်၊ မျှတသည့် ယှဉ်ပြိုင်မှုနှင့် စည်းလုံးညီညွတ်သော စိတ်ဓာတ်တို့သည် အောင်ပွဲအလီလီရရှိရေးအတွက် အရေးကြီးလှပေရာ အားကစားနယ်ပယ်တွင်သာမက နိုင်ငံတည်ဆောက်ရေးတွင် အားကစားစိတ်ဓာတ်ကို ပြည်သူတိုင်း ရင်ဝယ်ပိုက်ကြဖို့လိုသည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

လူသားတို့သည် နိစ္စဓူဝ ယှဉ်ပြိုင်မှုများရှိနေပြီး မည်သည့် နယ်ပယ်တွင်မဟူ တရားမျှတစွာ ယှဉ်ပြိုင်ခြင်း၊ ပြိုင်ဘက်တို့အပေါ် ကိုယ်ချင်းစာနာခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် ယှဉ်ပြိုင်ခြင်း၊ အခက်အခဲမျိုးစုံ တွေ့ကြုံရစေကာမူ ဇွဲမလျှော့စတမ်း ကြံ့ခိုင်စွာ ယှဉ်ပြိုင်ခြင်းတို့ရှိရန် လိုအပ်ပုံကို တွေးတောမိရင်း “လေ့ခွက်ချည်းကျန် အလံမလဲ့ ပြည်သူ့အောင်ပွဲ” ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

*Ref; South Korea, DPRK agree to march together during winter olympics; Wikipedia.*

ကြေးမုံ





## ရုပ်သံသရုပ်ဆောင်အဖြစ် ပြန်လည်တွေ့မြင်ရတော့မယ့် ဂျနီဖာဂါနာ

တစ်ချိန်က အောင်မြင်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်မင်းသမီး ဂျနီဖာဂါနာဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ ဒီလို ရုပ်သံဇာတ်လမ်းမှာ ပါဝင်သရုပ်ဆောင်တာဟာ ပြီးခဲ့တဲ့ဆယ်စုနှစ်တစ်ခုအတွင်း ဂျနီဖာဂါနာအတွက် ပထမဆုံးလည်း ဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၄၅) နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျနီဖာဂါနာဟာ HBO ရုပ်သံလိုင်းမှာ ထုတ်လွှင့်ပြသသွားမယ့် "Camping"မှာ ပါဝင်သွားမှာဖြစ်ပါတယ်။ "Camping"ဟာ ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး ဟာသဇာတ်မြူးလေးလည်း ဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲမှာ ဂျနီဖာဂါနာရဲ့ ဇာတ်ကောင်ကတော့ ကတ်သရီဖြစ်ပြီး မိခင်တစ်ဦး ဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲမှာ အပိုင်းပေါင်း ရှစ်ပိုင်းပါဝင်မှာဖြစ်ပြီး ထုတ်လွှင့်သွားမယ့်အချိန်ကိုတော့ ပြောကြားခဲ့ခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

# မန်ချက်စတာ ဗုံးပေါက်ကွဲမှုအပြီးမှစတင်ကာ စိတ်ဒဏ်ရာရခဲ့တဲ့ အရီရန်နာဂရန်းဒ်



အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ ပြီးခဲ့တဲ့နှစ် နှစ်လယ်ပိုင်းလောက်မှာ ပြုလုပ်ခဲ့တဲ့ မန်ချက်စတာဖျော်ဖြေပွဲမှာ အသေခံဗုံးဖောက်ခွဲမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ သူမရဲ့ ဖျော်ဖြေပွဲပြီးဆုံးကာနီးမှာ ဖြစ်ပွားခဲ့တဲ့ ဗုံးပေါက်ကွဲမှုကြောင့် ပရိသတ်တွေလည်း သေဆုံးဒဏ်ရာရခဲ့ကြပြီး အရီရန်နာဂရန်းဒ်ကတော့ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့် ဒီလိုတွေ့ကြုံခဲ့ရပြီးတဲ့နောက် သူမှာ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေရှိခဲ့ကြောင်း ပေါ့ပ်ကြယ်ပွင့်ရဲ့ မန်နေဂျာက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့လအတွင်းက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ အသက်(၂၄)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပေါ့ပ်တေးသံရှင် အရီရန်နာဂရန်းဒ်ရဲ့ မန်နေဂျာ စကူတာဘရန်က ထိတ်လန့်စရာ မန်ချက်စတာဗုံးပေါက်ကွဲမှုဟာ အရီရန်နာဂရန်းဒ်အပေါ် သက်ရောက်ခဲ့မှုတွေကို ဖြေကြားခဲ့တာပါ။ မန်နေဂျာရဲ့ ပြောကြားချက်အရ ဗုံးပေါက်ကွဲမှုကြောင့် လူပေါင်း ၂၂ ဦး သေဆုံးခဲ့ရပြီး ယင်းထိတ်လန့်ဖွယ်အဖြစ်အပျက်ကြီးအပြီးမှာတော့ အရီရန်နာဂရန်းဒ်ဟာ နောက်ထပ်တေးသီချင်းတွေကို သီဆိုနိုင်ခြင်း ရှိ၊ မရှိ မသေချာတော့သလို ခံစားခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။ အရီရန်နာဂရန်းဒ်အတွက်တော့ သူမရဲ့ ပရိသတ်တွေ သေဆုံးသွားတာကို တွေ့မြင်ရတာဟာ အလွန်ကို ဝမ်းနည်းစရာဖြစ်ခဲ့ရပါတယ်။ ရက်ပေါင်းများစွာငိုကြွေးခဲ့ပြီး အလွန်ကို နာကျင်ခံစားခဲ့ရတာဖြစ်ကြောင်းလည်း သူက ဆိုပါတယ်။ ဒီလို ဝမ်းနည်းနေပေမယ့် ဒဏ်ရာရခဲ့ကြတဲ့ ပရိသတ်တွေဆီ သွားရောက်တွေ့ဆုံဖို့ကိုတော့ အရီရန်နာဂရန်းဒ်က ပျက်ကွက်ခဲ့ခြင်းမရှိပါဘူး။

ဒီလို ထိတ်လန့်နေခဲ့ပေမယ့် နောက်ဆုံးမှာ အရီရန်နာဂရန်းဒ်က ဖျော်ဖြေရေးစင်မြင့်ထက်ကို ပြန်လည်တက်လှမ်းဖို့ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်၏ နောက်ဆုံးထွက်ရှိထားတဲ့တေးအယ်လ်ဘမ် "Dangerous Woman"ရဲ့ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေအနက် မန်ချက်စတာမြို့မှာ ပြုလုပ်ခဲ့တဲ့ပွဲမှာ ဗုံးဖောက်ခွဲခံခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် သူမရဲ့မန်နေဂျာက ကျန်ရှိနေတဲ့ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေကို ဖျက်သိမ်းဖို့ရာ အရီရန်နာဂရန်းဒ်ကို ပြောခဲ့ပေမယ့် သူကတော့ နာကျင်ခံစားကာ သေဆုံးသွားခဲ့ရတဲ့ ပရိသတ်တွေအတွက် ဖျော်ဖြေရေးစင်မြင့်ထက် ပြန်လည်တက်လှမ်းဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

မန်ချက်စတာ ဗုံးပေါက်ကွဲမှုအပြီး သီတင်းပတ်နှစ်ပတ်ခန့်အကြာမှာတော့ အရီရန်နာဂရန်းဒ်က "Dangerous Woman" နယ်လှည့်ဖျော်ဖြေပွဲတွေကို မန်ချက်စတာမြို့မှာပဲ ပြန်လည်စတင်ခဲ့တာပါ။ ဒီတစ်ကြိမ်မှာတော့ အသေခံဗုံးဖောက်ခွဲမှုအတွင်း အသက်ဆုံးခဲ့ရတဲ့သူတွေ၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသူတွေနဲ့ မိသားစုဝင်တွေအတွက် ရန်ပုံငွေဖျော်ဖြေပွဲ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်နဲ့အတူ အခြားသော တေးသံရှင်များစွာကလည်း ပါဝင်အားဖြည့်ကူညီဖျော်ဖြေခဲ့ကြပါတယ်။ ယင်းရန်ပုံငွေဖျော်ဖြေပွဲမှာ ပါဝင်ခဲ့ကြတဲ့ တေးသံရှင်တွေကတော့ အရီရန်နာဂရန်းဒ်အပြင် မိုင်လီဆိုင်းရပ်စ်၊ ဂျက်စတင်ဘီဘာ၊ ကတ်တီပါရီ၊ ကိုးလ်ပလေး၊ နီးဟော်ရန်၊ ပါရယ်ဝီလီယမ်စ်စတဲ့ နာမည်ကျော်တွေ ဖြစ်ကြပြီး ဖျော်ဖြေပွဲမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းခန့်ရရှိကာ အရေးပေါ်ကိစ္စရပ်တွေမှာ အသုံးပြုဖို့ရာ တည်ထောင်ထားတဲ့ ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၃ သန်းကို လှူဒါန်းနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဗုံးပေါက်ကွဲမှုဖြစ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာ လာရောက်အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ရန်ပုံငွေဖျော်ဖြေပွဲမှာအခမဲ့ကြည့်ရှုခွင့်ပေးခဲ့ကြောင်းလည်း သိရပါတယ်။

ဒီလို ရဲရင့်တဲ့လုပ်ဆောင်မှုတွေကြောင့် ပေါ့ပ်ကြယ်ပွင့်ကို မန်ချက်စတာမြို့တော်က ဂုဏ်ထူးဆောင်နိုင်ငံသားအဖြစ် ဂုဏ်ပြုပေးခဲ့ပါတယ်။ မန်ချက်စတာမြို့ရဲ့ ဂုဏ်ထူးဆောင်နိုင်ငံသားအဖြစ် ရွေးချယ်ဂုဏ်ပြုခံခဲ့ရတာဟာ အရီရန်နာဂရန်းဒ်က ပထမဆုံးဖြစ်တယ်လို့လည်း သိရပါတယ်။





**ဟောလိဝုဒ်ရဲ့ ဖက်ရှင်လောကမှာ ချန်ထားလို့မရတဲ့ အထင်ကရဖက်ရှင်အိုင်ကွန်တွေကတော့ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်တွေဖြစ်ကြတဲ့ ဂျီဂျီဟာဒစ်နဲ့ ဘယ်လာဟာဒစ်တို့ပဲ ဖြစ်ကြပါတယ်။ သူတို့နှစ်ဦးဟာ မွေးချင်းတွေလည်းဖြစ်ကြပြီး ဟောလိဝုဒ်ရဲ့ ဖက်ရှင်အကျဆုံးသော ညီအစ်မတွေအဖြစ်လည်း ပရိသတ်က အသိအမှတ်ပြုထားကြပါတယ်။ သူတို့နှစ်ဦးဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ နယူးယောက်ဖက်ရှင်ပြပွဲမှာလည်း ပါဝင်လျှောက်လှမ်းခဲ့ကြပြီး ယင်းဖက်ရှင်ပြပွဲရဲ့ လမ်းပေါ်စတိုင်ပြပွဲမှာ ပါဝင်လျှောက်လှမ်းခဲ့တဲ့ ဂျီဂျီဟာဒစ်(ဝဲ)နဲ့ ဒီဇိုင်နာ ဂျေဆန်ဝူရဲ့ " Fall/Winter 2018" ဖက်ရှင်ပြပွဲမှာ ပါဝင်ခဲ့တဲ့ ဘယ်လာဟာဒစ်(ယာ)တို့ကို အီးအွန်လိုင်းဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။**

## တေးဂီတဖျော်ဖြေပွဲကို အတူကြည့်ရှုခဲ့ကြတဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာ

ဒုတိယအကြိမ်မြောက် ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ကြပြီးနောက် ပြီးခဲ့တဲ့လတွေအတွင်း မီဒီယာစာမျက်နှာပေါ်မှာ တွေ့ရခဲ့ပြီး နှစ်ဦးသားချိန်းဆိုတွေ့ဆုံကြောင်း သတင်းတွေလည်း အေးနေခဲ့တာကြောင့် ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ပြီးမှ နှစ်ဦးအကြားက ဆက်ဆံရေး အေးစက်လာကြောင်း သတင်းတွေထွက်လာခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့်စုံတွဲ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာ လတ်တလောမှာတော့ မီဒီယာစာမျက်နှာပေါ် ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ မကြာသေးမီက တေးဂီတဖျော်ဖြေပွဲတစ်ပွဲကို အတူသွားရောက်ကြည့်ရှုခဲ့ကာ နှစ်ဦးသား ရင်းနှီးချစ်ခင်နေဆဲပုံပေါ်ကြောင်း ဟောလိဝုဒ်မီဒီယာတစ်ခုဖြစ်တဲ့ ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းက ရေးသားဖော်ပြလာတာဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၂၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ (၂၅)နှစ်အရွယ် ဆယ်လီနာဂိုမက်ဇ်တို့ဟာ လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့တဲ့ ရက်ဇ်အောရိန့်ဂျ်ကောင်တီရဲ့ တေးဂီတဖျော်ဖြေပွဲတစ်ခုကို အတူကြည့်ရှုခဲ့ကြတာပါ။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲနေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီး နှစ်ဦးအတူချိန်းဆိုတွေ့ဆုံခဲ့ကြတာတွေကိုလည်း မီဒီယာစာမျက်နှာတွေပေါ်ကနေတစ်ဆင့် တွေ့မြင်ခဲ့ရပါတယ်။ ဒါပေမယ့် ယခုနှစ်အတွင်းမှာတော့ နှစ်ဦးသား တွေ့ဆုံမှုတွေကို လျှို့ဝှက်ထားခဲ့တာကြောင့် သူတို့ရဲ့ပုံရိပ်တွေ ပရိသတ်ရှေ့အရောက် ကျဲလာခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၉ ရက်မှာတော့ အနုပညာအမည် အဲလက်အိုကွန်နောလို့ပေးထားတဲ့ ရက်ဇ်အောရိန့်ဂျ်ကောင်တီရဲ့ တေးဂီတဖျော်ဖြေပွဲကို ဆယ်လီနာနဲ့ ဂျက်စတင်ဘီဘာတို့အတူကြည့်ခဲ့ကြပြီး ဖျော်ဖြေပွဲအပြီးမှာတော့ အသက်(၁၉)နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေးသံရှင် အဲလက်အိုကွန်နောနဲ့ စင်မြင့်နောက်မှာ တွေ့ဆုံခဲ့ကြပါတယ်။ ဒီလိုတွေ့ဆုံစဉ်မှာတော့ ဂျက်စတင်ဘီဘာကသာ အဲလက်အိုကွန်နောနဲ့ စကားတွေများစွာပြောခဲ့ပြီး ဆယ်လီနာကတော့ များသောအားဖြင့် တိတ်ဆိတ်နေခဲ့ပါတယ်။ ဂျက်စတင်ဘီဘာရဲ့လက်ကို တွဲထားရင်းက တစ်ချိန်လုံးပြုံးနေတဲ့ ဆယ်လီနာဂိုမက်ဇ်ကို တွေ့ခဲ့ရကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အေးပြည့် - စုစည်းသည်

ကြေးမုံ

ဖေဖော်ဝါရီ ၁၁၊ ၂၀၁၈



ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်း မြနန္ဒာကမ္ဘောဇကျောင်းတိုက် သဒ္ဓမ္မကာရီ ခြောက်ထပ်ကျောင်းဆောင်သစ် နီးဘုရား ဗုဒ္ဓရုပ်ပွားတော်မုခ်ဦး မီးဖိုချောင် ရေစက်ချပွဲ အခမ်းအနားကို အဆိုပါကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ မြနန္ဒာကမ္ဘောဇကျောင်းတိုက် ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိက္ခဉာဏ (ရှမ်းဘုန်းဘုန်း) ဆရာတော်က ဝမ်းမြောက်ဖွယ်စကားချီးမြှင့်ပေးတော်မူစဉ်။ **ခင်မောင်ဝင်း(ကြေးမုံ)**

## သတင်းတိုများ

### (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးဆောင်ရွက်

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင် ဦးစီး၍ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၇ နာရီက ပဲခူးမြို့အထွေထွေပြည်သူ့ဆေးရုံဝင်း အတွင်း၊ အပြင်ရှိ ရေမြောင်းများပိတ်ဆို့မှုမရှိစေရေးနှင့် ချုံနွယ်ပေါင်းပင်၊ အမှိုက်များအား ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဦးစီး (ပထမ) တန်း ဒုတိယရဲမှူးကြီး ဇော်မင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး စိန်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးတို့ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်အင်အား ၁၂၀ နှင့် ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းပါဝင်၍ သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဉာဏ်**

### လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကြည့်ရှု

တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထော်သိုကျေးရွာအုပ်စု လသာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်း (VDP) ရန်ပုံငွေသိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေ ၈ ဒသမ ၂ သိန်းတို့ဖြင့် ဆောင်ရွက်သော စွယ်တော်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၈ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သက်မှူး**

### မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများပေးအပ်

ပြည်ခရိုင် ရွှေတောင်မြို့နယ် မမဲလေးအုပ်စု ရွှေညောင်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၉ ရက်က ရွှေညောင်ပင် (၁+၂) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမျိုးသူနှင့်အဖွဲ့ မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများအား စီမံကိန်းဝင် ကျေးရွာသူ ကျေးရွာသားများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရအောင်**

### ပုဇွန်တောင်ဈေးအတွင်းရှိ ဆေးဆိုင်များအား စစ်ဆေး ပညာပေးဟောပြော

ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မျိုးလွင်ဦးစီးသော ပုဇွန်တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကို၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဈေးတာဝန်ခံ ဦးမင်းအောင်၊ ကျန်းမာရေးဦးစီးဌာနမှ ဆေးစပ်ဆရာဦးအေးလွင်တို့အဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက်က ပုဇွန်တောင်ဈေးအတွင်းရှိ ဆေးဆိုင်များအား တားမြစ်ဆေးဝါးများရောင်းချမှုမရှိစေရေး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မိုးဃက်ကျ(မြစ်ကြီးနား)**

# ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည့် ကော့သောင်းမြို့

**ကော့သောင်း ဖေဖော်ဝါရီ ၁၀**

ပင်လယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များလာရောက်လည်ပတ်မှုများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်၏ ပွင့်လင်းလာသည့် စီးပွားရေးမူဝါဒများအရ ကော့သောင်းဒေသအား မီးခိုးတိတ်စက်ရုံများရှိရာဒေသအဖြစ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေး ဖော်ဆောင်ချက်များကြောင့် ယခုအခါ ကော့သောင်းဒေသအတွင်း သဘာဝအလှ မပျက်ယွင်း သာယာလှပသည့် ပင်လယ်ကျွန်းများတွင် ခေတ်မီဆန်းသစ်သည့် ဟိုတယ်များ၊ ရီဆော့များ၊ ပင်လယ်ရေအောက် သဘာဝရှုခင်းအလှအပများအား ခံစားရင်း အနားယူအပန်းဖြေရန် ကျောင်းပိတ်ရက်ရှည်ကာလအတွင်း လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားဧည့်သည် မိသားစုများ၊ ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းဝင်ရောက်လည်ပတ်ကြသည့် ပြည်ပခရီးသွားများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။



အထူးသဖြင့် မြန်မာနိုင်ငံတွင် သဘာဝအရင်းအမြစ်နှင့် စွမ်းအင်ချွေတာရေးနည်းလမ်းများအား စနစ်တကျ လိုက်နာကျင့်သုံး၍ သဘာဝတရားနှင့် သဟဇာတဖြစ်ရန် ဖန်တီးတည်ဆောက်ထားသော ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းက ကျင်းပခဲ့သည့် အာဆီယံခရီးသွားဖိုရမ်တွင် အာဆီယံအစိမ်းရောင်ဟိုတယ်ဆု သတ်မှတ်ခံရသည့် ဟိုတယ်ငါးလုံးအနက် ကော့သောင်းမြို့မှ ဟိုတယ်တစ်လုံးပါဝင်သဖြင့် နိုင်ငံတကာတွင် ခရီးသွားဧည့်သည်များ ကော့သောင်းဒေသ ပင်လယ်ကျွန်းများရှိ ရီဆော့ဟိုတယ်များသို့ အနားယူအပန်းဖြေရန် ပိုမိုစိတ်ဝင်စားအာရုံစိုက်လာခြင်း၊ သဘာဝအလှမပျက် ထူးဆန်းအံ့မခန်းဖွယ်ရာ ပင်လယ်ကြမ်းပြင်ရေအောက်ရှုခင်းများကြည့်ရှုခံစားလိုခြင်း၊ ရှားပါးလူသားမျိုးနွယ်စု တစ်မျိုးဖြစ်သည့် မြန်မာနိုင်ငံ တောင်ပိုင်းပင်လယ်အတွင်း၌သာ တွေ့မြင်ခွင့်ရမည့် ပင်လယ်ပျော်(ဆလုံ) တိုင်းရင်းသားလူမျိုးများရှိရာ ဒေသဖြစ်သောကြောင့်ဟု ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက သုံးသပ်ကြသည်။

လာမည့်ကာလအတွင်း ဒေသအတွင်း သဘာဝအလှအပများရှိရာ ပင်လယ်ကျွန်းများတွင် သဘာဝခရီးသွားလုပ်ငန်းများ နိုင်ငံတကာအသိုင်းအဝိုင်းမှ ပိုမိုရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာကြရေး ရည်ရွယ်ကာ ကော့သောင်းမြို့တွင် နိုင်ငံတော်အဆင့် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်အား နိုင်ငံတကာ ဧည့်သည်များ၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြမည့် ပြင်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တစ်စတစ်စပိုမိုဖွံ့ဖြိုးတိုးတက်စည်ကားလာရန် အခြေအနေကောင်းများစွာရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်တစ်ဦး၏ သုံးသပ်ချက်အရ သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# (၇၁)နှစ်မြောက်ပြည်ထောင်စုနေ့အကြို လူထုပူးပေါင်းပါဝင်၍ပတ်ဝန်းကျင်သန့်ရှင်းရေးပြုလုပ်

**ပဲခူး ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုလူထုပူးပေါင်းပါဝင်သော ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၇ နာရီက ပဲခူးမြို့၌ ကျင်းပခဲ့ကြောင်းသိရသည်။

လူထုပူးပေါင်းပါဝင်သော ပတ်ဝန်းကျင် သန့်ရှင်းရေး လူထုလှုပ်ရှားမှုကို ပဲခူးမြို့တွင် ဌာနဆိုင်ရာများ၊ ပဲခူးမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော် ပါဝင်ကာ ရွှေမော်ဓောဘုရား ပတ်ဝန်းကျင်နှင့် ယာဉ်ရပ်နားကွင်း၊ အထွေထွေရောဂါကုဆေးရုံ အတွင်း-အပြင်၊ မြစ်ကူးတံတား ပတ်ဝန်းကျင်နှင့် ပဲခူးတက္ကသိုလ်တို့၌ ဆောင်ရွက်ခဲ့ကြသည်။

ရွှေမော်ဓောဘုရား ပတ်ဝန်းကျင်နှင့် ယာဉ်ရပ်နားကွင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင် ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်း ၂၂၅ ဦးတို့ကလည်းကောင်း၊ အထွေထွေရောဂါကုဆေးရုံကြီး၏ အတွင်း၊ အပြင်တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေ၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး ဦးဆောင်သောဌာနဆိုင်ရာဝန်ထမ်း ၅၂၀ တို့ကလည်းကောင်း၊ ပဲခူးမြစ်ကူးတံတားနှင့် ပတ်ဝန်းကျင်တွင် စက်မှုလျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးတို့ဦးဆောင်သော ဌာနဆိုင်ရာ ဝန်ထမ်း ၁၆၀ ကလည်းကောင်း၊ ပဲခူးတက္ကသိုလ်ရှေ့နှင့် တက္ကသိုလ်ပတ်ဝန်းကျင်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးညွန့်ရွှေ၊ သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်းတို့ဦးဆောင်သော ဌာနဆိုင်ရာ ဝန်ထမ်း ၂၂၀ ကလည်းကောင်း အသီးသီး သတ်မှတ်နေရာအလိုက်စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုလှုပ်ရှားရာနေရာအသီးသီးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# မြန်မာ-ထိုင်း စီးပွားရေးညှိနှိုင်းဖလှယ်ပွဲ ကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်နှင့် မြိတ်ခရိုင်တို့အကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေရန် မြန်မာ-ထိုင်း စီးပွားရေးညှိနှိုင်းဖလှယ်ပွဲကို ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းက GRANR JADE ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စီးပွားရေးညှိနှိုင်းဖလှယ်ပွဲတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပရာကျွတ်ခီရီခန်ခရိုင် ပရာကျွတ်-မြိတ် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအသင်းဥက္ကဋ္ဌ မစ္စတာဝီရတ်က ကျေးဇူးတင်စကားနှင့် စီးပွားရေးညှိနှိုင်းဖလှယ်ပွဲပြုလုပ်သည့် ရည်ရွယ်ချက်များ ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အပြန်အလှန်မိတ်ဆက်ခဲ့ကြပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ တက်ရောက်လာကြသူများက လုပ်ငန်းတူရာစု၍ ကဏ္ဍ (၁၀) ရပ်ကို စားပွဲဝိုင်းများဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ စီးပွားရေးညှိနှိုင်းဖလှယ်ပွဲသို့ ပရာကျွတ်ခီရီခန်ခရိုင်မှ ၈၀ ခန့်နှင့် မြိတ်ခရိုင်မှ ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

စီးပွားရေးညှိနှိုင်းဖလှယ်ပွဲတွင် ရေလုပ်ငန်းနှင့် ပင်လယ်စာရောင်းဝယ်ရေးလုပ်ငန်းကဏ္ဍ၊ လူသုံးကုန်၊ အိမ်သုံးကုန်၊ စားသုံးကုန်လုပ်ငန်းကဏ္ဍ၊ အိမ်ဆောက်ပစ္စည်းလုပ်ငန်းနှင့် အိမ်တွင်းပြင်ဆင်မှုလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာထွက်ကုန်၊ သုံးကုန်ပစ္စည်း လုပ်ငန်းကဏ္ဍ၊ စက်မှုလုပ်ငန်းနှင့် SMEကဏ္ဍ၊ လျှပ်စစ်ပစ္စည်းလုပ်ငန်းကဏ္ဍ၊ အလှကုန်နှင့် ဖြည့်စွက်အာဟာရကဏ္ဍ၊ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ ပညာရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ အခြားလုပ်ငန်းများနှင့် ကုန်ပစ္စည်းကဏ္ဍများ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **နိုင်ထူး (မြိတ် ပြန်/ဆက်)**



# အင်းလေးဒေသရောက် နိုင်ငံတကာခရီးသွားဧည့်သည်များ အလေးထားလေ့လာသည့် ငါးဖယ်ချောင်းကျောင်းတော်ကြီး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၀**

အင်းလေးဒေသရောက် နိုင်ငံတကာခရီးသွားဧည့်သည်များသည် တိုင်လုံးပေါင်း ၆၅၄ တိုင် ဖြင့် တည်ဆောက်ထားသော ငါးဖယ်ချောင်းကျောင်းတော်ကြီးနှင့် ရှေးဟောင်းရုပ်ပွားတော်များကို အလေးထားလေ့လာကြကြောင်း သိရသည်။

ငါးဖယ်ချောင်းကျောင်းတော်ကြီးမှာ စိတ်ဝင်စားဖွယ်ရာ သစ်သားကျောင်းတော်ကြီးဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် ငါးဖယ်ချောင်းရွာဦးတွင် တည်ရှိသည်။ ကျောင်းတော်ကြီးကို ကောဇာသက္ကရာဇ် ၁၂၀၅ ခုနှစ်တွင် အင်းလေးရေပြင်တွင် တည်ဆောက်ထားသော ထူးခြားသည့် ကျောင်းတော်ကြီးပင်ဖြစ်သည်။

ကျောင်းတော်ကြီးတွင် စိတ်ဝင်စားဖွယ်ရာ အနုပညာလက်ရာမြောက် ရှေးဟောင်းရုပ်ပွားတော်များစွာ တည်ရှိသည်။ ကျောင်းတော်အတွင်း၌ ဘုံသုံးဆင့်ရှိ ကျောင်းဆောင်ရှစ်ဆောင်၊ ဘုံတစ်ဆင့်ရှိ ကျောင်းဆောင် နှစ်ဆောင်၊ လေသာ(လသာ)ဆောင် တစ်ဆောင်၊ ဘုရားစံကျောင်းတော်ဆောင် ၂၇ ဆောင်၊ ယွန်းဘုရားကြီးခြောက်ဆူ၊ ကျောက်ဆင်းတု ၆၆ ဆူ၊ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူခန်း သုံးဆူကို ဖူးမြော်နိုင်သည်။

ကျောင်း၏ တိုင်ပေါင်း ၆၅၄ တိုင်တွင် ရွှေချထားသော တိုင်ပေါင်း ၂၀၀၊ လှေကား ငါးခု၊ ဘုရားဆောင် ခါးပန်းပြားမပါ ပေရှည် ၉၉ ပေ၊ အရှေ့အနောက် ပေရှည် ၁၀၀၊ တောင်မြောက် ပေရှည် ၁၂၀ ရှိသည်။ လက်ရှိကာလ အင်းလေးဒေသရောက် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ ငါးဖယ်ချောင်းကျောင်းတော်ကြီးနှင့် ရှေးဟောင်းရုပ်ပွားတော်များကို အလေးထားလေ့လာမှုများ ပြားလာကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**နွေနဒီ (မြစ်ငယ်)**

# သတ္တမအကြိမ် တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော်ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးမြို့တွင် အခြေချနေထိုင်ကြသော ကချင်၊ ကရင်၊ ကယန်း၊ ကိုးကန့်၊ ချင်း၊ တောင်ရိုး၊ တအာင်း၊ နာဂ၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ အင်းသားစသည့် တိုင်းရင်းသားလူမျိုးစုများ၏ ၇၁ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတ္တမအကြိမ် တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းနှင့် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းပန်းဆိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် (ကိုယ်စား) မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်တို့က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာပစ္စည်းများပြခန်း၊ ဒေသထွက်ကုန် အရောင်းဆိုင်များ၊ ရိုးရာအစားအသောက်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့တွင် အခြေချနေထိုင်ကြသော ကချင်၊ ကရင်၊ ကယန်း၊ ကိုးကန့်၊ ချင်း၊ တောင်ရိုး၊ တအာင်း၊ နာဂ၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ အင်းသားစသည့် တိုင်းရင်းသားလူမျိုးစုများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။



အဆိုပါ (၇၁) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတ္တမအကြိမ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၀ ရက် မှ ၁၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအစာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အရောင်းဆိုင်များ၊ ပြခန်းများနှင့် ရိုးရာယဉ်ကျေးမှု ဖျော်ဖြေပွဲများ၊ စာအုပ်အရောင်းဆိုင်များ၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာပစ္စည်းများပြခန်း၊ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြခန်းတို့ဖြင့် စည်ကားစွာ ကျင်းပလျက်ရှိရာ မည်သူမဆိုလာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



PROMOTION
PREMIUM ADVANCE HEALTH CHECKUP
BUY 1 GET 1 FREE
VALID UNTIL MARCH 31, 2018



VEJTHANI
Vejthani Hospital
နိုင်ငံတကာအဆင့်မီ ဆေးရုံကြီး

အရမ်းတန်တဲ့ကျန်းမာရေးစစ်ဆေးခြင်းလာပါပြီ
၁၈၅၀၀ ဘတ်မျှသာ!
အမျိုးသမီး (၁)ဦးဝယ်လျှင် အမျိုးသား (၁)ဦးအခမဲ့

AA ဆောက်လုပ်ရေးလုပ်ငန်း
09-43158300, 09-254051329
09-782793501

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
စျေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096286

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
0942877335 5

Travel... 09-254855582, 09-254855583, 09-73193817

## စုပေါင်းရဟန်းခံ ရှင်ပြုအလှူ

ရန်ကုန် ထောက်ကြန့် ပုပ္ပါးကျောင်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူး၍ နေပြည်တော် တပ်ကုန်း သစ်ဆိမ်ပင်ကျေးရွာ၌ ရှင်မပြုရသေးသော "ပရပုတ္တ သူတစ်ပါး၏ သားရတနာ သမီးရတနာ" လေးများအား ပဗ္ဗဇ္ဇအမွေရှင် သာမဏေအဖြစ် ချီးမြှောက်သောအားဖြင့် စုပေါင်း သိက္ခာထပ် ရဟန်းခံ ရှင်ပြု သီလရှင်ဝတ် နားသ အလှူပွဲကြီးကို ၁၃၇၉ ခုတပေါင်းလပြည့်ကျော် (၃/၄) ရက် ၅-၃-၂၀၁၈ ရက်တွင် ကျင်းပပါမည်၊ ပါဝင်လှူဒါန်းလိုသော တပည့်ဒကာ ဒကာမများ အနေဖြင့်၊ ဖုန်း-၀၉-၄၂၀၇၄၂၄၄၊ ၀၉-၄၂၅ ၀၂၅၈၆၈သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

နိုင်ငံခြားသင်္ဘောမှ ...
PTG (Yangon) Co.,Ltd
Ph: 09-260222267, 09-260333367

### မြင်ဆင်ဖတ်ရှုပါရန်


### ပျောက်ဆုံးကြောင်း

Golden Sun Flower Energy Co., Ltd ၏ ထုတ်ကုန်သွင်းကုန်လက်မှတ် အမှတ်-၂၆၂၉၃ မှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၉၆၅၀၆၄၆၃၃

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


ဦးကျော်သူရ၊ ဒေါ်နွယ်နွယ်ရှိန် စီမံအုပ်ချုပ်သော
ကံ့ကော်မြေ ပညာ့ရိပ်သာ
၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းခွဲများ
၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။



၂၀၁၇ ပညာသင်နှစ် ...
၁။ မြန်မာစာ Dr ...
၂။ အင်္ဂလိပ်စာ ...
၃။ သင်္ချာ ...
၄။ ဓာတုဗေဒ ...
၅။ ရူပဗေဒ Dr ...
၆။ ဇီဝဗေဒ Dr USA
March ... (Summer)

မြန်မာ့အောင်မြေသစ် (အိမ်၊မြို့၊မြေ)လုပ်ငန်းမှ စီစဉ်သည်။
'အင်ဂျင်နီယာဖြစ်တို့ သင်တန်း'
ဒေါ်မြင့်မြင့်စိန် A.G.T.I (Civil), B.A(phlo:), Quantity Serveyor မှ သင်ကြားပို့ချပေးမည်။
*ဆက်သွယ်ရန် – Phone - 09 25250 8811, 09 3325 8811

ခွေးသွားခြောက်ရွက်
အမှတ်တံဆိပ်



အကြောပြေ မျက်စိကြည်ဆေး

မြန်မာ့ဆေးစွမ်းကောင်း

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆စီ၊ မြေကွက်အမှတ်-၂၅အက်ဖ်/၁-၂၊ မြေကွက်တည်နေရာအမှတ်-(၁၃၅/P1)၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ (မြေပိုင်မြေ)၊ အမည်ပေါက် ဒေါက်တာဒေါ်အေးအေးမြင့် [၁၂/တမန(နိုင်)၀၅၁၉၀၃]၊ ဒေါက်တာ ဒေါ်စုမြတ်ဖြူ [၁၂/ဗဟန(နိုင်)၀၉၂၂၈၃] မြေအား အမည်ပေါက်များထံမှ (SP) ရရှိသူ ဦးဇင်ထက်မောင် [၁၂/ဗဟန(နိုင်)၀၉၇၀၃၅]မှ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက် (၄)ရှိ ၂၀၁၂ ခုနှစ် ဘဏ်ချေးမြေပုံထုတ်ယူထားခြင်းနှင့် ပတ်သက်၍ မည်သည့်ဘဏ်တွင်မျှ ချေးငွေထုတ်ယူထားခြင်း မရှိသည်မှာ မှန်ကန်ကြောင်းနှင့် ၂၀၁၂ ခုနှစ်တွင် ထုတ်ယူခဲ့သော ဘဏ်ချေးမြေပုံမြေရာဇဝင်မှာလည်း သိမ်းဆည်းလွန်၍ ပျောက်ဆုံးလျက်ရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာမှုရင်းတင်ပြ၍ ဘဏ်ချေးရန် မြေပုံကူးထပ်မံလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဆေးတက္ကသိုလ်နည်းပညာဝင်းနေ ဦးမောင်စိန်၏သား ဦးထွေး၏အမည်မှန်မှာဦးမောင်ထွေး[၇/ပခန(နိုင်)၀၂၄၈၈၅] ဖြစ်၍ မွေးသက္ကရာဇ်မှာ ၁၈-၅-၁၉၅၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – ဦးမြင့်လွင် (ဥပဒေ)

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

## ဒေါ်သင်းနွယ်စိုး (သစ္စာနွယ်ဆောက်လုပ်ရေး)နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ကျော်သူ(၁၈)လမ်း၊ အမှတ်(၈၉၈)နေ ဒေါ်လှမြင့် (ဘ)ဦးဘဦး[၁၂/ဥကတ(နိုင်)၀၂၄၆၇၆]၏ လွှဲအပ်ချက်အရ ဒေါ်သင်းနွယ်စိုး (သစ္စာနွယ်ဆောက်လုပ်ရေး)နှင့် အများသိစေရန်မှာ အခင်းဖြစ်မြေတွင် ကန်ထရိုက်တိုက် (၆) ထပ် (၂)ခန်းတွဲ ဆောက်လုပ်ရန် ဖျက်မိန့်၊ ဆောက်မိန့်ကျပြီး ဖြစ်သည်။ အခင်းဖြစ်မြေမှ မြေရှင်က ဖယ်ရှားပေးပြီး၊ စာချုပ်ပါ စည်းကမ်းအရ တိုက်ဆောက်လုပ်ခွင့်ကျပြီး (၁၈)လအတွင်း တိုက်အပြီး ဆောက်လုပ်ရန်ဖြစ်သည်ကို ကန်ထရိုက်တာ ဒေါ်သင်းနွယ်စိုးမှ အကြောင်းမဲ့ပျက်ကွက်နေပါသည်။ မြေရှင်ဒေါ်လှမြင့်မှ အကြောင်းကြားစာ (၂)ကြိမ်ပေးပို့ပြီး၊ ကန်ထရိုက်ဘက်မှ လက်ခံရရှိခဲ့ကြသော်လည်း တစ်စုံတစ်ရာအကြောင်းပြန်ကြားခြင်းမရှိပါသောကြောင့် ဤကြော်ငြာထည့်သွင်းရခြင်းဖြစ်ပါသည်။

ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကန်ထရိုက်တာမှ အကြောင်းမပြန်ပါက ၂၉-၁၁-၂၀၁၅ရက်စွဲပါ အဆောက်အအုံ ဆောက်လုပ်ရန် မြေရှင်နှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုသော စာချုပ်သည် ပျယ်ပြယ်ပြီးဟု မှတ်ယူမည်ဖြစ်ကြောင်း မြေရှင်၌ မည်သည့်တာဝန်မျှ မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လှမြင့်** | **ဒေါ်စိုးဇာဇာဟန်(LL.B)** |
| **[၁၂/ဥကတ(နိုင်)၀၂၄၆၇၆]** | **စဥ်-၃၂၆၇၉** |
| | **အထက်တန်းရှေ့နေ** |
| | **ဖုန်း-၀၉ ၅၀၅၄၂၄၅၊ ၀၉- ၉၇၂၅၁၆၆၆၀** |




ဆုံသစ္စာ
Car rental
Ph : 09799566761
095504667










မြေရောင်းရန်
ဒဂုံတောင်၊ ပေ(၄၀×၆၀)
(၃၆) သိန်း (ပွဲစားလုံးဝမလို)
ဖုန်း၀၉- ၄၄၁၅၄၃၁၉၇

အောင်ကမ္ဘာ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံ မြေကွက်များ ဝယ်လိုသည်။ အိမ်အရောက်ငွေချေပေးသည်။ ပွဲခပေးရန်မလိုပါ။
Ph: 09-43118200, 09-450096144, 09-450096155



## ကြော်ငြာ

**JADE MOTION**

380,000/-

09799225883, 095179754, 09254907896

**ဝမ်းတော်**

Feb - 28, Mar 1, 23, April - 12

**DM TRAVELS**

12000 ကျပ် / 15000 ကျပ် / 18000 ကျပ်

09-257103030, 09-257103050

**ဆရာဦးမောင်မောင်တိ**

B.Sc. (Applied Maths), B.A. (History)

2017 All D



**nice style** TRAVEL & TOURS

အတာရေမစိုခင် ကမ္ဘာမြေဟယ်လိုလဆိုတာ သွားကြည့်ကြရအောင် ၂၀၁၈ သင်္ကြန်ခရီးစဉ်များ

HOTLINE : 09 799 700 099, 09 799 700 090, 09 775 775 660, 09 775 775 661, 09 775 775 662

www.nicestyletravel.com

www.facebook.com/nicestyletravel

| ခရီးစဉ် | ရက် | တန်ဖိုး |
| --- | --- | --- |
| အမေရိက ခရီးစဉ် | 11-23 APRIL | USD 4600 |
| ဥရောပ (၅) နိုင်ငံ ခရီးစဉ် | 9-22 APRIL | USD 3550 |
| ဥရောပ (၄) နိုင်ငံ ခရီးစဉ် | 11-21 APRIL | USD 2990 |
| ဩစတြေးလျ ခရီးစဉ် | 13-20 APRIL | USD 2880 |
| ဂျပန် ခရီးစဉ် | 12-19 APRIL | USD 2690 |
| ကိုရီးယား ခရီးစဉ် | 13-19 APRIL | USD 1690 |
| ဒူဘိုင်း ခရီးစဉ် | 12-17 APRIL | USD 1880 |
| ထိုင်ဝမ် - ဟောင်ကောင် | 13-20 APRIL | USD 2050 |
| ဟောင်ကောင်-မကာအို-ရှန်ကျန်း | 12-19 APRIL | USD 1950 |
| ရှီအန် - ချန်ဒူး | 13-19 APRIL | USD 1590 |
| ဘာလီ ခရီးစဉ် | 13-18 APRIL | USD 950 |
| မလေးရှား ခရီးစဉ် | 13-19 APRIL | USD 1190 |
| ဗီယက်နမ် ခရီးစဉ် | 12-19 APRIL | USD 1190 |
| စင်ကာပူ ခရီးစဉ် | 13-17 APRIL / 14-18 APRIL | USD 920 |
| မန္တလေး-စင်ကာပူ ခရီးစဉ် | 13-17 APRIL | USD 950 |
| ကမ္ဘောဒီးယား | 12-15 APRIL | USD 530 |
| ဘန်ကောက်-ပတ္တယား ခရီးစဉ် | 13-17 APRIL | USD 575 |
| မန္တလေး-ဘန်ကောက်-ပတ္တယား | 13-17 APRIL | USD 600 |
| ပေါ်ခိုက် ခရီးစဉ် | | USD 1350 မှ |

## အမြန်ရောင်း / ငှားမည်

| | | | |
| --- | --- | --- | --- |
| လှိုင်သာယာ | မြေ(၁၂၅)ဧက မြို့တော်ပြီး | ဒေဧက | - 6500L |
| ရွှေသံလွင် | မြေ(၁၈၇)ဧက | ဒေဧက | - 4500L |
| အနော်ရထာ | မြေ(၁၅)ဧက မြို့တော်ပြီး | ဒေဧက | - 3300L |
| ရွှေလင်ပန်း | မြေ(၂)ဧက မြေ/မြို့တော်ပြီး 315kVA | ဒေဧက | - 4800L |
| သာကေတ | မြေ(၃)ဧက မြေ/မြို့တော်ပြီး | ဒေဧက | - 4500L |
| ဒိတ်ဆိပ် | မြေ(၂.၂)ဧက မြေ/မြို့တော်ပြီး | ဒေဧက | - 2200L |
| မင်္ဂလာဒုံ | မြေ(၅)ဧက | ဒေဧက | - 4500L |
| ဒဂုံဆိပ်ကမ်း | မြေ(၆၃)ဧက မြေ/မြို့တော်ပြီး | ဒေဧက | - 3000L |
| လှိုင်သာယာ | ဂိုဒေါင်(၈၀'×၁၆၀') 15kVA မြို့သုံး | | - 45L |
| ရွှေလင်ပန်း | ဂိုဒေါင်(၁၀၀'×၁၆၀') 15kVA | 1Sqft | - 350ks |
| ရွှေသံလွင် | မြေ(၂)ဧက ဂိုဒေါင်(50000Sqft) 315kVA | 1Sqft | - 350ks |
| ရွှေပြည်သာ | မြေ(၁)ဧက ဂိုဒေါင်(28800Sqft) 315kVA | | - 105L |
| သာကေတ | မြေ(၁)ဧက ဂိုဒေါင်(20000Sqft) 315kVA | 1Sqft | - 350ks |
| တာ/ဒဂုံ | မြေ(၅၀'×၁၈၀') ဂိုဒေါင်(၆၀'×၁၂၀') PW | | - 25L |
| အရှေ့ဒဂုံ | မြေ(၆၀'×၁၆၀') 315kVA | 1Sqft | - 350ks |

Ph:09-5052054, 09-450065499, 09-428036767

B.Sc, R.L (Advocate)

**Home** Since 1996





အမှတ်(၁၁) 09-79 700 70 71

09-79 700 70 81

**ကောင်းမြတ်**


**ယာဉ်မောင်းသင်တန်း**

09 973748149, 09 445296758

## အော်ဂဲနစ်ခေတ်သစ်တစ်ခုဆီသို့ အရောက်လှမ်းနိုင်ဖို့အတွက်

- အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်များ
- သဘာဝမြေဩဇာပြုလုပ်နည်းများ
- အပင်ဖျက်ပိုးမွှားမကျအောင် ကာကွယ်နည်းနှင့် နှိမ်နင်းရန်နည်းလမ်းများ
- အော်ဂဲနစ်အစားအစာများ၏ ကျန်းမာရေးအကျိုးကျေးဇူးများ

စသည့် အကြောင်းအရာများကို စုံလင်စွာ ရေးသားဖော်ပြထားသော…



**အော်ဂဲနစ်စိုက်ပျိုးရေး၊ အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး**

(ဒုတိယအကြိမ်)

ဒေါက်တာခင်မောင်လွင် (FAME)

Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609

PUN HLAING + SILOAM HOSPITALS

## One Stop Medical Check Up Centre

- Basic Standard Package
- Executive Package
- Pre Marital
- Deluxe Package (Male)
- Deluxe Package (Female)
- Healthy Man
- Well Woman
- Heart Screening Package
- Master Whole Body Check Up

အောင်မြင်ပျော်ရွှင်တဲ့ မိသားစုဘဝကို ပိုင်ဆိုင်ဖို့ ပုံမှန်ကျန်းမာရေး စစ်ကြပါစို့

International Patient Assistance Centre
24/7 Hotline: 09 778 787 852
(Cashless Insurance Payment Available)

For Corporate Enquiries
khinhnin@phsh.com.mm



| Pun Hlaing Siloam Hospital (Yangon) | Pun Hlaing Siloam Hospital (Downtown Yangon) | Pun Hlaing Siloam Hospital (Mandalay) |
| --- | --- | --- |
| 01 368 44 33 | 09 513 7812 | 02 406 9203 (4 5 6) |

တော မှဲ့ မြေ သား ရေ တိုက် စား ၏


PREMIER
COFFEE
ပရီမီယာနဲ့
ဆုမဲသန်းချီ
ကံစမ်းမယ်
ပရိုမိုးရှင်းအမှတ်အသားပါ Premier 3 in 1 (18g) နှင့် Premier Milk Powder (16.5g) ကုန်ပစ္စည်းနှစ်မျိုး ၏ တစ်ခါသောက်အထုပ်သေးလေးအတွင်းမှ အထူးဆုကြီး ငွေကျပ်သိန်း ၅၀၀ (၁) ဆု၊ ငွေကျပ်သိန်း ၁၀၀ (၃) ဆု၊ ငွေကျပ် ၁၀သိန်း (၉၀) ဆု၊ ငွေကျပ် ၁သိန်း (၉၀၀) ဆု စသည့် ငွေသားကံစမ်းမဲများအပြင်၊ အထုပ်သေး (၅) ထုပ် ပါဝင်သည့် ဆုပေါင်း ဆယ့်တစ်သိန်းကျော် ကို ချက်ချင်းသောက် ချက်ချင်း ကံစမ်းနိုင်ပါသည်။
ကံစမ်းမဲကာလ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ် မှ မတ်လ၊ ၂၀၁၈ခုနှစ် အထိ
www.facebook.com/ilovePremierCoffee
HOT LINE: 09 264566047
ဆုမဲများကို ၂၀၁၈ ခုနှစ်၊ ဇွန်လကုန်အထိ နောက်ဆုံးထားထုတ်ပေးသွားပါမည်။













သစ် ပင် စိုက် ပါ   ဒို့ ကမ္ဘာ   သာ ယာ လှ ပ   စိမ်း မြ မြ










ဦးဇော်မြင့် B.A (Korean) Y.U.F.L
ကိုယ်တိုင်ဦးစီးသင်ကြားသော
"ကိုရီးယားဘာသာ" အထူးအသိသင်တန်းကျောင်း
(၁၂)ကြိမ်မြောက် E.P.S TOPIK ဖြေဆိုမည့်သူများအတွက်
တန်းခွဲသစ်ကို (၁၄-၂-၂၀၁၈) တွင်ဖွင့်လှစ်ပါမည်။
အမှတ်(၆၈)၊ အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅

စီးပွားရေး လုပ်ငန်းစီမံချက်များ (Business Plans)
ရေးဆွဲပေးပါသည်။

- ဈေးကွက် ရာခိုင်နှုန်း
- လုပ်ငန်း အသစ် စတင် တည်ထောင်နိုင်ရန်
- လုပ်ငန်း ရေရှည်တည်တံ့ ဖွံ့ဖြိုး တိုးတက်စေရန်

ဖုန်း - 09 79 554 7730



ရောင်းမည်
သင်္ဃန်းကျွန်းမြို့နယ်၊ ... (B.C.C ရပ်ကွက်)
ဖုန်း- 09-5401011, 09-73095677, 09-5002931

### အိမ်၊ ခြံ၊ မြေ အမြန်ရောင်းမည်

ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမပေါ်တွင်ရှိသော (၄၀'×၁၀၀') အိမ်နှင့်မြတ်အင်ကြင်းညှော့ရိပ်သာပါ အမြန်ရောင်းမည်။
သိန်း -၄၀၀၀ (ညှိနှိုင်း)၊ (ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။)
ဆက်သွယ်ရန်ဖုန်း ၀၉-၄၉၈၁၈၉၂၈၊ ၀၉-၇၈၉၆၆၆၁၆၀။




River Art
(ရေပန်းချီ)
အခြေခံပန်းချီ၊ ပထဝီ၊ သိပ္ပံပုံများကို စနစ်တကျ ဆွဲတတ်အောင်သင်မည်။
ဘိုင်အို (Bio) ပုံဆွဲသီးသန့်အတန်းရှိသည်။
1. No. (210) ,4A မဟာဗောဓိ ၂လမ်း၊ အထက(၅) ကမာရွတ်အနီး၊ လှည်းတန်း။
2. No. (27), 4 A, ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းမီးပွိုင့်အနီး
Art Teacher, Hla Thida Win (095091873)




# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်


| | | |
|---|---|---|
| ၁။ အင်းစိန်၊ ဂျပန်လမ်းဂုတ် (ပြည်လမ်းနီး) | (70×100)၊ ၄ထပ်ခွဲ RC | ၁၂၅၀၀ သိန်း |
| ၂။ လှိုင်၊ မြတန်သာအိမ်ရာ | (40×30)၊ ၃ထပ်ခွဲ RC | ၃၆၀၀ သိန်း |
| ၃။ တ/ဥ၊ ကောလိယ ၂၂လမ်း၊ တိုက်ခန်း | (18×55)၊ GF | ၆၀၀ သိန်း |
| ၄။ တ/ဥ၊ ကောလိယ ၂၂လမ်း၊ တိုက်ခန်း | (18×55)၊ 5F | ၄၀၀ သိန်း |
| ၅။ တ/ဥ၊ ကောလိယ ၂၂လမ်း၊ တိုက်ခန်း | (18×55)၊ 6F | ၃၀၀ သိန်း |
| ၆။ လှိုင်၊ သုခလမ်း၊ ကွန်ဒို | (820SQFT)၊ MEZ | ၁၁၀၀ သိန်း |
| ၇။ လှိုင်၊ သုခလမ်း၊ ကွန်ဒို | (820SQFT)၊ 1F | ၁၁၀၀ သိန်း |
| ၈။ လှိုင်၊ သုခလမ်း၊ ကွန်ဒို | (820SQFT)၊ 5F | ၁၁၀၀ သိန်း |
| ၉။ လှိုင်၊ သုခလမ်း၊ ကွန်ဒို | Pent House၊ | ၉၅၀ သိန်း |

PH:09 961118777, 09 426252694

## ကြော်ငြာ


ဒုတိယအကြိမ်

**ထကြိန်(၇)ရက် အထူးတရားစခန်းပွဲ**



၂၀၁၈-ခုနှစ် ဧပြီလ(၉)ရက်နေ့ ညနေ (၆)နာရီမှ

၂၀၁၈-ခုနှစ် ဧပြီလ(၁၅)ရက်နေ့ နံနက် (၇)နာရီထိ




### စက်မှုအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများ (၁၉၆၃-၇၃) မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနား ဖိတ်ကြားခြင်း

ရန်ကုန်စက်မှုတက္ကသိုလ်ကြီးမှ မွေးဖွားပေးခဲ့သော တက္ကသိုလ်ဆင်းပညာညီရင်းအစ်ကို မောင်နှမများ၏ တစ်နှစ်လျှင်တစ်ကြိမ် သာရရှိသည့် ကျေးဇူးရှင်ဆရာကြီးများအား ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး မပျက်မကွက်ကြွရောက်နိုင်ရေးအတွက် နှိုးဆော်အကြောင်းကြား သတင်းကောင်းပါးအပ်ပါသည်။

အခမ်းအနားကျင်းပမည့်နေ့ - ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက် (စနေနေ့)

မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ - **M3 Food Centre**

ကျင်းပမည့် နေရာနှင့် အချိန် နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီ

မြတ်ဆရာပူဇော်ပွဲ အလှူငွေများကို ဗိုလ်မှူးကြီးခင်မောင်လတ် (ငြိမ်း) ၀၉ ၅၁၅၂၈၂၂၊ ဦးလှဝင်း-၀၉ ၅၁၉၇၆၂၂၊ ဒေါ်စန်းရီ-၀၉ ၅၁၁၈၅၂၂၊ ဦးကျော်စိန်-၀၉ ၅၁၇၆၆၃၆၊ ဦးကြင်မော်-၀၉ ၅၁၄၃၆၉၉၉၊ ဦးစိုးမြင့်-၀၉ ၅၀၁၀၅၂၉ တို့ထံသို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်။

### (၁၀)ရက် ဝိပဿနာအလုပ်ပေး တရားစခန်း ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျီးပင်စုကျေးရွာ၊ သုခိတာရုံကျောင်းတိုက်တွင် အကြိမ်(၅၀)မြောက်၊ ကျင်းပပြုလုပ်အပ်သော ဝိပဿနာအလုပ်ပေး တရားစခန်းကို ၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း(၁)ရက်မှ လဆန်း(၁၁)ရက် ၁၅-၂-၂၀၁၈ရက်မှ ၂၅-၂-၂၀၁၈ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး/ရပ်နီး ယောဂီများ၊ အလှူရှင်များကို ကြိုကြိုတင်တင် အသိပေး၍ နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**သုခိတာရုံကျောင်းတိုက်၊ သနပ်ပင်မြို့နယ်**
**ဖုန်း-၀၉-၄၅၆၆၁၅၃၇၇၊ ၀၉-၇၉၉၈၇၉၈၀၉၊ ၀၉-၂၆၄၆၉၀၀၆၃**

### သဲအင်းဂူခုစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်မှ (၂၅)ရက်အထိ (၇)ရက်အဓိဋ္ဌာန်တရားစခန်းပွဲတွင် မူလသဲအင်းဂူ ဆရာတော်ကြီးဦးဥက္ကဋ္ဌ၏ ကမ္မဋ္ဌာန်းမှုနှင့်အညီအဖွဲ့၏ ဩဝါဒ စရိယ၊ ကမ္မဋ္ဌာနစရိယဆရာတော် ဦးသီဟ(ပုသိမ်) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူများ ဖေဖော်ဝါရီလ(၁၇)ရက်၊ စနေနေ့၊ ညနေ(၅း၀၀)နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့်နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းလိုသူများ နှင့် ဓမ္မဗိမာန်ပြုပြင်ရန်နှင့် အလှူရှင်များ ၀၉-၄၂၈၆၂၃၉၉၇၊ ၀၉-၇၉၇၉၉၉၉၅၁သို့ ဆက်သွယ်ရန်နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တမြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့**


အင်္ဂလိပ်စာ တတ်လိုသော် နှင့် စာအုပ်စင်ကျေးဇူး

ဦးခင်မောင်လတ် (MA) နှင့် ခင်မျိုးချစ်

"Smarter Youths for Better Future"

**ဦးရဲဇော်လတ်**

M.A(UFL),MBA(UTCC)

SUMMER ENGLISH

Basic Grammar & Speaking

Grade 3 to Grade 10

မတ်လ(5) စပြီ

-09-5057138,09-73175231

heart

Curtain, Sofa, Furniture

KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း၊

No.38, ဧရာဝတီလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

Ph: 09-30066799, 09-257335855

**နတ်ရေစင်**

နလုံးအားတိုးဆေး

TMR 003386 (0217)



**3rd Myanmar Health Expo 2018**

Organized by MPMEEA

Main Sponsor: PACIFIC Group

Co Sponsors: MEDI MYANMAR GROUP LTD. · zizawa HEALTHCARE · R&B · JDS Co., Ltd. · ZAR & ZAR

ပါဝင်ပြသမည့်ကဏ္ဍများ

**တတိယအကြိမ် မြန်မာကျန်းမာရေးဆိုင်ရာပြပွဲ ၂၀၁၈**

2018 Feb (16) to (18)

9:00 AM to 5:00 PM

Tatmadaw Hall

U Wisara Road, Dagon Township, Yangon

Media Sponsor: ZAR & ZAR

Supported by: MMDA



Since 1996

**ပုလဲ**

နှစ်ပေါင်း ရန်ကုန်မြောက်ပိုင်းခရိုင် တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံး (၃)ကျောင်းစာရင်းဝင်

ဆရာဝန်များဦးစီးသော

ဝံပြဲဘော်ဒါ နှင့်ကိုယ်ပိုင်အထက်တန်းကျောင်း

၂၀၁၈ - ကြိုအပ်လက်ခံပြီ။

သင့်တင့်သောသင်တန်းကြေး။

Guide




### အမည်ပေါက်ရောင်းမည်

ပေ(၄၀× ၆၀)၊ မြေ စံချိန်မီ (၁)၊ ကျောက်တန်း၊ ရင်းနှီးမြုပ်နှံ သင့်သည့်မြေ၊ ပါမစ်အမည် ပေါက်၊ (၈၉)သိန်း။

ဖုန်း ၀၉-၉၇၂၆၆၃၃၃၆။


**တက်နေဝန်း**

(10'/14')Box

09-442076599

09-400448695

09-33100721

အကြောပြေဆေး
ထုံကျဉ်ကိုက်ခဲလျှင် လိမ်း၊ မူးမောလျှင် ရှူ
ကောင်းသတင်းမွှေးကျော် ဆင်ဖြူတော်
အကြောပြေဒက်ကြောလိမ်းဆေး

ချစ်သူတိုင်း၊ အချိန်တိုင်း၊ စက္ကန့်တိုင်း အမြဲတမ်း သတိရနေစေဖို့
CHERRY OO
PERFECT PAIR
Valentine's Promotion
ကျပ် (၃၀၀၀၀) နှင့်အထက်
ပထမတစ်လုံးဝယ်ယူလျှင် 7% Discount
ဒုတိယတစ်လုံးဝယ်ယူလျှင် 14% Discount
ဖေဖော်ဝါရီလ (၁ ရက်နေ့မှ ၁၄ ရက်နေ့) အထိ
https://www.facebook.com/cherryoowatchgallery, CALL US TO PURCHASE ! 09-73022248

စာတတ်ပေတတ်သီးသန့်
"နွေ" (၃)လပြတ်သင်တန်း
(မတ်၊ဧပြီ၊မေ)မတ်လဆန်းစမည်။
(ကျောင်းအပ်လက်ခံပြီ) ကန့်သတ်(၃၀)ဦးသာ
သီးသန့်အိမ်ဝိုင်းများစီစဉ်ပေးပါသည်။
မေဓ
ဘာသာစုံစာသင်ဝိုင်းများ
ဥတန်း-၁၀တန်း(တက္ကသိုလ်ဝင်တန်း)
မတ်လဆန်းစမည်
"ဝိုင်း"ကြိုအပ်လက်ခံပြီ
H-2 မေဓလမ်း၊ မေဓအိမ်ယာ၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း - ၀၉-၅၁၀၂၄၅၆၊ ၀၉-၅၄၀၆၅၄၆၊ ၀၉-၅၁၄၃၁၁၆

www.aungtheinthanmyanmar.com
၁။ HR/Admin Manager F/M (၁) ဦး
HR Diploma
၂။ Sales Manager /Sales Executive/ Sales Drive /Sale Admin/Sales Engineer (၁၀) ဦး
၃။ Bill Collectors (F) (၃) ဦး
Computer basic
၄။ Accountant (၁) ဦး ( For Hlaing Tharyar)
LCCI Level (3) / Software
၅။ M (၃) ဦး ( For Hlaing Tharyar)
09-798222399 ,email : admin.ho@aungtheinthan.net

သင်သားသမီး အနာဂတ်ထူးချွန်ထက်မြက်ဝင်းလက်စေဖို့ "ရွှေပြည်စိုး" မှာ ပညာသင်ကြစို့
ဒေါ်ရွှေပု DSP
ရွှေပြည်စိုး ကိုယ်ပိုင်အထက်တန်းကျောင်း (မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ)
Essay, Letter
4 skill, computer, Day Trip
TOSTA
သင်တန်းဘာသာ (၁.၅.၂၀၁၈) တွင်ဖွင့်မည်။ ကျောင်းအပ်လက်ခံပြီ။
တက္ကသိုလ်ဝင်တန်း နွေရာသီ (၃)လပြတ်သင်တန်း (၆.၃.၂၀၁၈) ဖွင့်မည်။ ကျောင်းအပ်လက်ခံပြီ။
Ph- 01 545625, 01 540372, 09 5127740, 09 421171030
Green Card ရရှိပြီး ဘာသာရပ်ကျွမ်းကျင်နိုင်သော ဆရာစိတ်ရှိသော ဆရာ/ဆရာမများ လာရောက်လျှောက်ထားနိုင်ပါသည်။

ဘဝလမ်းဝိုင်း
ဆရာ၊ ဆရာမများ အလိုရှိပါသည်
၂။ Senior Guide ဆရာမ/ ဆရာမ
၃။ Junior Guide ဆရာမ/ ဆရာမ
CV form

Certificate
USA-2012
ဖျံ-၅-ကောင်
သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေး
Ph.D (Alternative Medicines)

# ၂၀၁၈ ခုနှစ် အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အာရှစက်ဘီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ၂၀၁၈ ခုနှစ် အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီတွင် စတင်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အာရှစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပထမပွဲစဉ်အဖြစ် Individual Men Elite(၄၂)ကီလိုမီတာပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမား ၁၅ ဦးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ စတင်တာလွှတ်ပြီး ဝဏ္ဏသိဒ္ဓိအဝိုင်းမှ လွှတ်တော်လမ်းကြောင်း၊ ထိုမှတစ်ဆင့် ကြာပန်းအဝိုင်းမှ ရာဇသင်္ဂဟလမ်းကြောင်း၊ အင်ကြင်းပန်းအဝိုင်းထိ လည်းကောင်း၊ ထိုမှပြန်လှည့်၍ မင်းသီဟလမ်းကြောင်းမှ တစ်ဆင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ ပန်းဝင်စေခဲ့သည်။ ပြိုင်ပွဲတွင် ဟောင်ကောင်မှ အားကစားသမားက စံချိန် ၄၉ မိနစ် ၅၃ စက္ကန့်ဖြင့် ပထမ၊ ကိုရီးယားနိုင်ငံမှ အားကစားသမားက စံချိန် ၄၉ မိနစ် ၅၆ စက္ကန့်ဖြင့် ဒုတိယ၊ အီရန်နိုင်ငံမှ အားကစားသမားက စံချိန် ၅၀ မိနစ် ၅၂ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ဒုတိယပွဲစဉ်အဖြစ် Individual Men Junior(၁၀၆)ကီလိုမီတာပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမား ၄၆ ဦးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ စတင်တာလွှတ်ပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**





**မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ၅ မိုင် ပြည်သူ့နန်းတော်ရေကစားဥယျာဉ်တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။**

# ရုံးပိတ်ရက်များတွင် တန်ခိုးကြီးဘုရားများ ဖူးမြော်ရင်း အပန်းဖြေ ခရီးသွားခြင်းဖြင့် စိတ်လန်းဆန်းမှုရရှိစေနိုင်

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးမြို့တွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်ထိ ရုံးပိတ်ရက်များအတွင်း တန်ခိုးကြီးဘုရားများနှင့် အပန်းဖြေစခန်းများ၌ ခရီးသွားပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

အပန်းဖြေခရီးသွားအများစုသည် မန္တလေးမြို့သို့ ရောက်ရှိလာပြီး ပြင်ဦးလွင်မြို့သို့ သွားရောက်ကြကာ မဟာအံ့ထူးကံသာဘုရားသို့ ဘုရားဖူးမြော်ပြီးနောက် ပွဲကောက်ရေတံခွန်သို့ လည်းကောင်း၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်နှင့် ကိုယ်တိုင်ခူးဆွတ်ဝယ်ယူနိုင်သည့် ပြင်ဦးလွင် လိမ္မော်ခြံသို့ လည်းကောင်း အပန်းဖြေ သွားရောက်ကြသည်။

ထို့နောက် မန္တလေး-ပြင်ဦးလွင်လမ်းပိုင်း ကျောက်ချောရွာအနီးလမ်းခွဲမှ သွားရောက်နိုင်သည့် ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှ အပန်းဖြေစခန်းများသို့ သွားရောက်လည်ပတ်ကြကာ မန္တလေးအပြန် ခရီးတစ်ထောက်အဖြစ် အပန်းဖြေအနားယူကြကြောင်း သိရသည်။

ရုံးပိတ်ရက်များတွင် ဘုရားဖူးခရီးစဉ်နှင့် အပန်းဖြေ အနားယူရန် ထွက်ခွာလာခဲ့ကြသည့် ပြည်တွင်းခရီးသွားများ၏ ခရီးစဉ်တစ်လျှောက် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**







ဝတ္ထုတို

မိုးသောက်ထွန်း

# ချောကလက်ကင်ဆာ



(၁)

"မေမေ မေမေရေ မေမေ"

"ဘာတုံးသမီးရဲ့မေမေက ဒီမှာ"သမီးငယ်၏ တစာစာအော်ခေါ်လိုက်သံကြောင့် ခင်မြ အဝတ်ဖွပ်နေရာမှ ပြန်ပြီးထူးလိုက်ပါသည်။ သမီးလေးက သူ့ကိုတွေ့သွားပြီး ပြေးလာလေ၏။

"မေမေ ဒီမှာလေ၊ ဦးဦးပါစီက သမီးကို မုန့်ပေးလိုက်တယ်" သမီးလေးက လက်ထဲမှ မုန့်ကို ကိုင်မြှောက်ပြရင်း ဝမ်းသာအားရ ပြောလေသည်။

"ဘာမုန့်တွေလဲ သမီးရဲ့"

"ဒီမှာလေ ချောကလက်တဲ့ အမေ"

"ဘာ ချောကလက် ဟုတ်လား"သမီးလေး လက်ထဲကမုန့်ကို ခင်မြ ဆတ်ခနဲ ဆွဲယူလိုက်မိသည်။ ချောကလက်တောင့်လေးတစ်ခု။ ခင်မြ လက်တွေ တဆတ်ဆတ် တုန်ယင်လာလေသည်။ ခင်မြ အံကိုတင်းတင်းကြိတ်လိုက်၏။ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသော သူ့လက်ထဲတွင် ချောကလက်တောင့်လေးက မွမွကြေလို့။

(၂)

"ညီမ ဒီအဆောင်က ဇင်ငြိမ်းမွန်ကို ခေါ်ပေးလို့ရမလားဟင်" ကောင်လေးတစ်ယောက်က အဆောင်ရှေ့တွင် ခုံနှင့်ထိုင်ပြီး စာအုပ်ဖတ်နေသော ခင်မြကို လှမ်းမေးပါသည်။ ကောင်လေး၏ လက်ထဲမှာလည်း အထုပ်အပိုးများဆွဲလို့။

"ရပါတယ် ခဏစောင့်နော်"

ကောင်လေးကိုပြောပြီး ခင်မြ အဆောင်ပေါ် တက်လာလိုက်သည်။

"ဇင်ငြိမ်းမွန် ဧည့်သည့်" ခင်မြ၏အသံက အနည်းငယ် မာဆတ်ဆတ်ဖြစ်နေ၏။

"ကျေးဇူးပဲ ခင်မြရေ၊ ကိုဇေက ဗယ်လ်လင်တိုင်းဒေးကျရင် တူတူဝတ်မယ့် အင်္ကျီတွေ ဒီနေ့ဝယ်လာပို့မယ် ပြောထားတာ"

ဇင်ငြိမ်းမွန်က ခပ်ကြွားကြွား အမူအရာဖြင့် ခင်မြကို လှမ်းပြောပြီး အဆောင်ရှေ့ ထွက်သွားလေသည်။ ခင်မြနှုတ်ခမ်းကို မဲ့ပစ်လိုက်၏။ "ကြွားမ"ဟု စိတ်ထဲက ပြောလိုက်ရင်း အခန်းထဲကို ဝင်လာခဲ့လိုက်သည်။ အခန်းထဲရှိ ခုတင်ပေါ်တွင် စုစုမြတ်နှင့် သဇင်တို့နှစ်ယောက် ဖုန်းတစ်လုံးကို ဝိုင်းကြည့်နေသည်ကို တွေ့ရလေ၏။ ခင်မြလည်း သူတို့နှစ်ယောက်ဘေးတွင် ဝင်၍ တုံးလုံးလှဲလိုက်သည်။

"ပုံလေးတွေက ချစ်စရာလေးတွေနော်"

"ဟုတ်ပ၊ ပန်းသီးကို လိပ်ပြာပုံလေး လုပ်ထားတာ ချစ်စရာလေးနော်"

"ဒီမှာ နှင်းဆီအစို ပန်းစည်းတွေလည်း ရတယ်တဲ့၊ ကြော်ငြာထားတယ်"

"ဟယ် လှလိုက်တာ ငါ့ကိုကို ကို ဝယ်ခိုင်းရမယ်" စုစုမြတ်နှင့် သဇင်တို့၏ မြိန်ရေရှက်ရေ ပြောနေကြသော စကားများက ခင်မြ၏ နားထဲသို့ ဇွတ်တိုးဝင်လာလေ၏။ သည်ဖေဖော်ဝါရီလရောက်တိုင်း ခင်မြ စိတ်ပျက်ရသည်။ သူငယ်ချင်းမများ၏ သည်းသည်းလှုပ် ရင်ခုန်သံများကို သူနားကလောမိ၏။ သူငယ်ချင်းများက သူတို့ လက်ဆောင်ရလာသော ချောကလက်များ ကျွေးသည့်အခါတိုင်း ခင်မြမနာလိုဖြစ်မိသည်။ နှစ်တိုင်း သူတို့ကသာကျွေး၍ ခင်မြက ပြန်မကျွေးနိုင်၍ ရှက်လည်းရှက်မိ၏။ခင်မြဆိုတဲ့သူ့မှာတော့ စိတ်ကူးထဲမှာပင် ရင်ခုန်စရာချစ်သူမရှိ။ ခင်မြ၏ ရုပ်ရည်က အဆိုးကြီးတော့လည်းမဟုတ်ပါ။ အသားကတော့ အနည်းငယ်ညို၏။ ခင်မြကို ပိုးပန်းသူတစ်ယောက်မျှ မရှိခဲ့တာတော့မဟုတ်။ တစ်ယောက်စ နှစ်ယောက်စ တော့ရှိ၏။ သာမန်လက်လုပ်လက်စား လူတန်းစားများမို့ ခင်မြက ငြင်းပယ်ခဲ့ခြင်းဖြစ်၏။ သည်နှစ်တော့ ဖေဖော်ဝါရီ ၁၄ မရောက်ခင် ချစ်သူတစ်ယောက်ရပါစေလို့ ခင်မြစိတ်ထဲမှ ကြိတ်ဆုတောင်းမိ၏။ "ရော့ ဒီမှာ ငါ့ချစ်သူဝယ်ပေးလိုက်တဲ့ ချောကလက်တွေ၊ နင်တို့လည်း စားကြ"ဟု သူငယ်ချင်းများရှေ့ ရင်ကော့၍ ပြောပစ်လိုက်ချင်မိ၏။

(၃)

"ဝူး . . . ကျွီ . . . ဝုန်း"

ရုတ်တရက် လမ်းချိုးတစ်ခုမှ ထွက်ပေါ်လာသောကားတစ်စီး။ ခင်မြ အမြန်ရှောင်လိုက်သောကြောင့် မတိုက်မိသော်လည်း လူကတော့ လမ်းဘေးကို အရှိန်နှင့်လဲကျသွား၏။ ခင်မြ ဒေါသတကြီးဖြင့် ကားဆီလှမ်းကြည့်မိသည်။ ကားပေါ်မှ ယောကျ်ားတစ်ယောက် ဆင်းလာလေသည်။ အသက်လေးဆယ်ခန့် ရှိမည်ထင်၏။

"ညီမ ဘယ်နား နာသွားလဲဟင်၊ ထလို့ရော ရလား" ထိုလူက ခင်မြဘေးသို့ လျှောက်လာရင်းမေးလေသည်။ ခင်မြလည်း အားတင်းပြီး မတ်တတ်ထရပ်ကြည့်လိုက်သည်။

"အ . . . ကျွတ် . . . ကျွတ်"

ခြေထောက်တစ်ဖက်က ထောက်မရအောင် နာသွားတာမို့ ခင်မြ ပြန်ထိုင်ချလိုက်မိလေသည်။

"ဟာ ထလို့မရဘူး၊ နေနေ ညီမ၊ အစ်ကိုဆွဲထူပေးမယ်၊ ဆေးခန်းလည်း လိုက်ပို့ပေးမယ်နော်" ခင်မြလည်း ခေါင်းညိတ်ပြလိုက်၏။ ထိုလူက ခင်မြကို ကားပေါ်သို့ ပွေ့တင်ပေးလေသည်။ ကားထဲတွင် ရနံ့သင်းသင်းလေးက လွင့်ပျံ့နေ၏။

"ကိုယ့်နာမည်က မြင့်ဝင်းပါ" ထိုလူက သူ့နာမည်ကို ပြော၍မိတ်ဆက်လာ၏။

"ဟုတ်ကဲ့ ညီမနာမည်က ခင်မြပါ"

"ကို ဆေးခန်းကို လိုက်ပို့မယ်နော်"

"ဟုတ်"

ကားလေးက ငြိမ့်ခနဲ မောင်းထွက်သွားသည်။ တန်ဖိုးကြီး အသုံးအဆောင်များ ဆင်မြန်းထားသော ထိုလူ့ကို ခင်မြ တိတ်တခိုးငေးကြည့်ရင်း လိုက်ပါလာခဲ့မိလေ၏။

(၄)

"ကိုယ် သွယ်ဝိုက်ပြီး မပြောတတ်ဘူးခင်၊ ခင့်ကို ကိုယ်ချစ်နေမိပြီ"

"ရှင်" မျှော်လင့်ထားသော စကားတစ်ခွန်းဖြစ်ပေမယ့် ယခုလို ခင်မင်မှုရက်ပိုင်းလေးအတွင်း ဖွင့်ပြောလာလိမ့်မည်ဟု ခင်မြ ထင်မထားသောကြောင့် အံ့သြသွားမိ၏။ကားနှင့်တိုက်မိပြီးနောက်ပိုင်း ကိုမြင့်ဝင်းက အဆောင်ကို နေ့တိုင်းလာ၍ ခင်မြကို သတင်းမေး၏။ ခင်မြ ခြေထောက် နည်းနည်းထောက်နိုင်သည်နှင့် လန်းလန်းဆန်းဆန်း ဖြစ်သွားအောင်ဟုဆိုကာ အပြင်သို့ ကားဖြင့်လိုက်ပို့ပေးလေသည်။ ခင်မြ တစ်ခါမျှ မထိုင်ဘူးသော ဆိုင်များသို့ လိုက်ပို့ပေး၏။ ယခုလည်း ကော်ဖီဆိုင်တွင် ထိုင်ရင်း ခင်မြကို ချစ်ရေးဆိုလာခြင်းဖြစ်၏။

"ဒီမှာ ကြည့်ပါဦး ခင်"

ခုံပေါ်သို့ ကိုမြင့်ဝင်း တင်လိုက်သောအရာများက ခင်မြမျက်ဝန်းများကို ညှို့ယူသွားလေသည်။ အနီရဲရဲ တူညီဝတ်စုံလေးနှစ်ထည်။ နောက်ပြီး ချောကလက်။

"သန်ဘက်ခါဆိုရင် ဖေဖော်ဝါရီ ၁၄ ချစ်သူများနေ့လေ၊ အဲ့ဒီနေ့မှာ ခင့်ရဲ့လက်ကိုဆွဲပြီး ပျော်ရွှင်ကြည်နူးခွင့်ပေးပါလား ခင်ရယ်"

ခင်မြ ခေါင်းကိုငုံ့ထားရင်းက အတွေးတို့ ရှုပ်ယှက်ခတ်နေလေ၏။ ကိုမြင့်ဝင်း ဖွင့်ပြောလာလျှင် လက်ခံလိုက်ဖို့ ဆုံးဖြတ်ထားပေမယ့် ချက်ချင်းကြီး အဖြေပြန်ပေးလိုက်ဖို့ သင့်ပါ့မလားဟူသော အတွေးများကြောင့် ခင်မြ အဖြေရခက်နေလေ၏။

"နော် ခင်၊ ခေါင်းညိတ်လိုက်ပါတော့ ခင်ရယ်" ကိုမြင့်ဝင်းက ခင့်လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး တတွတ်တွတ်ပြောနေပြန်၏။

"ဟုတ်"

ခင်မြနှုတ်က မပွင့်တပွင့် အဖြေလေးတစ်ခုက ခုန်ထွက်သွားလေ၏။

"ဝမ်းသာလိုက်တာ ခင်ရယ်၊ ကိုယ်အရမ်းပျော်တာပဲ"

ကိုမြင့်ဝင်းက ခင်မြကို ဆွဲယူပွေ့ဖက်လိုက်လေ၏။ ခင်မြလည်း အလိုက်သင့် ရင်ခွင်ထဲတိုးဝင်လိုက်လေသည်။ တန်ဖိုးကြီး ရေမွှေးနံ့သင်းသင်းလေးက ခင်မြနှာခေါင်းထဲ တိုးဝင်လာလေ၏။

(၅)

ဖေဖော်ဝါရီ ၁၄

သည်နှစ် ဗယ်လ်လင်တိုင်းဒေးက ခင်မြအတွက် ထူးခြားမှု၊ ရင်ခုန်မှု၊ ပျော်ရွှင်မှုပေါင်းများစွာဖြင့် အတိပြီးနေခဲ့လေ၏။ ကိုမြင့်ဝင်းလက်ဆောင်ပေးသော ချောကလက်များကို သူငယ်ချင်းများအား ပြန်ကျွေးရသည့်အချိန်လေးကတော့ ခင်မြအတွက် ဘာနှင့်မျှတိုင်းဆမရသော အခိုက်အတန့်တစ်ခုပါပဲ။

"တီ တီ တီ"

အဆောင်ရှေ့မှ ကြားလိုက်ရသော ကားဟွန်းတီးသံကြောင့် ခင်မြ စလင်းဘက်အိတ်လေးဆွဲပြီး ထွက်လာခဲ့လိုက်သည်။ ယခုလို ကားနှင့်လာခေါ်ခံရသူမှာ သည်အဆောင်တွင် ခင်မြတစ်ယောက်ထဲသာ ရှိလေသည်။ သူငယ်ချင်းများ၏ရှေ့မှ ရင်ကိုကော့ ခေါင်းကိုမော့ပြီး လျှောက်လှမ်းထွက်ခဲ့ရင်း ခင်မြမျက်နှာပေါ်တွင် အပြုံးပွင့်တို့က မိုးမမြင်လေမမြင်။

ကားမောင်းနေသော ကိုမြင့်ဝင်းကို ကြည့်ရင်း ခင်မြ သူ့ကိုယ်သူ ကျေနပ်နေမိ၏။ သည်လိုချစ်သူမျိုး ပိုင်ဆိုင်ခွင့်ရသည့်အတွက်လည်း ဂုဏ်ယူနေမိလေသည်။

"ခင် ကိုကို့ကိုကြည့်ပြီး ဘာလို့ပြုံးနေတာလဲ" ကိုမြင့်ဝင်းက ကားမောင်းနေရင်းမှ ခင်မြကို လှည့်မေးလေသည်။

"ကိုကို့ကို ချစ်လို့ပေါ့"

"အချွဲပိုလေး ဟင်း"

ချွဲချွဲနွဲ့နွဲ့ ပြောလိုက်သော ခင်မြကို ကိုမြင့်ဝင်းက ပြုံး၍ကြည့်ရင်း နှာခေါင်းလေးကို ဆွဲလိမ်လိုက်သည်။

"ခင် ကိုကို့ကို တကယ်ချစ်လားဟင်"

"အော် ချစ်ပါတယ်ဆို"

"အင်း တကယ်ချစ်တယ် ဆိုရင်လေ . . ."

ကိုမြင့်ဝင်းက စကားကို ရှေ့မဆက်ဘဲ စဉ်းစားသလိုလုပ်ရင်း ခေတ္တဆိုင်းငံ့ထားလေ၏။ ကားကိုလည်း လမ်းချိုးတစ်ခုကို လျှောခနဲ မောင်းဝင်လိုက်ပြီး အဆောက်အအုံတစ်ခုရှေ့၌ ဘရိတ်ကို ရုတ်တရက်စောင့်အုပ်ပြီး ရပ်လိုက်လေ၏။ ကိုမြင့်ဝင်း၏ အမူအရာက လူငယ်လေးတစ်ယောက်လို တက်ကြွလန်းဆန်းလို့။ ခင်မြ ရင်ကိုလက်ကလေးနှင့် ဖွဖွဖိရင်း သက်ပြင်းမောကို ရှိုက်လိုက်မိသည်။ တလှပ်လှပ်ခုန်သော ရင်သည် ကားကိုရုတ်တရက် ဘရိတ်အုပ်လိုက်သည့်အရှိန်ကြောင့်လား၊ စကားပရိယာယ်ကြွယ်ပြီး လိုရာကို လှလှပပ သိမ်းသွင်းဆွဲဆောင်နိုင်စွမ်းရှိသော ကိုမြင့်ဝင်း၏ "တကယ်ချစ်တယ်ဆိုရင်လေ"ဆိုသည့် စကား၏ နောက်ဆက်တွဲအဓိပ္ပာယ်ကို တွေးတောရှာဖွေနေမိသောကြောင့်လားဆိုသည်ကို ခင်မြ မဝေခွဲနိုင်ရှာ။

"ခင် ဆင်းလေ"

ကိုမြင့်ဝင်း ကမ်းပေးလာသော လက်ကိုဆွဲ၍ ကားပေါ်မှ ခင်မြဆင်းလိုက်သည်။ ရောက်ရှိနေသော အဆောက်အအုံကို သေချာမော့ကြည့်လိုက်မိ၏။ "----"ဟိုတယ်ဟူသော ဆိုင်းဘုတ်က အခန့်သား။ ခင်မြ ရင်တွေ တဆတ်ဆတ်တုန်ခါသွားလေတော့သည်။

(၆)

"ခင်မြ နင့်ကို အဆောင်မှူးခေါ်နေတယ်"

သူငယ်ချင်းတစ်ယောက်က အခန်းဝမှ လာအော်ပြောသဖြင့် ခင်မြ အဆောင်မှူးအခန်းဘက် ထွက်လာခဲ့လိုက်သည်။ အဆောင်မှူးအန်တီနှင့်အတူ သက်လတ်ပိုင်း အမျိုးသမီးတစ်ယောက်ကိုပါ တွေ့လိုက်ရလေ၏။

"ဘာကိစ္စရှိလို့လဲ အန်တီ"

"ထိုင်ပါဦး ခင်မြ၊ ဒီညီမက ညည်းကို ပြောစရာလေးရှိလို့တဲ့" အဆောင်မှူးအန်တီက မာဆတ်ဆတ်လေသံဖြင့် ခင်မြကို အထိုင်ခိုင်းသည်။

"ညီမက ကိုမြင့်ဝင်းနဲ့ တွဲနေတဲ့ မိန်းကလေးလား"

"ဟုတ်ပါတယ် အစ်မ"

"ညီမ ကိုမြင့်ဝင်းအကြောင်းကို ဘယ်လောက်ထိ သိထားလဲ"

"ဘာဖြစ်လို့မေးတာလဲ အစ်မ"

"ဘာလို့ မေးတာလဲဆိုတော့ အစ်မက သူ့ရဲ့ဇနီးဖြစ်နေလို့ပဲ"

"ရှင်"

"ဟုတ်ပါတယ် ညီမ၊ ညီမတို့ကိစ္စတွေကို ရပ်တန်းကရပ်ဖို့ လာပြီးသတိပေးတာပါ"

ခင်မြ နားထဲတွင် အူဆင်းသွားလေသည်။ စိတ်ထဲမှ "မဖြစ်နိုင်ဘူး ကိုကိုက ဒီလိုလူမျိုး မဟုတ်ဘူး"ဟု အော်ပြောနေမိသည်။နှုတ်ကတော့ အသံအဖြစ် ထွက်ပေါ်မလာ။

"ညီမကို မိန်းမသားချင်း ကိုယ်ချင်းစာပါတယ်၊ ဒီထက်အခြေအနေ မဆိုးခင် ရပ်တန်းက ရပ်လိုက်ပါညီမ"

ခင်မြ အဆောင်မှူးအန်တီကို အားကိုးတကြီး မော့ကြည့်လိုက်မိသည်။ အဆောင်မှူးအန်တီက မသတီသော မျက်ဝန်းများဖြင့် သူ့ကို စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ ခင်မြ၏ မျက်ဝန်းမှ မျက်ရည်တို့က တသွင်သွင် စီးဆင်းကျလာလေ၏။ မျက်နှာကို လက်ဖြင့်အုပ်ရင်း အခန်းထဲမှ ခင်မြပြေးထွက်လာခဲ့လိုက်သည်။ အခန်းအပေါက်ဝတွင် ချောင်းနားထောင်နေသော သူငယ်ချင်းများကို တွေ့လိုက်ရ၏။ ခင်မြ သူငယ်ချင်းများကြားမှ တိုးဝှေ့ပြီး ပြေးထွက်လာခဲ့သည်။

"ကောင်မ ဘူမသိကိုးမသိနဲ့ နန့်နန့်တက်နေတာ၊ ခုတော့ ဒုက္ခလှလှတွေ့ပြီလေ"

အနောက်ဘက်မှ လွင့်ပျံ့လိုက်လာသော စကားသံများကြောင့် ခင်မြ ခေါင်းကို သွက်သွက်ခါရမ်းပစ်လိုက်မိလေ၏။

(၇)

"မေမေ သမီးမုန့်ကို ပြန်ပေးဦးလေ"

"အင် . . . အော် . . . သမီး ဒီမုန့်ကို မစားတော့နဲ့နော်၊ ကြေမွနေပြီ သမီးရဲ့၊ မေမေ နောက်ထပ်မုန့်အသစ် ဝယ်ပေးမယ်နော်" လက်ထဲမှချောကလက်ကို ခင်မြ နာနာကြည်းကြည်း တစ်ချက်ကြည့်လိုက်ပြီး အဝေးသို့ လွှင့်ပစ်လိုက်၏။ ချောကလက်၏ အရသာကို သမီးလေးအား မြည်းစမ်းခွင့်မပေးချင်မိပေ။ ချောကလက်ကပေးသည့် ဝေဒနာကို သမီးလေးအား ကူးစက်သွားမည်ကို ခင်မြကြောက်မိလေ၏။

"အမေ့ စိတ်နှလုံးထဲအထိ အမြစ်တွယ်နေတဲ့ ကင်ဆာလိုဝေဒနာမျိုး သမီးလေးမှာ အဖြစ်မခံနိုင်ဘူး သမီးလေးရယ်"ဟု စိတ်ထဲမှ ပြောလိုက်ရင်း သမီးငယ်ကို တင်းတင်းဖက်ထားလိုက်မိလေ၏။ ။

✻ ✻

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားသော မျိုးဆက်သစ်ကလောင်ရှင်များ၏ ကဗျာများ

## ပြည်ထောင်စုနေ့ဟူသည်

ပြည်ထောင်စုနေ့ဟူသည်
မြန်မာ့စည်းရိုး၊ ဖောက်ဖျက်ချိုး၍
ကြီးစိုးသခင်၊ သူ့ဘုရင်ဟု
ပလ္လင်ကိုဖွဲ့၊ နယ်ကိုချုံ့လျက်
ငိုမဲ့ပြည်သူ၊ များရှင်လူ၏
ပူပူဆွေးဆွေး၊ မျှည်ရည်နွေးဖြင့်
ခြေဆေးခဲ့ရှာ၊ မျိုးမိစ္ဆာကို
ညီညာစေမှု၊ အားအင်ထုဖြင့်
ပေါင်းစုတွန်းလှန်၊ မျိုးချစ်မာန်ကို
ဖွင့်အန်ထုတ်၍ ပြသောနေ့။
ပြည်ထောင်စုနေ့ဟူသည်
သူလည်းတစ်မူ၊ ငါတစ်ဆူနှင့်
အယူကွဲပြား၊ ပြည်ထောင်ကြားသို့
မသားစွက်ကာ၊ စိတ်ယုတ်မာဖြင့်
ညီညာမှုကင်း၊ ကျွန်နှံ့သင်းရန်
သပ်ပင်းဖုံဖုံ၊ မိစ္ဆာအုံမှ
ပင်လုံကိုဆစ်၊ ကျွန်စိတ်ခြစ်၍
ရေးလစ်ပီပီ၊ သွေးနီနီဖြင့်
ရှေးဆီလွယ်သိုင်း၊ တို့သမိုင်းဝယ်
အရိုင်းတွေကို ဆေးသောနေ့။
ပြည်ထောင်စုနေ့ဟူသည်
ဖေဖော်ဝါတက်၊ ဆယ့်နှစ်ရက်၏
လင်းလက်ရွှင်ပျော်၊ သူ့ရင်ပေါ်ဝယ်
ညီတော်နောင်ရင်း၊ တစ်အူဆင်းသို့
ပုံ့သင်းမေတ္တာ၊ သွေးသစ္စာဖြင့်
ညီညာစွဲကပ်၊ ရင်ချင်းအပ်လျက်
လွတ်လပ်ရေးဆီ၊ အားမာန်ချီ၍
ကြွေးသီ ဥဒါန်းကျူးသောနေ့။ ။

သာကီနွယ် နတ်မောက်

## ညီညွတ်မှုရဲ့ အားမာန်

ပင်လုံမြေမှ အစတည်
အရင်းပြုခဲ့သည်
တောင်တန်းမြေပြန့်
မခွဲကေန် လွတ်လပ်ကြဖို့ရန်
ရှမ်းရိုးမကြီးသက်သေထား
ညီနောင်ဆွေအများ
တိုင်းရင်းသားထုရဲ့
သဘောထားအမှန်
လှစ်ဟပြခဲ့ပြန်
ဖေဖော်ဝါရီ ဆယ့်နှစ်ရက်
ပြည်ထောင်စုနေ့ တို့သတ်မှတ်
စုစည်းမှုရဲ့ ပြယုဂ်မဟာ
ညီညွတ်မှုရဲ့ အားမာန်ပါ။ ။

ထက်နဒီလင်း

## တို့ပြည်ထောင်စု

တိုင်းရင်းသား ညီနောင်ထု
ပေါင်းစုတဲ့ ပြည်မြန်မာ။
ချစ်ခင်စွာ ရင်အပ်ထွေးတဲ့
နွေးထွေးကွန်ချာ။
သွေးသားချင်း နီးနောကာ
တူညီစွာ ရောစပ်သွန်း။
ခိုင်မာစွာ လက်တွဲထားတဲ့
ကြီးမား ရပ်ဝန်း။
ဘိုးဘေးတွေ မေတ္တာဖက်
အသွားထက် မြန်ပြည်ကို။
တို့ခေတ်တွင် စည်းမခြားနဲ့
မြင့်မား မြင်းမိုရ်။
တောင်ပေါ်သားတို့ တေးကိုဆို
မြေပြန့်ကြို စုံစီးဆင်း။
ဩော်
ချစ်သက်ရှည်စေ
မုန်းဆက်ပြေ အကြင်နာဝေလို့
စည်းလုံးစေ လက်တွဲထားကြကွယ်
မွေးဖွားပင်ရင်း။ ။

ပုညခေတ်(မန္တလေး)

## ပြည်ထောင်စုရဲ့လက်များ

ကချင် ကယား
ချင်း လက်များ
တွဲထားမခွဲ ချစ်ခင်မြဲ။
ရှမ်း မွန် ကရင်
တွဲလျက်ပင်
ချစ်ခင်မခွဲ တွဲလက်မြဲ။
ရခိုင် ဗမာ
တူမကွာ
လွန်စွာညီဆဲ ကမ်းလက်မြဲ။
တို့တိုင်းရင်းသား
ညီနောင်များ
တူဖွားလက်တွဲ ကူညီမြဲ။
အကြမ်းဖက်သူ
တို့ရန်သူ
အတူလက်တွဲ တိုက်ထုတ်မြဲ။
ပြည်ထောင်စုပန်း
အစဉ်လန်း
မနွမ်းစေဘဲ စောင့်ရှောက်မြဲ။
တို့တိုင်းဌာနီ
မြန်မာပြည်
စည်ပင်အမြဲ တို့လက်တွဲ။ ။

မိုးယံဝင့်ထည်

## စည်းလုံးခြင်းပန်းတွေပွင့်တဲ့နေ့

အသွေးတခြား အသားတခြား
ကလေးကစားစရာဖြစ်နေသရွေ့
ပြည်ထောင်စုနေ့ ဆိုတာ
အငွေ့သာသာ…
ထင်းတစ်စည်းနဲ့သားအဖအကြောင်း
ငါတို့စာလုံးပေါင်းခဲ့ပြီ…
ရိုးသားညီညွတ်ခြင်းနဲ့မိတ်ဆက်
ဆိုးတူကောင်းဖက်…
ပြည်ထောင်စုစိတ်ဓာတ်ဟာ
အခိုင်အမာတည်ထားတဲ့ကျောက်တိုင်
နှလုံးသားတွေမယိုင်လဲဘူး…
မြေပြန့်တောင်တန်းတစ်စိတ်တစ်ဝမ်း
ငါတို့လမ်းတွေဖြောင့်ပါစေ…
တစ်သွေး တစ်သား အလေးထား
အတွေးများလည်းဖြူပါစေ…
ဩော်…တကယ်တော့
ပြည်ထောင်စုနေ့ ဆိုတာ
ညီညွတ်ခြင်းပန်းတွေဖူးတဲ့နေ့
စည်းလုံးခြင်းပန်းတွေပွင့်တဲ့နေ့။ ။

အလင်းသစ်(ရွှေဆည်မြေ)

## ပြည်ထောင်စုအိမ်

တောင်တန်း တစ်ကျပ်ဆို
မြေပြန့်လည်း တစ်ကျပ်
မြစ်ဝကျွန်းပေါ်လည်း တစ်ကျပ်
ငတ်လည်း မခွဲဘူး
ငါတို့အတူတူ သက်ဆိုင်တယ်
ခွင့်တူညီမျှ
ငါတို့အယူဝါဒတွေ တူညီကြတယ်။
"ကမ္ဘာမကြေ"တဲ့ အဲဒီသီချင်းအောက်
ငါတို့ အတူတူဆောက်တဲ့အိမ်။ ။

ညီဆောင်းဦး

## ပြည်ထောင်စုနေ့

တိုင်းပြည်နယ် အကြောင်းပြု
ပြည်ထောင်စု ခေါ်တွင်။
သွေးခွဲသူ နယ်ချဲ့ဘေး
ကင်းဝေး အောင်မြင်။
ညီညွတ်မှု ကမ္ပည်းတင်
တို့ဖခင် ဦးဆောင်ခဲ့။
မြန်မာမှန်
မကွာ ဉာဏ် သည်တစ်နေ့
မမေ့ကြနဲ့။ ။

မေသူ(တမာတော)

## ပြည်ထောင်စုသား

တိုင်းရင်းသား စုံညီစွာနှင့်
သာယာတဲ့မြေ
ငြိမ်းချမ်းစွာနေ
ညီညာတဲ့လက်များ
တွဲခဲ့ကြနှစ်တွေများ
အချစ်တွေပွား။
ကူညီဖေးမ ရိုင်းပင်းကြနှင့်
အတိုင်ဖောက်ညီသလေ
တောင်တန်းနဲ့ လွင်ပြင်မြေ
ပိတောက်နဲ့ ချယ်ရီဆွေ
ကချင်နဲ့ ကယား
မွန်ကရင် ဖြူစိတ်ထား
ချစ်ခင်အင်အား။
ဗမာနှင့် ရခိုင်ချင်း
ရှမ်းတိုင်းရင်းသား
စည်းလုံးကြ ညီညွတ်မှုနှင့်
တိုင်းပြည်အင်အား။
ပင်လုံမြေ အေးချမ်းချမ်း
ပြည်အောင်ခန်းဦး
ပေါင်းစည်းချစ်ခင်စွာနဲ့
ကြင်နာစွာ မေတ္တာထား
ချစ်ပါစို့လား။ ။

ခန့်လူ(မြန်မာစာ)

## ပြည်ထောင်စုဖွားတိုင်းရင်းသား

စိတ်ဓာတ်စည်းကမ်း ပညာလမ်းနဲ့
ဆိုင်းထမ်းချီတက် သွေးချင်းဆက်၍
ရန်ဘက်မျိုးမျိုး တော်လှန်ထိုးသည်
တန်ဖိုးမြင့်မား တိုင်းရင်းသား။
ကျောသားရင်သား မခွဲခြားဘဲ
စိတ်ထားဖြူဖြူ အလံထူလို့
မှန်ယူကျင့်လျက် အသက်ဆက်သည့်
တို့ပြည်ရွာဖွား တိုင်းရင်းသား။
အမျိုးဂုဏ်ကို ချစ်မြတ်ထုံလို့
ဖျက်ပိုးများရန် ကာကွယ်မာန်ဖြင့်
ပြင်းထန်တွန်းထုတ် ပြိုင်တူလုပ်သည့်
မဆုတ်သူများ တိုင်းရင်းသား။
ကိုယ့်တိုင်းကိုယ့်ပြည် စည်းလုံးညီညီ
ထိန်းမည်စောင့်ရှောက် ကိုယ်-စိတ်ထောက်မှ
လျှမ်းတောက်ရွှေရောင် နာဂတ်ဆောင်မည်
ပြည်ထောင်စုဖွားတိုင်းရင်းသား(တို့)။ ။

ဘုဏ်းနွယ်(ဟသ်ာမြေ)

ဝတ္ထုတို

ဆွေး(မြိတ်)

# သားကောင်များ

**အခန်း(၁)**

အခြားသောကျောင်းသားများနှင့် ထမင်းအတူမစားဘဲ နှစ်ယောက်တည်းသီးသန့်ထွက်စားနေကြသော စိုးကိုနှင့် နွယ်ဇာတို့အမြွှာမောင်နှမ၏ ထမင်းချိုင့်များကို ငုံ့ကြည့်လိုက်သည့်အခါ အဘယ်ကြောင့် သူတို့ ထိုသို့သီးသန့်လာစားနေကြသည်ကို ကျွန်တော်သိလိုက်ရ၏။ မာခဲနေသော ထမင်းကြမ်းချည်းသက်သက်ကို အတိုင်းသားစားနေကြသည်။ ထို့ကြောင့် အဆောင်သို့ ခေါ်သွားပြီး မနက်ကချက်ထားသည့် ခရမ်းချဉ်သီး ငါးပိချက်နှင့် ကြက်ဥကြော်တို့ကို ပန်းကန်လုံးနှင့်ထည့်ပေးလိုက်၏။ မောင်နှမနှစ်ယောက်က ချက်ချင်းမယူဘဲနှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။

"ယူလေ---ဆရာစားဖို့ ရှိပါသေးတယ်၊ ရော့--- သွားစားကြတော့"

ကျွန်တော်ကသူတို့လက်ထဲသို့အတင်းထည့်ပေးလိုက်သည့်အခါမှသာလျှင် "ကျေးဇူးတင်ပါတယ်"ဟု ဆိုကာ ထွက်သွားကြ၏။ ဝေးကွာသွားသောကျောပြင်နှစ်ခုကို ကြည့်ရင်း သက်ပြင်းချလိုက်မိသည်။ ကျွန်တော်တာဝန်ကျသည့်ရွာလေးတွင် တစ်ရွာလုံးနီးပါးက ဥယျာဉ်ခြံစိုက်ပျိုးလုပ်ကိုင်ကြ၏။ လယ်ယာလုပ်ကိုင်ကြသူများလည်းရှိ၏။ ဥယျာဉ်ခြံမြေကေပေါင်းများစွာကို ပိုင်ဆိုင်သည့်သူများရှိသလို အခကြေးငွေယူ၍ သူတစ်ပါးခြံတွင် လုပ်ကိုင်နေကြသူများလည်းရှိ၏။ ရော်ဘာပင်၊ ကွမ်းသီးပင်၊ သီဟိုဠ်ပင် သရက်ပင်၊ ငရုတ်ကောင်းပင်အစရှိသည့် အပင်များကို စိုက်ပျိုးလုပ်ကိုင်ကြရင်း ဝမ်းတစ်ထွာအတွက် ဖြေရှင်းကြရသည်။ ယခုကဲ့သို့ ဆောင်းရာသီ၌ဆိုလျှင် ရော်ဘာစေးခြစ်သည့်အလုပ်ကို အလေးပေးလုပ်ကိုင်ကြသည်။ ရော်ဘာပင်များ၌ ညဦးပိုင်းမှစ၍ အစင်းရာခြစ်ကြောင်းများလိုက်ဖော်ထားရ၏။ ထို့နောက် မနက်ပိုင်းသုံးနာရီခွဲလေးနာရီလောက်တွင် ခြစ်ကြောင်းမှတစ်ဆင့်အောက်ဘက်ရှိ ခွက်ထဲသို့ စီးကျနေသော ရော်ဘာစေးများကို ပြန်သိမ်းယူရသည်။ ပြီးလျှင် ရော်ဘာပြားများဖြစ်လာသည်အထိ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်လုပ်ဆောင်ရ၏။

စိုးကိုနှင့်နွယ်ဇာတို့၏ ထမင်းချိုင့်များထဲ၌ ထမင်းကြမ်းချည်းသက်သက် ပါလာရခြင်းမှာ ဤရော်ဘာခြစ်သည့်ကိစ္စနှင့်ပတ်သက်နေ၏။ အဘယ်ကြောင့်ဆိုသော် သူတို့၏မိဘနှစ်ပါးစလုံးမှာ သူတစ်ပါးခြံတွင် ရော်ဘာစေးခြစ်ရသည့် အလုပ်သမားများဖြစ်ခြင်းကြောင့်ပင်။ အလုပ်ခွင်သို့ မပျက်မကွက် အချိန်မီဝင်ရောက်ကြရသည့်အခါ ကလေးများအတွက် အချိန်မပေးနိုင်။ လက်လှုပ်မှ ပါးစပ်လှုပ်ရသည့်ဘဝများပေမို့ သည်ညလက်မလှုပ်ပါက မနက်ဖြန်၌ ထမင်းငတ်ကြပေမည်။ လူချမ်းသာများ၊ ဆရာဝန်များ တီဗွီကြော်ငြာများတွင် ပြောလေ့ရှိသည့် အာဟာရဓာတ်ဟူသော စကားလုံးကိုလည်း သူတို့ထည့်မတွေးနိုင်။ ဝမ်းတစ်ထွာသည် ခဏမျှတင်းတိမ်သွားလျှင်၊ ငြိမ်ဝပ်သွားလျှင် ပြီးရောဟူသော စံနှင့်ဘဝကို လုံးပန်းနေကြသူများဖြစ်၏။ ထို့အတွက် မိမိ၏ကလေးများ အစားကောင်းအသောက်ကောင်းများဖြင့် အာဟာရပြည့်ဝရေးထက် ထမင်းကြမ်းစားကာဗိုက်ဝရေးကိုသာ သူတို့ဖြည့်ဆည်းနိုင်ခြင်းဖြစ်သည်။

ကံကြမ္မာက မြေနိမ့်ရာသို့အပြေးလာ၍ လှံ့လာစိုက်သည်ဟု ဆိုရတော့မည်။ သည်နှစ်အတွင်း၌ ရော်ဘာဈေး၊ ကွမ်းသီးဈေး၊ ငရုတ်ကောင်းဈေးကလည်း ထိုးကျလာ၏။ သည်ကြားထဲ ရာသီဥတုကလည်းဖောက်ပြန်သဖြင့် အပွင့်အသီးတို့ အထွက်နည်းကြပြန်သည်။ ရော်ဘာစေးများလည်း ထွက်နှုန်းအတော်ကျလာသည်။ ဤသည်တို့မှာ ကျွန်တော်နှင့် တစိုးတမျှ မဆိုင်သော်ငြားလည်း ရော်ဘာပင်များမှ အစေးများဆတိုးထွက်ရန်နှင့် ဈေးများလည်း အမြန်တက်လာပါရန် ညတိုင်းဆုတောင်းနေမိ၏။ မိဘများ အလုပ်အကိုင် အဆင်မပြေဖြစ်ကြသည့်အခါ ကလေးများ အနေခက်ရသည်။ အစားခက်ရသည်။ အသက်အရွယ်နှင့် လိုက်ဖက်မညီသော လောကဓံ ရိုက်ချက်များကို သူတို့ ခံစားကြရသည်။ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေးအတွက် ပြဋ္ဌာန်းစာအုပ်များမှအစ ကျောင်းဝတ်စုံအဆုံး နိုင်ငံတော်က ကူညီထောက်ပံ့ပေးထား၏။ သို့သော်ငြားလည်း ထိုအကူသည် ဝမ်းမီးကိုမငြိမ်းပေးနိုင်။ ဝမ်းစာရေးအပူများကြောင့် ကျွန်တော့်အခန်းအတွင်းရှိ ကျောင်းသားဦးရေများသည် နှစ်စကနှင့်မတူတော့ပါ။ ခုံနေရာအလွတ်များ တိုးလာ၏။ ယခုအချိန်သည် ဆောင်းရာသီဝင်နေပြီမို့ ပညာသင်နှစ်တစ်ခု၏ အဆုံးပိုင်းသို့ ရောက်လာနေပြီ။ ထို့ကြောင့် အခန်းတွင်းရှိ ကျောင်းသားဦးရေ လျော့သွားမည်ကို ကျွန်တော်မလိုချင်တော့ပါ။

**အခန်း (၂)**

နေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ စားသောက်မှု အစုစုတို့ ပြောင်းလဲတိုးတက်လာသော စိုးကိုနှင့်နွယ်ဇာတို့ မောင်နှမနှစ်ယောက်ကိုကြည့်၍ ကျွန်တော်ပျော်နေမိသည်။ သူတို့တွင် ကျောင်းဝတ်စုံအသစ်နှင့် ဗလာစာအုပ်အသစ်နှင့်။ ထမင်းချိုင့်အသစ်နှင့်။ မနက်ကဆိုလျှင် ဆရာ့အတွက်ဟုဆိုကာ အာလူးကြော်တစ်ထုပ်ပင် ဝယ်လာကျွေးကြသေး၏။ သူတို့ အခြေအနေကိုကြည့်ရင်း မိဘများ၏စီးပွားရေး အခြေအနေ တိုးတက်လာပြီဟု ကျွန်တော်ကောက်ချက်ချလိုက်သည်။ တောင်းနေကျ ဆုတောင်းများလည်း ပြည့်လေပြီဟု ကျွန်တော်မှတ်ယူထားလိုက်သည်။ အတန်းထဲရှိ ကျန်ကလေးများကိုလည်း သူတို့နှယ်ဖြစ်စေချင်၏။ သို့သော် သတ္တဝါတစ်ခု ကံတစ်ခုပေမို့ ကျန်သူများကိုလည်း မကြာမကြာအားပေးစကားပြောရသေး၏။

**အခန်း(၃)**

"ဆရာ---ဆရာ-----"

မနက်ဝေလီဝေလင်းသာရှိသေး၏။ ကျွန်တော်ပင် အိပ်ရာက မထသေးပေ။ ဆက်တိုက်ထွက်ပေါ်လာသော ခေါ်သံကြောင့် အသံပြန်ပြုပြီးနောက် အဆောင်တံခါးကို သွားဖွင့်ပေးလိုက်သည်။

"ညက ဇာတ်ပွဲသွားကြည့်လို့ ဆရာ့အတွက် ဝယ်လာပေးတယ်"

ပန်းသီး၊ လိုင်ချီးသီး၊ လိမ္မော်သီး၊ မြေပဲဆားလှော်၊ ပြောင်းဖူးပြုတ်တို့စုပေါင်းထည့်ထားသော အထုပ်တစ်ထုပ်ကို စိုးကိုနှင့်နွယ်ဇာတို့လာပေးကြ၏။ သူတို့နှင့်အတူ မိဘနှစ်ပါးလည်းပါလာ၏။ တောဓလေ့ တောသဘာဝမို့ ဇာတ်ပွဲရှိလျှင် မိသားစုလိုက်သွားကြည့်ကြ၏။ သည်နေ့စနေနေ့ ပိတ်ရက်မို့ ညက သူတို့လည်း ဇာတ်ပွဲသွားကြည့်ကြသည် ဖြစ်မည်။

"ဟား---မနည်းပါလားကွာ၊ ဆရာတစ်ယောက်တည်း ဘယ်လိုလုပ်စားလို့ ကုန်မှာလဲ၊ ဒီလိုလုပ် တစ်မျိုးကို နည်းနည်းစီယူမယ်၊ ကျန်တာပြန်ယူသွားနော်၊ အိမ်ကျ ပြန်စားကြပေါ့"

ကျွန်တော်က ဤသို့ဆိုသည့်အခါ ကလေးများက သူတို့အနောက်တွင်ရပ်နေသည့် မိဘများကို လှည့်ကြည့်ကြ၏။

"ယူလိုက်ပါ ဆရာရယ်၊ ကျွန်တော်တို့ ဆရာ့ကို စားစေချင်လို့ ဝယ်လာကျွေးတာ၊ ဆရာမယူရင် ကလေးတွေက စိတ်ကောင်းမှာ မဟုတ်ဘူးဗျ"

"ဟုတ်ပါတယ် ဆရာရယ်၊ ယူလိုက်ပါ၊ ကျွန်မတို့ ပင်ပန်းစဉ်က ကလေးတွေအပေါ် ဆရာထောက်ပံ့ပေးတာနဲ့ စာရင် မပြောပလောက်ပါဘူးရှင်၊ တကယ်ဆို ကျွန်မတို့က ဆရာ့ကို ဒီထက်ကိုပေးချင်ကမ်းချင်သေးတာ"

မိဘနှစ်ပါးက ထိုသို့ဆိုလာကြသဖြင့် အားနာစွာနှင့်ပင် ကျွန်တော်လက်ခံလိုက်ရ၏။ အမှန်တိုင်းဆိုရလျှင် ကလေးများကို ကျွန်တော်ကျွေးခဲ့မွေးခဲ့ ထောက်ပံ့ခဲ့သည်များမှာ ရယူလိုစိတ်အလျှင်းမရှိပေ။ မေတ္တာထားခြင်းသည် ကမ္ဘာကြီးကိုပင်ငြိမ်းချမ်းစေသည်ဟူသော စကားနှင့်အညီ ကလေးများအပေါ်တွင် ကျွန်တော်မေတ္တာနှင့်ပြုခဲ့ခြင်းဖြစ်၏။

"ဦးလေးနဲ့အဒေါ်ကိုလည်း ကျေးဇူးတင်ပါတယ်ဗျ၊ နောက်ဆို ဒီလိုအများကြီး မဝယ်လာပါနဲ့၊ ကျွန်တော်က တစ်ယောက်တည်း ဒီလောက်အထိ စားမနိုင်ဘူးဗျ"

ကျွန်တော်က ရယ်မောရင်းပြောသည့်အခါ သူတို့မိသားစုပါ လိုက်ရယ်ကြ၏။

"ဟုတ်ကဲ့ပါ ဆရာ၊ ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီးသည်နှင့် အတူတူလက်ဆွဲရင်းလှည့်ထွက်သွားကြသော သူတို့မိသားစု၏ ကြည်နူးခြင်းတို့သည် မနက်ခင်းနေရောင်ခြည်နှင့်ထပ်တူကျနေ၏။ ဖြစ်နိုင်လျှင် အခန်းထဲရှိ ကလေးတိုင်း၏ မိသားစုတိုင်းကို ဤသို့ဤနှယ် ပျော်ရွှင်ကြည်နူးရအောင် ကျွန်တော်ဖန်တီးပေးလိုက်ချင်၏။

**အခန်း (၄)**

သည်နေ့ပါဆိုလျှင် အမြွှာမောင်နှမနှစ်ယောက်ကျောင်းမလာသည်မှာ သုံးရက်မြောက်ခဲ့ပြီ။ မှတ်မှတ်ရရ ကျွန်တော့်ကိုဇာတ်ပွဲအပြန်လက်ဆောင်များလာပေးသည့်နေ့ကစ၍ သူတို့ကိုမတွေ့ရတော့ပေ။ ယခင်ကဆိုလျှင် ကျောင်းပိတ်ရက်ဖြစ်စေကာမူ ကျောင်းဝင်းထဲ၌ သူငယ်ချင်းများနှင့်လာဆော့တတ်၏။ ယခု၌မူ အခန်းထဲရှိ ကလေးများကိုမေးကြည့်သော်လည်း အသေအချာ မပြောတတ်ကြ။ အိမ်သော့ခတ်ထားသည်ဟုသာဆိုကြ၏။ ထို့ကြောင့် အသေအချာသိရအောင် ညနေကျောင်းဆင်းသည်နှင့် စိုးကိုနှင့်နွယ်ဇာတို့အိမ်ရှိရာ ရွာ၏တောင်ဘက်ပိုင်း ရော်ဘာခြံထဲသို့ ကျွန်တော်ထွက်လာလိုက်သည်။ စာသင်ကျောင်းက ရွာ၏မြောက်ဘက်အစွန်ဆုံးတွင်ရှိသည်။ ထို့ကြောင့်အဆောင်မှနေ၍ စိုးကိုတို့အိမ်သို့ မိနစ်သုံးဆယ်ခန့် လမ်းလျှောက်သွားရ၏။

ကလေးများပြောသည့်အတိုင်းပင် စိုးကိုတို့အိမ်က သော့ခတ်ထား၏။ ရော်ဘာခြံတစ်ခုလုံးကလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ထို့ကြောင့်စိတ်ပျက်လက်ပျက်နှင့်ပင် ပြန်လှည့်ခဲ့ရသည်။ ဆယ်မိနစ်ခန့်ပြန်လျှောက်လာပြီးနောက်တွင် ဆရာမ ဒေါ်ငြိမ်းအေးသူ၏ အိမ်အနီးသို့ရောက်လာခဲ့သည်။ ဆရာမသည် ကလေးမွေးပြီးမီးဖွားခွင့်ယူထား



သဖြင့် သာကြောင်းမာကြောင်းမေးရင်းနှင့် အမြွှာမောင်နှမတို့ အကြောင်းပါ စုံစမ်းရအောင်ဟုတွေးကာ ဆရာမအိမ်သို့ဝင်လိုက်၏။

ဆရာမသည် အမည်နှင့်လိုက်အောင် အေးဆေးတည်ကြည်သူဖြစ်၏။ မလိုအပ်ဘဲနှင့်စကားမပြောတတ်။ ကလေးများအကြောင်းမေးသည်ကိုပင် ချက်ချင်းမဖြေ။ အခြားသူအကြောင်းပြောရမည်ကို ဝန်လေးနေဟန်ရှိ၏။ အကြိမ်ကြိမ်မေးသော်မှ "ရဲလိုက်ဖမ်းလို့ ပြေးသွားရတယ် ဆရာရေ"ဟုပြန်ဖြေ၏။ ဇာတ်ပျိုးမရှိဘဲနှင့် ဆိုလိုက်သော ဆရာမ၏စကားကြောင့် ကျွန်တော်တုန်လှုပ်သွားမိသည်။ အကြောင်းစုံကိုလည်း မှန်မှန်ကန်ကန်သိချင်လာ၏။ ထို့ကြောင့်ဆရာမကို ဆက်မေးလိုက်သည်။

"ဇာတ်ပွဲကနေ ရဲတွေ သတင်းရသွားပုံပဲ၊ ဇာတ်ပွဲပြီးတဲ့ မနက်ပိုင်းမှာပဲ ရဲတွေက သူတို့အိမ်ကို လာဝိုင်းတာ၊ ကံကောင်းသွားတယ်ဆိုရမှာပဲ၊ ရဲတွေမလာခင် မိနစ်အနည်းငယ်လောက်က သစ်သီးထုပ်တစ်ထုပ်ဆွဲပြီး သူတို့အပြင်ထွက်သွားကြတယ်လို့ မြင်တဲ့သူကပြောတယ်၊ ရဲတွေ တော်တော်ကြာအောင်စောင့်နေပေမယ့် သူတို့ပြန်မလာကြဘူး၊ လမ်းကနေ သတင်းရပြီး သူတို့ရှောင်သွားပုံပဲ၊ မနက်ကတော့ ဒီနားတစ်ဝိုက်က ရော်ဘာခြံတွေထဲမှာ ရဲတွေက ပိုက်စိပ်တိုက်ရှာနေတယ် ဆရာ"

"ဒါဆို ကလေးတွေကရော"

"အဖေအမေတွေနဲ့အတူ ပုန်းနေတဲ့နေရာမှာ ရှိမှာပေါ့ရှင်"

"စိတ်မကောင်းလိုက်တာဗျာ---"

"စိတ်မကောင်းဖြစ်လို့ကတော့ ကိုယ်ပဲပင်ပန်းရုံရှိမယ်၊ ဒီအလုပ်လုပ်ရင် ဒီလိုပဲ ဖြစ်မှာဆိုတာ သူတို့အသိ၊ ကျွန်မလည်း သတိပေးသေးတယ်၊ ဒါပေမဲ့ အခက်သား ဆရာရေ၊ သူတို့စိတ်ထဲ ငွေပဲရှိ၊ မျက်လုံးထဲ ငွေပဲမြင်နေတာကိုး၊ ကလေးတွေအတွက် ထည့်မစဉ်းစားဘူး၊ တဒင်္ဂအတွက်ပဲ လုပ်ကြတာလေ"

ဆရာမ၏စကားများကိုနားထောင်ရင်း လေပူများကို ကျွန်တော်မှုတ်ထုတ်လိုက်မိသည်။ စိုးကိုတို့မိသားတစ်စု ဘေးကင်းရန်ကင်း အဆင်ပြေကြပါစေလို့လည်း စိတ်ထဲမှ ဆုတောင်းနေမိသည်။ သွေးမတော်သားမစပ်သော်ငြားလည်း တပည့်လေးများ၏ မိသားစုဟူသော အသိစိတ်တစ်ခုတည်းနှင့်ပင် ကိုယ့်မိသားစုဝင်တစ်ယောက်ယောက် ဒုက္ခရောက်နေသည့်အလား ရင်ထဲ ပူလောင်မိ၏။

"မိလာပြီတဲ့---မြင့်အောင်နဲ့ မိခင်စိန်တို့ကို ဖမ်းလာနေပြီ၊ မြင့်အောင်အဖေ ရော်ဘာခြစ်နေတဲ့ ဦးကွန်းခြံထဲက တွေ့သတဲ့"

ဆရာမ၏ညီမက အိမ်အပြင်မှလှမ်းအော်ပြောလိုက်သဖြင့် အိမ်ရှေ့သို့ကျွန်တော်ပြေးထွက်ကြည့်မိသည်။ လောကကြီး၏ မာယာများပုံမှာကား ရွံရှာဖွယ်ကောင်းလှ၏။ လွန်ခဲ့သည့်ရက်အနည်းငယ်က ပျော်ရွှင်ကြည်နူးစရာများနှင့် အတိပြီးနေသည့်မိသားစုတစ်ခုသည် ယခု၌မူ ဆို့နစ်ဖွယ်ဖြစ်နေ၏။ လက်ထိတ်ခတ်လျက်နှင့် ရဲများဝန်းရံကာ ရွာလမ်းအတိုင်းလျှောက်လာနေသည့် မိဘနှစ်ပါး၏ နောက်သို့ မောင်နှမနှစ်ယောက်ငို၍ ပြေးလိုက်လာနေသည်။ အခြားသူများက တုပ်နှောင်တားဆီးသော်လည်း ခြေနှင့်ကန်၍လည်းကောင်း၊ လက်သည်းနှင့်ကုပ်၍လည်းကောင်း၊ သွားဖြင့်ကိုက်၍လည်းကောင်း တုံ့ပြန်ကြ၏။ မျက်ရည်များ၊ ဖုန်မှုန့်များ၊ နှာရည်များဖြင့် ကလေးများ၏ မျက်နှာသည် လူရုပ်ပင်မပေါ်နိုင်တော့ပါ။ တဖြည်းဖြည်းနှင့်ကျွန်တော့် အနီးသို့ သူတို့ ရောက်လာကြပါသည်။ မိဘနှစ်ပါး၏ မျက်နှာတွင်လည်း မျက်ရည်များက စီးကျနေ၏။ လောဘနှင့်မျှားယူမိခဲ့သော ကြည်နူးခြင်းအတွက်သူတို့နောင်တရနေပုံရှိသည်။ မိဘများဆီသို့ကလေးများက ငိုလျက်အပြေးလာလိုက်၊ လူကြီးများက ချုပ်ထားလိုက်၊ ကလေးများက ပြန်ခုခံရင်း အဖေနှင့်အမေကို ခေါ်မသွားဖို့အော်ပြောကြသည်။ မြင်ကွင်းကိုကြည့်ရင်း ကျွန်တော့်ရင်ထဲ လှိုက်တက်နေ၏။

"ဆရာ သွားခေါ်လိုက်ပါ၊ ဆရာခေါ်ရင် ရချင်ရမှာ၊ တော်ကြာနေ ကလေးတွေ ငိုလွန်းပြီး တစ်ခုခုထဖြစ်နေမှ အခက်"

ဆရာမဒေါ်ငြိမ်းအေးသူ၏ စကားအဆုံး၌ လူအများကြားထဲသို့ ကျွန်တော်တိုးဝင်လိုက်သည်။

သူတို့၏ အမည်ကိုကျွန်တော်လှမ်းခေါ်လိုက်သော်လည်း ကလေးများက မရပ်မနားဆက်၍ငိုနေဆဲ အော်နေဆဲပင်။ ထို့ကြောင့်ကလေးများရှိရာသို့ရောက်အောင် ကျွန်တော် ဆက်သွားလိုက်၏။

"စိုးကို---နွယ်ဇာ---မငိုနဲ့တော့လေကွာ၊ ခဏနေ အဖေနဲ့အမေက ပြန်လာမှာ၊ ဒီလိုဆက်ငိုနေရင် အဖေနဲ့အမေက ပြန်လာမှာမဟုတ်တော့ဘူး၊ ဒီမှာ ဆရာလည်း ရှိနေတာပဲ၊ လာ---လာ---"

သူတို့လက်မောင်းကိုဆုပ်၍ ကျွန်တော်ဆိုသည့်အခါ ကျွန်တော့်မျက်နှာကို သူတို့ပြန်ကြည့်၏။ ထို့နောက် တဖြည်းဖြည်းဝေးသွားသော မိဘနှစ်ပါး၏ နောက်ကျောကို စိုက်ကြည့်နေ၏။ ထို့ကြောင့် နှုတ်မှ ထုတ်မပြောသော်ငြားလည်း သူတို့ကျွန်တော့်ဆီ၌ အကူအညီတောင်းနေကြောင်းကို မျက်ဝန်းများမှတစ်ဆင့် ကျွန်တော်တွေ့လိုက်ရသည်။ သို့သော် ကျွန်တော်မကူညီနိုင်ခဲ့ပါ။

ရွာလူကြီးက ကလေးများကို ဆရာပဲ ခဏကြည့်ထိန်းထားပေးပါဟုဆိုသဖြင့် မောင်နှမနှစ်ယောက်စလုံးကို ချော့၍ အဆောင်သို့ကျွန်တော်ခေါ်လာခဲ့၏။ အဆောင်သို့ရောက်သည့်တိုင် နှစ်ယောက်စလုံးက ငိုဆဲ ရှိုက်ဆဲ မိဘနှစ်ပါးကို တဆဲဖြစ်၏။ လောဘနောက်ကိုလိုက်ပြီး ချမ်းသာအောင်ဖြတ်လမ်းနည်းဖြင့် မူးယစ်ဆေးဝါးရောင်းခဲ့သော မိဘနှစ်ပါး၏ ရင်တွင်း၌ ယခုအချိန်တွင် သားသမီးများအတွက် အဘယ်မျှပူလောင်နေမည်ကို ကျွန်တော် ခန့်မှန်းမိ၏။ ခဏတာပိုင်ဆိုင်ခဲ့ရသောကြည်နူးမှုများအတွက် ပေးဆပ်ရသည့်နာကျင်မှုများမှာ မတန်ပါလားဟု တွေးရင်း မျက်ရည်စို့မိပြန်သည်။

"မငိုနဲ့တော့လေ၊ ဆရာရှိနေတာပဲ၊ ဒီမှာ--- တစ်ယောက်တစ်လုံးစား"

စာဖတ်စားပွဲပေါ်၌အသင့်ရှိနေသော ပန်းကန်ထဲမှ ပန်းသီးသုံးလုံးကိုယူ၍ ကျွန်တော်ကတစ်လုံး သူတို့အတွက် တစ်ယောက်တစ်လုံးပေးလိုက်၏။ ကျွန်တော်က အားပါးတရ ကိုက်စားနေသော်လည်း သူတို့ကမူ ပန်းသီးကိုသာ စိုက်ကြည့်နေကြ၏။ ခဏအကြာ၌မူ တိုင်ပင်ထားသည့်နှယ်ပင် အဖေနှင့်အမေကိုတပြီး မောင်နှမနှစ်ယောက် ဖက်၍ငိုလေ၏။ သို့မှသာ ကျွန်တော်သတိထားမိလိုက်သည်။ ထိုပန်းသီးများမှာ တစ်နေ့က သူတို့လာပေးထားသည်များ ဖြစ်နေ၏။ ပန်းသီးကို ကျွန်တော်ဆက်၍ မကိုက်စားရက်တော့ပါ။ ။

ဆောင်းပါး

## ဆောင်းသံစဉ်ချို

# အသံ

လူမှုအသိုက်အဝန်းတွင် စကားကို အသံထွက်ပြောနိုင်သူမှန်သမျှသည် အသံတစ်မျိုးစီ ပိုင်ဆိုင်ထားကြပေသည်။ ချိုသာသောအသံ၊ စူးရှရှအသံ၊ အက်ကွဲသောအသံ၊ တည်ကြည်သောအသံ၊ အေးချမ်းသောအသံ စသည်ဖြင့် လူတစ်ကိုယ် အသံတစ်မျိုးစီ ကွာခြားကြသည်။ ထိုသို့သော အသံများစွာထဲမှ သူ့အသံနဲ့ သူ့ဟာန် လိုက်ဖက်ညီတယ်နော်ဟု ပြောတတ်ကြသလို အသံနဲ့ လူနဲ့ တခြားစီပဲဟုလည်း အသံနှင့်ကိုယ်နေဟန် နှိုင်းယှဉ်ပြီး မှတ်ချက်ပေးတတ်ကြသည်။

ရေဒီယိုမှ ဇာတ်လမ်းပမာနားဆင်စရာတွင် အသံနှင့် သရုပ်ဖော်နေသူကို လူကို မမြင်ရပါဘဲ(သို့မဟုတ်) လူကိုမမြင်ဖူးကြပါဘဲ သူကတော့ ဘယ်မင်းသမီးပဲ၊ အဲဒါ ဘယ်မင်းသားပဲဟု ကွက်တိပြောနိုင်ကြ၏။ "ဒီကိစ္စနဲ့ပတ်သက်ပြီး တော့ကား"ဟု အစချီပြောဟန်ကိုကြားလိုက်ရလျှင် ကောလိပ်ဂျင်နေဝင်း၏ အသံဖြစ်ကြောင်း သိနိုင်သလို "ကလေးတွေကို ပျော်ခွင့်ပေးလိုက်ပါ ကိုငြိမ်းမောင်ရယ်"ဟူသော ကရုဏာအသံကိုလည်း ခင်သန်းနု၏ ဟန်အမူအရာနှင့်တွဲပြီး ချက်ချင်းသိနိုင်လေသည်။

သီချင်းတစ်ပုဒ်ကို နားထောင်မိပါက ဘာဆိုလို့ဆိုသွားမှန်းမသိလိုက်ဘူးဟု ညည်းမိတတ်ကြသလို အသံလေးက ရှင်းလင်းပြီး နားထောင်ရတာ စိမ့်နေတာပဲဟုလည်း အသံပီသမှုကို အဆိုတော်အမည်နာမနှင့် တွဲမှတ်မိကြသည်လည်း ရှိပေသည်။

ထို့အတူ မိသားစုထဲတွင်လည်း မိဘတို့၏ အသံ၊ သားသမီးများ၏ အသံ၊ မောင်နှမ၊ တူ၊ တူမ၊ ဆွေမျိုးသားချင်းတို့၏ အသံတစ်မျိုးချင်းစီကို စွဲမြဲယဉ်ပါးခဲ့ကြပြီးဖြစ်သည်။ အလုပ်ကိစ္စနှင့်ဖြစ်စေ၊ အလည်အပတ်နှင့်ဖြစ်စေ ရပ်ဝေးတစ်နေရာသို့ ခရီးထွက်နေရသည့် အချိန်မျိုးတွင် အိမ်ကိုလွမ်းစိတ်နှင့် ဖုန်းဒါမှမဟုတ် အင်တာနက်မှတစ်ဆင့် အဆက်အသွယ်ရမိတိုင်း မိသားစုဝင်တစ်ဦးဦး၏အသံကိုကြားလိုက်ရလျှင် ဒါဘယ်သူ့အသံပဲဟု တပ်အပ်သိပြီးသည့်အတိုင်း ဘယ်သူလဲဟု အထူးတလည်မေးနေစရာမလိုဘဲ အပြန်အလှန်စကားပြောခြင်းဖြင့် ဝမ်းသာအားရရှိကြရလေ၏။

ဒါ့အပြင် နိစ္စဓူဝဆောင်ရွက်နေရသမျှများတွင် အသံဖြင့် ပြောဆိုဆက်သွယ်ရာတွင် တစ်ဦးအသံကို တခြားတစ်ဦးက ကောင်းစွာကြားနိုင်သော အလေ့အထရှိရန် လိုအပ်ပေသည်။ ပြောသူကပြောလိုက်သော်လည်း နားထောင်သူက တလွဲကြားသွားပါက နားလည်မှုလွဲသွားနိုင်ရုံသာမက မိတ်ဆွေကနေ ရန်သူဖြစ်သွားနိုင်ပေသည်။ ရင်းနှီးခင်မင်နေရင်းကနေ ထိုကဲ့သို့ ပိုးတဝါးမကွဲပြားသောအသံကြောင့် တစ်ဦးနှင့်တစ်ဦး ဝေးကွာသွားစေနိုင်သေးသည်။ သို့အတွက် အဝေးကပဲပြောပြော၊ အနီးကပ်ပဲပြောပြော ပြောသူနှင့် နားထောင်သူသည် တစ်ဦးနှင့်တစ်ဦး လေးစားသမှုရှိနေရန်မှာ လူလူချင်း ဆက်သွယ်ရာတွင် လိုအပ်ချက်တစ်ခုဟု ထင်မြင်မိလေသည်။

တစ်ခါတလေ တစ်စုံတစ်ဦးကို သတိရနေတဲ့အခိုက် ထိုသူ၏အသံကို ကြားလိုက်ရလျှင် ပျော်ရွှင်ကြည်နူးရသကဲ့သို့ သတိရနေပါလျက် မိမိအသံကြားမိလျှင် ထိုသူအတွက် တစ်စုံတစ်ရာအနှောင့်အယှက် ဖြစ်သွားမလားဟူသော စိုးရိမ်စိတ်ကြောင့် အဆက်အသွယ် မလုပ်မိသောအချိန်တို့လည်း ရှိကောင်းရှိတတ်ကြပေမည်။ သို့သော် စိတ်ညစ်နေသော အချိန်တွင် မိမိလေးစားတန်ဖိုးထားရသူထံမှ အားပေးစကားသံသည် အင်အားဖြစ်စေရသလို ဘယ်လောက်အနေဝေးဝေး စိတ်ချင်းနီးစေပါသည်။

သတိရကြောင်း အသံနှင့် ဖော်ပြသည်။ ဝမ်းမြောက်ကြောင်း အသံနှင့် ဖော်ပြသည်။ ဝမ်းနည်းကြောင်း အသံနှင့် ဖော်ပြသည်။ သဘောမညီကြောင်း အသံနှင့် ဖော်ပြသည်။ မည်သို့ပင် မိမိတို့၏ခံစားချက်ကို အသံနှင့်ဖော်ပြသည် ဖြစ်စေ အသံပိုင်ရှင်သည် သူ့အသံနှင့်ပတ်သက်လျှင် သူ၏လူနေမှုဘဝတွင် တစ်စိတ်တစ်ဒေသအားဖြင့် သက်ရောက်မှုရှိနေမည်ဟု မြင်မိပါသည်။ ထို့ကြောင့် လူတစ်ဦးချင်းစီ၏ အသံလေးနက်မှုရှိခြင်းသည် လူ့ယဉ်ကျေးမှုနယ်ပယ်တွင် ပေါင်းကူးတံတားသဖွယ် ဖြစ်စေသည်ဟုဆိုလျှင် မှားနိုင်မည်မထင်ပါ။

သို့သော် လောကတွင် အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်ဟု ဆိုကြသကဲ့သို့ အသံသေးအသံကြောင်၊ အသံအက်ကွဲ၊ အသံညောင်နာနာ၊ အသံပြဲကြီး စသည့် နားဝင်ရခက်သော၊ နားလည်ရခက်သော အသံများလည်း ရှိနိုင်ပေသေးသည်။ ဒေါသသံ၊ ညည်းညူသံ၊ ငိုသံ၊ ဆူညံပေါက်ကွဲကာ အော်ဟစ်လိုက်သံ စသည်ဖြင့် နားဝင်ဆိုးသော အသံများကို မကြာခဏဆိုသလို ပြောထွက်မိတတ်၊ ကြားနာမိတတ်ကြပေသည်။ ပျက်အစဉ် ပြင်ခဏဆိုသကဲ့သို့ စိတ်ခံစားချက် အဆိုးအညစ်များမှတစ်ဆင့် ပွင့်ထွက်တတ်သော အသံတို့ကိုမူ နည်းနိုင်သမျှ နည်းပါးလာအောင် စောင့်ထိန်းသင့်ပေသည်။

သို့မှသာ လူတိုင်းကိုယ်စီသည် အသံ၏ကောင်းခြင်းဖြင့် လောကကို ပို၍ပို၍ အလှဆင်နိုင်မည်ဟု စာရေးသူ တွေးမြင်မိပါတော့သည်။ ။

ဆောင်းပါး

## ခိုင်ခိုင်(ကောလင်း)

# သိမ်မွေ့စွာ ချဉ်းကပ်လာတဲ့ သေမင်းတမန်

လူတစ်ယောက်၊ မိသားစုတစ်စု၊ ရပ်ကွက်၊ မြို့နယ်တစ်ခု၊ နိုင်ငံတစ်နိုင်ငံထိ ဆိုးကျိုးသက်ရောက်စေသော စိတ်ကြွဆေးပြားများ လူထုအကြား၊ နိုင်ငံအနာဂတ်ရဲ့ မျိုးဆက်သစ်လူငယ်များအကြား ဝင်ရောက်ပျံ့နှံ့နေတာ အချိန်ဘယ်လောက်ကြာပြီဆိုတာ ခန့်မှန်းလို့တောင် ရနိုင်မယ်မထင်ပါ။

လူငယ်ဆိုတာ နောင်အနာဂတ်ရဲ့လူ့စွမ်းအားအရင်းအမြစ်ဆိုတဲ့စကားဟာ "ဆီသည်မလက်သုတ်လို"ဖန်တရာတေနေပေမယ့် အလွန်မှန်ကန်တဲ့ စကားလေးပါ။ ဒီလိုလူငယ်ထုကြား တဖြည်းဖြည်းစိမ့်ဝင်ပျံ့နှံ့ပြီး တိုးပွားစေသင့်တဲ့အရာက အတတ်ပညာ၊ အသိပညာ၊ ကြီးမြတ်တဲ့ကိုယ်ကျင့်သိက္ခာတရား၊ မြင့်မြတ်တဲ့အတွေးအခေါ်စတာတွေ အပါအဝင် တစ်ဦးတစ်ယောက်အတွက်၊ မိသားစုအတွက်၊ နိုင်ငံအတွက် အကျိုးစီးပွားတိုးပွားစေတဲ့ အရာတွေပါ။ ဒါပေမဲ့ ခုတလောကြားသိ တွေ့မြင်နေရတာတွေက စိတ်မကောင်းစရာ အဖြစ်အပျက်တွေပါ။ လူငယ်ထုအကြား စိမ့်ဝင်မွှေနှောက်နေတဲ့အရာဟာ အလွန်ညင်သာလွန်းတာကြောင့် ပညာတတ်လူငယ်လို့၊ လူထုအသိုင်းအဝိုင်းလို့ သတ်မှတ်ထားတဲ့ လူငယ်တွေပါ ပါဝင်နေတာကို တွေ့ရပါတယ်။ မိဘမျိုးရိုးကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့ပါတယ်ဆိုတဲ့ လူငယ်တွေကြားကို သရဲတစ်ကောင်လိုကပ်ငြိနေပြီး တခြားသူတစ်ယောက်လို ပြောင်းလဲနေတာ မယုံနိုင်စရာပါ။

"စိတ်ကြွရူးသွပ်ဆေးဝါး"တဲ့ နာမည်ကြားရုံနဲ့ ကျောချမ်းစရာကောင်းလှပေမယ့် လူငယ်ထုအကြား စတင်ပျံ့နှံ့တာက အလုပ်ပင်ပန်းနွမ်းနယ်မှုကို သက်သာစေတယ်၊ စိတ်ရွှင်လန်းအားရှိစေတယ်ဆိုတဲ့ ထောင်ချောက်လှလှလေးတွေနဲ့ သိမ်မွေ့ညင်သာစွာ ချဉ်းကပ်လာတာပါ။ တချို့လူငယ်တွေက စတင်သုံးစွဲကတည်းက မူးယစ်ဆေးမှန်းသိပြီး မိုက်ရူးရဲဆန်ဆန် စတင်သုံးစွဲကြတယ်။ အစကတည်းက နောင်အနာဂတ်စီမံကိန်းမထား၊ အမိအဖကိုအလေးမထားဘဲ သုံးစွဲရင်း ဖြတ်မရတဲ့ ဆေးစွဲသမားဖြစ်လာကြတယ်။ တချို့တွေကျတော့ အပေါင်းအသင်းရဲ့စကားကို နားယောင်ပြီး ကောင်းကျိုး ဆိုးကျိုးအပြစ်တွေကို မဆင်ခြင်ဘဲ လက်တည့်စမ်းရာက မူးယစ်ဆေးရဲ့သားကောင်ဖြစ်လာကြတယ်။ တချို့တွေက ဒီဆေးတွေသုံးရင် အလုပ်ပင်ပန်းနွမ်းနယ်တာတွေပျောက်တယ်၊ အလုပ်ခွင်မှာ တက်တက်ကြွကြွ လုပ်ကိုင်နိုင်လာနိုင်တယ်ဆိုတဲ့စိတ်နဲ့ နောင်ဖြစ်လာမယ့် ဆိုးကျိုးကိုမစဉ်းစားတော့ဘဲ လက်ရှိသက်သာတယ်ထင်ပြီး သုံးစွဲရာက ဖြတ်မရဖြစ်သွားကြပါတယ်။ အခုတော့ ဝိသမလောဘသမားတွေ၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စီးပွားရှာသူတချို့ရဲ့ ပစ်မှတ်က ဆယ်ကျော်သက် ကျောင်းသားလူငယ်များအထိ ပါဝင်သုံးစွဲလာအောင် လုပ်ဆောင်လာတယ်လို့ ခန့်မှန်းမိနေရပါတယ်။ လူငယ်ဆိုတာ အရာရာကို စူးစမ်းချင်စိတ်၊ လေ့လာချင်စိတ်၊ စွန့်စားဆောင်ရွက်ချင်စိတ်တွေ ပြင်းထန်ကြပါတယ်။ ဒီအချက်က မူးယစ်ဆေးဖြန့်ဖြူးရောင်းချနေသူတွေအတွက် အခွင့်အရေးတစ်ခုလို ဖြစ်နေပါတယ်။ ဆိုးတဲ့အချက်က ဒီနေ့ခေတ်မှာ စီးပွားရေးကို ကိုယ်တိုင်လုပ်နေပြီး အောင်မြင်နေတဲ့ လူငယ်လုပ်ငန်းရှင်တချို့ ပါဝင်နေတယ်ဆိုတဲ့ သတင်းစကားတွေပါ ကြားနေရပါတယ်။

လူငယ်တွေအတွက် မူးယစ်ဆေးဝါးဟာ လုံးဝ အန္တရာယ်ပဲ။ လက်ရှိဘဝအတွက်လည်း အန္တရာယ်ဖြစ်သလို သံသရာမှာလည်း ငရဲကျသွားနိုင်တယ်။ အဲဒီလောက်ကြီးတဲ့ အန္တရာယ်ကို လူငယ်တွေ ထိကိုမထိသင့်ဘူး။ လူငယ်တွေကို မူးယစ်ဆေးဝါးမသုံးစွဲဖို့၊ အရက်မသောက်ဖို့ကို လူကြီးတွေက ဆုံးမတတ်ပါတယ်။ ဆိုးကျိုးပေးတတ်တဲ့အရာမို့ လက်တည့်မစမ်းဖို့ သတိပေးတားမြစ်တတ်ကြပါတယ်။ ခင်ဗျားတို့ကျတော့ စမ်းသပ်ပြီး ကျွန်တော့်တို့ကို ဆုံးမနေတယ်၊ ကျွန်တော်တို့လည်း စမ်းကြည့်မယ်၊ မကောင်းရင် ဖြတ်မှာပေါ့လို့ မခန့်စကားပြောပြီး စမ်းသပ်သုံးစွဲကြတဲ့ လူငယ်တွေလည်း မနည်းလှပါဘူး။ တကယ်တမ်းကျတော့ ဖြတ်နိုင်တဲ့အဆင့်တောင်မရောက်ကြပါဘူး။ဘဝတွေ၊ အသက်တွေ ပေးဆပ်သွားရသူတွေ အများသားပါ။

ကျွန်မနဲ့သိတဲ့ အသက်(၂၀)ကျော် ကောင်လေးတစ်ယောက်ဆိုရင် တစ်နယ်တစ်ကျေးမှာ အလုပ်သွားလုပ်ရင်း ဒီမူးယစ်ဆေးကို စမ်းသပ်သုံးစွဲပါတယ်။ စမ်းကြည့်မယ် နောက်ဖြတ်မှာပေါ့ဆိုတဲ့ အပြောမျိုးနဲ့ သေမင်းတမန် မူးယစ်ဆေးကို လက်တည့်စမ်းလိုက်ပါတယ်။ ဖြတ်မယ့်အဆင့်တောင် မရောက်လိုက်ပါဘူး။ အသက်ပါ ပေးလိုက်ရပါတယ်။

နေရာအနှံ့မှာ အစိုးရရဲ့စီမံချက်တွေနဲ့ ဒီမူးယစ်ဆေးတွေကို လက်လှမ်းမီသလောက် တိုက်ဖျက်နေပေမယ့် လုံးဝပပျောက်ခြင်းမရှိတာဟာ ဝိသမလောဘသားတွေရဲ့ လက်ချက်လည်း ပါနေပါတယ်။ ကိုယ့်အကျိုးစီးပွား တစ်ခုတည်းကိုကြည့်ပြီး ဘယ်သူသေသေစိတ်ဓာတ်ဟာ တိုင်းပြည်တစ်ခုလုံးကိုနစ်နာစေတာပါ။ ပြည်ဖျက်ရန်သူလို့တောင် သတ်မှတ်နိုင်ပါတယ်။ လူဆိုတာ ကိုယ်မရချင်တာ ကိုယ်မဖြစ်ချင်တဲ့အရာကို သူတစ်ပါးကို မပေးသင့်ပါဘူး။ ကိုယ်စိတ်ဆင်းရဲမခံချင်သလို သူတစ်ပါးမိသားစု စိတ်ဆင်းရဲတာကို မျက်ကွယ်မပြုသင့်ပါဘူး။ ကိုယ်ရဲ့ တစ်ဘဝစာ တစ်ဝမ်းဝဖို့ သူတစ်ပါးမိသားစုမျက်ရည်တွေကို ဥပေက္ခာမပြုသင့်ပါဘူး။ လူတစ်ယောက်ဟာ ဘယ်လောက် အသက်ရှင်ရမယ်ဆိုတာထက် ဘယ်လိုအသက်ရှင်ရပ်တည်မယ်ဆိုတာကို အလေးအနက်ထားပြီး တွေးတောဖို့ လိုပါတယ်။

ဘယ်လောက်အသက်ရှင်မယ်ဆိုတာကို မိမိကိုယ်တိုင်ရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ အဲဒါက ကံတရားရဲ့အဆုံးဖြတ်ဖြစ်ပါတယ်။ ဘယ်လိုအသက်ရှင်မယ်ဆိုတာကိုတော့ မိမိရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့ ရွေးချယ်ခွင့်ရှိပါတယ်။

လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိတယ်ဆိုတာ ထင်ရာစိုင်းခွင့်ပေးတာတော့ မဟုတ်ပါဘူး။ အဓိပ္ပာယ်ရှိတဲ့ရှင်သန်ခြင်းနဲ့ အဓိပ္ပာယ်မဲ့ရှင်သန်ခြင်းကို ခွဲခြားပြီး အကျိုးရှိအောင် နေထိုင်ရမယ်လို့ဆိုတာပါ။ လူ့ဘဝရောက်လာတုန်း ခဏတာမှာ အများအကျိုးမထမ်းရွက်နိုင်ရင်တောင် ကောင်းမွန်တဲ့ အသက်မွေးမှုနဲ့ သူတစ်ပါးမထိခိုက်တဲ့အရာကို လုပ်ဆောင်သင့်ပါတယ်။ ။

ဆောင်းပါး

## ခေတ်သစ်စာဆို(မြသာမြေ)

# ၁၀ ရာခိုင်နှုန်းထက် ပိုပါစေ

ကျွန်တော် ခရီးသွားခါနီးတွင် ဆိုင်ကယ်ပြင်ဆိုင်တစ်ဆိုင်သို့ အင်ဂျင်ဝိုင်လဲဖို့ ဝင်လာခဲ့မိသည်။

ဆိုင်ထဲတွင် လူကြီးနှစ်ယောက် စကားပြောနေသဖြင့် ကျွန်တော်လည်း ဆိုင်ကယ်စောင့်ရင်း စိတ်ဝင်စားစွာ နားထောင်လိုက်မိသည်။

"ငါတို့ခေတ်တုန်းက အရက်သမားမြင်တာနဲ့ကို အထူးအဆန်းဖြစ်ပြီး ကြောက်နေရတယ်၊ တွေ့ရင်လည်း ဝေးဝေးက ရှောင်တယ်နော်"

"ဟုတ်ပါ့ဗျာ၊ အရက်သမားကလည်း ရှားတာကို မူးပြီးရမ်းနေတာကို ရှက်စရာလို့ မြင်တတ်တာ အခုနဲ့ကတော့ အတော်ကွာသွားပြီဗျာ"

"မှန်ပါ့. . ." ခုခေတ်လူငယ်တွေက ဂုဏ်ယူစရာမရှိ ရှာကြံပြီးဂုဏ်ယူတယ် ကောင်းတဲ့အလုပ်ကို ရှက်စရာလို့မြင်ပြီး ရှက်စရာအလုပ်ကို ကောင်းတယ်လို့ ဂုဏ်ယူနေကြတယ်။

အခုပဲကြည့်လေ. . . အရက်သောက်တာ၊ ဆေးလိပ်သောက်တာ . . . အဲလိုအပြုအမူတွေ Facebook မှာ ပလူတွေပျံလို့. . .။ အဓိကနဲ့ သာမညကို မခွဲခြားတတ်တာတော့ ရင်လေးစရာပဲဗျာ. . .

"ဆေးလိပ်သောက်မှ ခေတ်မီတယ်ထင်တဲ့ လူငယ်တွေလည်း ရှိသေးတယ်ဗျာ၊ အသိနုသေးတဲ့အရွယ်မှာ ရောဂါတွေကို ပိုက်ဆံပေးပြီးဝယ်လို့ ဝယ်နေမှန်းမသိတာ သနားစရာပဲ"

သူတို့စကားကို ဘေးက နားထောင်နေမိသောကျွန်တော် လူငယ်တစ်ယောက်အနေနဲ့ စိတ်မကောင်းမှုတွေက ရင်ထဲမှာ ဝေဆာလာခဲ့ပါသည်။ လူငယ်တစ်ယောက်ရဲ့ရှေ့မှာ လူငယ်တွေရဲ့အပြစ်တွေ တစ်ခုပြီးတစ်ခု ကြားနေရသည်မို့ လူငယ်ဖြစ်သောကျွန်တော် အနေခက်လာမိပြီ။ ထိုသို့အနေရခက်သော်လည်း ကျွန်တော့်မှာ ထိုလူကြီးနှစ်ယောက်ကို ပြောစရာစကားမရှိ။ သူတို့ပြောတာတွေက အမှန်ချည်းပင် မဟုတ်ပါလား။

"သူတို့ပြောတဲ့ထဲမှာ ကိုယ်မှ မပါတာ" ဟုသာတွေးပြီး သူတို့စကားကို ဆက်၍ နားထောင်နေမိပါသည်။

"ငါတို့က တောင်ပေါ်အရက်တစ်လုံးဆိုရင် တစ်လလောက် သောက်ရတာ ဆေးအဖြစ်နဲ့ပဲ သောက်တာကို အခုဆို ဘီယာဆိုင်တွေမှာ လူကြီးတွေထက်လူငယ်တွေ ပိုများနေတယ်ဗျာ"

"ဟုတ်တယ်နော်၊ တော်တော်များများက လူငယ်တွေပဲတွေ့နေရတယ်၊ လူငယ်တွေ ဘယ်လောက်တောင် အရက်သောက်နေကြပြီလဲ"

"၁၀၀ ရာခိုင်နှုန်း ရှိနေလောက်ပြီ"

သူ့စကားဆုံးတော့ ကျွန်တော့်ရင်ထဲ ကျင်စက်တို့ခံလိုက်ရသလို အောင့်သက်သက်လေး ခံစားလိုက်ရသည်။ ဘာမှမဖြစ်သလို ဟန်ဆောင်ရင်း လူကြီးနှစ်ယောက်ကို ကျွန်တော် ပြုံးပြလိုက်သည်။ သူတို့ကလည်း ပြန်ပြုံးပြသည်။

"ညီလေး ဆိုင်ကယ်က ရပြီ"

"ဟုတ်ကဲ့ အစ်ကိုကြီး ဘယ်လောက်ကျလဲ"

"၅၀၀ ပဲ ပေးပါ"

ကျွန်တော် အိတ်ကပ်လေးထဲက ၅၀၀ တန်လေးတစ်ရွက်ကို ထုတ်ပေးရင်း ဆိုင်ကယ်စက်နှိုးလိုက်သည်။

ထို့နောက် စကားကောင်းနေသော လူကြီးနှစ်ယောက်ဘက်သို့လှည့်ပြီး ကျွန်တော် နှုတ်ဆက်လိုက်သည်။

"သား သွားတော့မယ် အဘ"

"အင်းပါ ဖြည်းဖြည်းမောင်းဦး"

"ဟုတ်ကဲ့ အရက်သောက်တဲ့လူငယ်တွေ ၁၀၀ ရာခိုင်နှုန်း မပြည့်သေးပါဘူး အဘတို့ရာ"

ဆိုင်ကယ်ကို မောင်းထွက်လုထွက်ခင်မှာ ကျွန်တော်မနေနိုင်တော့ဘဲ မျိုသိပ်ထားသော စကားကို ပြောမိလိုက်ခြင်းဖြစ်သည်။

"၉၀ ရာခိုင်နှုန်းတော့ သေချာတယ်ကွ"

ကျွန်တော့်စကားကို ပြုံးတုံ့တုံ့ဖြင့် နားထောင်ရင်း ထိုလူကြီးက ပြန်ပြောပါသည်။ သူကျွန်တော့်ကို အားနာလို့လားတော့မသိ ၁၀ ရာခိုင်နှုန်းတော့ လျှော့လိုက်သည်။

"ဟုတ်ကဲ့"ကျွန်တော် ဘာမှဆက်မပြောတော့ဘဲ "ကျန်တဲ့ ၁၀ ရာခိုင်နှုန်းထဲ ငါရှိနေတယ်၊ ရှိနေမယ်"ဟုသာ ကျေနပ်စွာ တွေးလိုက်ရင်း လိုရာခရီးသို့ မောင်းနှင်လာခဲ့ပါလေ၏။ ။

